www.burmeseclassic.com

# မငြှော်ဟူရီ

သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အဘိဓာန်ထဲမှာ
ပျောက်ဆုံးနေတဲ့ ဝေါဟာရတစ်ခုကို . . .
မထင်မှတ်ဘဲ . . . ပြန်ကောက်ရလိုက်တယ်. . .
အဲဒီစကားလုံးက . . .
'သူငယ်ချင်း. . .'တဲ့. . .။
တွေ့ရှိဖို့ ခက်ခဲသလို . . . မြေပုံအညွှန်းလည်း
အတိအကျ မပါတဲ့အရပ်မှာ
သူ. . . နေထိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို မေမေ့မျက်နှာသာ ကြည့်စရာမလိုခဲ့ဘူးဆိုရင် ကျွန်တော် ဒီနေရာကို ခုလိုတစ်ခေါက် ပြန်ရောက်စရာအကြောင်း မရှိတော့ဘူး။ ခုတော့ ချစ်တဲ့မေမေ့မျက်နှာ ညှိုးလျှလျှပေါ်ကို မျက်ရည်စက်တချို့ ပြန်လိမ့်မကျခင် ကျွန်တော် ခေါင်းအမြန်ညိတ်လိုက်မိတယ်။ မေမေ ကျွန်တော့်အတွက် ငိုရတာများနေပြီလေ။ မေမေ့မျက်ရည်တွေကို တိတ်စေချင်နေပြီ။

တကယ်တော့ဒီနေရာကို မေမေ့မျက်နှာနဲ့ လာခဲ့တယ်ဆိုပေမယ့် အဓိကကတော့ ကျွန်တော့်အတွက်ပဲ။ မေမေကျွန်တော့်ကို ခဲရာခဲဆစ်မွေးခဲ့သလောက်တော့ မခက်ခဲနိုင်ပါဘူး။ တစ်ခုပဲ ကျွန်တော့်စိတ်တွေ တင်းထားဖို့တော့လိုတယ်။

ဒီစာသင်ခန်းတွေကို ကျွန်တော် ပထမအကြိမ် ရောက်ခဲ့တုန်းက သိပ်ကြည်နူးစရာကောင်းတဲ့နေ့ရက်တွေကို ရခဲ့ဖူးပါရဲ့ ပါပေမယ့် ခက

www.burmeseclassic.com

www.burmeseclassic.com



ဆို တကယ့်ခဏလေးပဲ။ တံကြမ္မာက ကျွန်တော့်ကို ရက်စက်လိုက်ငှ ၇ ကျွန်တော် စာသင်ခန်းတွေကို တစ်နှစ်စာကျော်ခိုင်းခဲ့လိုက်ရတယ်။ ခု တော့လည်း ဒီစာသင်ခန်းတွေကပဲ ကျွန်တော့်ကို စိမ်းသက်သက်ကြီး ကြိုဆိုလို့။

တကယ်တမ်းက ကျောင်းဖွင့်တာ တစ်ပတ်ကျော်နေပြီ။

တစ်နေ့တစ်နေ့ ကျောင်းနားရောက်တဲ့ထိ မောင်းချလာ၊ ပြီးရင် ပြန်လှည့်ထွက်ပြီး ခြေဦးနဲ့ကားဦးတည့်ရာ မောင်းနေတတ်တဲ့ ကျွန်တော်၊ ဒီနေ့တော့ ကျောင်းထဲဝင်မှဖြစ်မယ်ဆိုတဲ့ အသိစိတ်နဲ့ ကျွန်တော်တို့ အတန်းရှိရာ ဝင်ခဲ့လိုက်တယ်။

'ဟာ. . .'

'အတန်းထဲမှာ တစ်ယောက်မှမရှိဘူး. . .'

ဒါနဲ့အတန်းဝမှာကပ်ထားတဲ့ Time Table ကို ကြည့်လိုက်တော့မှ

'ဟော . . . ဒါ Practical ချိန်ပဲ. . .'

Practical တွေတောင်စပြီလို့တွေးရင်း ညွှန်ပြထားရာ အခန်းဆီ ပြေးရပါတော့တယ်။ ဟိုရောက်တော့ သူများတွေက စနေပြီ။

'ဝင်ခွင့်ပြုပါ ဆရာမ. . .'

ဆရာမလှလှလေးက မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။

'ဘာလို့နောက်ကျတာလဲ. . .'

'ကား. . . . ကားမရလို့ပါ. . ...'

မုသားကို သုံးလိုက်ရတဲ့အတွက် စိတ်မကောင်းပါဘူး။ ဒီစကားက အရမ်းတာသွားတယ်။ မျက်ခုံးအတွန့်ချိုးထားတာကို ဖြေလျှော့ပစ် လိုက်ပြီး ဝင်ခွင့်ပြုတဲ့ဆရာမလေးကို စိတ်ထဲက အကြိမ်ကြိမ်ကန်တော့



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်တယ်။ (ကုသိုလ်ရတာပေါ့)

'ခုံနံပါတ်ဘယ်လောက်လဲ. . .'

'၁၃၆'

နောက်ဆုံးခုံနံပါတ်ပါ။ ဆရာမကတော့ မျက်လုံးလေးဝိုင်းပြီး တအံ့တဩရေရွတ်တယ်။

'ဒါဆို Repeater ပေါ့'

'ဟုတ်တယ်. . . . မနှစ်က ကျွန်တော်မတက်လိုက်ရဘူး'

'အော်. . . ဒါ. . . နောက်ဆုံး table ပဲ. . . ဒီဝိုင်းထဲဝင်လိုက်'

လူ ၁၅ ယောက်လောက်ရှိတဲ့ စားပွဲမှာ လွတ်နေတဲ့ခုံဆိုတာ ဘယ်မှာလာရှိမလဲ။ ကျွန်တော် ဟိုဟိုဒီဒီခုံလှမ်းရှာရင်း ရပ်နေမိတယ်။

'ဆရာမစားပွဲနားမှာ ခုံတစ်လုံးရှိတယ်'

ဆရာမကလှမ်းပြောတာကြောင့် သူ့စားပွဲနားကခုံကိုသွားဆွဲပြီး ပြန်လာတဲ့ထိ နေရာမတွေ့သေးဘူး။ အဲဒီအချိန်မှာပဲ. . .

'လာ. . . ဒီမှာထိုင်လေ. .၊ ခိုင်က. . . ဟိုဘက် နည်းနည်းတိုးပေးနော်'

. . . ဆိုတဲ့အသံကြောင့် ကျွန်တော်လှည့်ကြည့်မိတယ်. . .

ကျွန်တော့်ကို ငြိမ်းအေးကြည်လင်စွာပြုံးပြနေတဲ့ မိန်းကလေး တစ်ယောက်။ မိန်းကလေးတွေကြားထဲမှာ မထိုင်ချင်ပေမယ့် သူတို့တိုး ပေးတဲ့နေရာမှာမှ မထိုင်ရင်လည်း ထိုင်စရာနေရာမရှိဘူးလေ။ အဲဒါ နဲ့ ဝင်ထိုင်လိုက်ရတယ်။

'ကျေးဇူးပဲ. . .'

'ရပါတယ်. . .'

www.burmeseclassic.com

www.burmeseclassic.com



နေရာသာရသွားတယ်။ သူတို့တွက်ချက်နေတာတွေ ကျွန်တော် အာတစ်ခုမှ မသိဘူး။ Table ကို တာဝန်ယူထားတဲ့ဆရာမနားမှာက ကျောင်းသူတစ်စုအုံနေတယ်။

'ဘာလုပ်ရမှာလဲဟင်. . .'

ကျွန်တော့်ကို လှမ်းခေါ်နေရာပေးတဲ့ ကောင်မလေးကိုပဲ မေးရတော့တယ်။

သူမက incharge ဆီထသွားပြီး ကျွန်တော့်အတွက် Practical စာအုပ်တစ်အုပ်ယူလာပေးတယ်။

'ဒါက. . .'

'Practical Guide Book လေ'

'အင်း. . .'

'ခုဟာက . . . table 5, ကြည့်လိုက်. . . အဲဒီမှာ Formula တစ်ခု တွေ့မယ်. . .'

သူပြောတဲ့အတိုင်းလိုက်ကြည့်တော့ ဟုတ်တယ်။ Formula ကို သိတော့ သိသလိုပဲ။ ဒါပေမယ့် အသေအချာမသိဘူး။ ကျွန်တော့်ခေါင်းထဲမှာ ဘာစာမှမရှိတာ တစ်နှစ်ရှိတော့မယ်လေ။

'အင်း. . . တွေ့တယ်'

'လောလောဆယ် အဲဒီ Formula မှာ ဒီဂဏန်းတွေအစားထိုးပြီး အဖြေတွက်ထုတ်ထား။ ပြီးရင် Graph ဆွဲမယ်၊ မြန်မြန်လုပ်၊ အပေါ်က Formula derivation ကိုတော့ နောက်မှရှင်းပြမယ်. . .'

သူမက လိုရင်းကိုရောက်အောင် မြန်မြန်လေးပြောပြီး ဆက်တွက်နေတာမို့ ကျွန်တော်လည်း သူခိုင်းတဲ့အတိုင်းပဲ လုပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တုတ်တယ်လေ။ Formula တဲ့။ ဂဏန်းအစားထိုး တွက်တာလောက်တတော့ ထမင်းစားရေသောက်ပေါ့။ 'စနေမိုး'ဆိုတဲ့ကောင်က ခပ်ညံ့ညံ့ကောင်မှ မဟုတ်တာ။

'အဲဒီ Graph စာရွက်က'

'ဝယ်ရတာလေ'

'ဘယ်မှာဝယ်ရတာလဲ'

'စောစောက Lab boy ရောင်းတာပဲ. . . ရော့ရော့. . . ဒီမှာအပိုဝယ်ထားတာရှိတယ်. . . ယူလိုက်'

ပြောပြောဆိုဆို ကျွန်တော့်ရှေ့ကို graph စာရွက် အသစ်ကလေးတစ်ရွက်ရောက်လာတယ်။ အင်း. . . ခုမှခက်တာ. . ကျွန်တော့်လွယ်အိတ်ထဲမှာက ဗလာစာအုပ်(၃)အုပ်နဲ့ ဘောလ်ပင်တစ်ချောင်းပဲပါတာ။ ဘယ်မှလဲ graph ဆွဲဖို့ ခဲတံ၊ ပေတံ။

ကျွန်တော်ထိုင်နေတာကို တွေ့သွားပုံရတဲ့ကောင်မလေးက ခဲတံလေးတစ်ချောင်းနဲ့ 6" ပေတံတစ်ချောင်း ထုတ်ပေးတယ်။

ကျွန်တော့်လိုကောင်ကို သူကအံ့ဩနေမလားမသိပေမယ့် ကျွန်တော်ကတော့ သူ့ကို အံ့ဩမိတာအမှန်ပဲ။ ကြည့်လေ graph စာရွက်လည်းအပိုဝယ်ထားတယ်တဲ့။ ပြီးတော့ ခဲတံအပို၊ ပေတံအပိုကလည်း ပါသေးတယ်။ အံ့ရော။

'Scale ပြောပါဦး'

' $10ms^{-1}$ ကို 1 cm'

'အိုကေ. . . ကျေးဇူး'

ကျွန်တော် graph ကို စဆွဲတယ်။ အဲဒီအချိန်မှာ သူမက ဆွဲပြီး



www.burmeseclassic.com

www.burmeseclassic.com



နေပြီ။ X.Y ဝင်ရိုးတွေကို မင်နီနဲ့သေချာပြထားပြီး အမှတ်တွေကို သေချာ နေစ်တာချလို့ ဆွဲထားတဲ့ သူ့ graph လေးက ရှင်းလင်းသပ်ရပ်လို့။ အလယ်မှာခေါင်းစဉ်၊ ညာဘက်ထောင့်မှာ Scale။ သပ်ရပ်မှုကအပြည့်ပဲ။

'ဆွဲလေ၊ ပြီးရင် Viva ဖြေရဦးမှာ'

'Viva . . .'

'အင်းလေ. . .'

'ကျွန်တော်မှ ဘာမှမသိတာ'

'အဲဒါ ရှင်းပြမလို့လေ'

'အာ. . . ဟုတ်လား၊ ကျေးဇူးပဲ. . . ခဏနေဦး'

ကျွန်တော့်ရဲ့ ပြီးလွယ်စီးလွယ်၊ မသေမသပ်၊ ကဗျာကယာ ဆွဲထားတဲ့ graph ကို သူမတစ်ချက်ကြည့်ရင်းစာကို စရှင်းတယ်။ သူစာ ရှင်းနေပုံက ဆရာမတစ်ယောက်ကျနေတာပဲ။ စိတ်ထဲကရယ်ချင်တာကို အောင့်ထားလိုက်ရတယ်။ သူက တကယ့်စေတနာနဲ့ ရှင်းပြတာကိုး။ ရှင်း လည်း ရှင်းနိုင်ပါတယ်။

'နားလည်လား မသိဘူး၊ ငါလည်း ဆရာမရှင်းပြသလို ပြန်ရှင်း ပြတာပဲ'

'အာ. . . နားလည်တာပေါ့၊ တကယ့်ဆရာမအတိုင်းပဲ'

သူက ကျွန်တော့်စကားကြောင့် မျက်မှောင်ကြုတ်ကြည့်တယ်၊ အနောက်တာလားပေါ့။

'ဟင်အင်း. . . အတည်ပြောတာ'

သူကြည့်ရတာ ယုံပုံမပေါ်ပါဘူး။ ဒါပေမယ့် ဘာမှမပြောဘူး။

'လာ. . . ငါတို့ Viva သွားဖြေရအောင်'



www.burmeseclassic.com

www.burmeseclassic.com



'ခုံနံပါတ်နဲ့ ခေါ်တာ မဟုတ်ဘူးလား'

'ဟင်အင်း၊ ပြီးတဲ့လူဖြေနေတာ နင်မတွေ့ဘူးလား'

'ဒါဆိုလည်း နောက်ဆုံးမှ အေးအေးဆေးဆေး ဖြေတာပေါ့'

သူမက ကျွန်တော့်စကားကြောင့် နားမလည်သလိုကြည့်တယ်၊ ပြီး. . .

'ခုသွားဖြေရင် ပြီးမယ့်ဟာ' လို့ ရေရွတ်တယ်။

'လူတိုးနေရမှာပေါ့'

ဒါက ကျွန်တော် အတွန့်တက်တာ။

'တန်းစီမယ်လေ'

နောက်ဆုံးတော့ ကျွန်တော်ပဲ လက်လျှော့လိုက်ရတယ်။ တစ်တန်းလုံးက လူ ၁၅ ယောက်ထဲမှာ ကျွန်တော့်ကိုအဖက်လုပ်တာဆိုလို့ သူပဲရှိတာကိုး။ သူ့အရင်ဖြေတယ်။ ပြီး ကျွန်တော့်အလှည့်။ ကျွန်တော် ပြီးလို့ လှည့်ထွက်လာတော့ သူမကိုမတွေ့ဘူး။ တခြားလူတွေနဲ့ပါသွားပုံ ရတယ်။ ကျွန်တော့်မှာသာ သူ့ပစ္စည်းလေးတွေ ပြန်မပေးလိုက်ရဘူး။ ညနေအတန်းချိန်ကျမှပဲ. . .

ကျွန်တော် အတွေးနဲ့အတူ ပြုံးမိတယ်။

လာတုန်းက တစ်နေကုန်။ အတန်းတက်မယ်ဆိုတဲ့ စိတ်ကူးမှ ပါမလာခဲ့တာ။ ခုတော့ ညနေအတန်းချိန်ဆိုတာ ခေါင်းထဲဝင်လာနေပြီ။ မေမေသာသိရင်တော့ စိတ်ချမ်းသာနေမှာပဲ။

ကျွန်တော်လည်း. . . .။

❖

www.burmeseclassic.com

www.burmeseclassic.com



အတန်းထဲကို ခပ်တည်တည်နဲ့ဝင်လာတဲ့ ကျွန်တော့်ကို မနက်က Practical table မှာတွေ့ခဲ့တဲ့သူတချို့က အကြည့်တစ်မျိုးနဲ့ ကြည့်ကြတယ်။ ကျွန်တော်ကတော့ ကျွန်တော့်သူငယ်ချင်း အသစ်စက်စက်လေး ရှိတဲ့ နေရာကိုရှာပြီး အသာဝင်ထိုင်လိုက်တယ်။ ကံကောင်းတာက သူမက ခုံတန်းရှည်မှာ တစ်ယောက်တည်းထိုင်နေတာပဲ။

'ရော့. . . မနက်က ခဲတံနဲ့ ပေတံ'

ကျွန်တော်သူ့ပစ္စည်းတွေကို ပြန်ပေးလိုက်တယ်။ ပြီး မနေနိုင် မထိုင်နိုင်မေးလိုက်မိသေးတယ်။

'နင်အဲလိုပဲ. . . ဘာမဆို. . . အပိုဆောင်ထားတတ်လား'

ကျွန်တော့်မေးခွန်းကြောင့် ကျွန်တော့်ကိုလှမ်းကြည့် ခေါင်းညိတ် ပြတဲ့အကြည့်က တကယ့်ကို ပကတိကြည်ကြည်စင်စင်လေ။

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'လူထူးလူဆန်းပဲ'

'နင်လည်းလူထူးလူဆန်းပဲ'

သူမကလည်း ကျွန်တော့်ကို ပြန်ပြောပါတယ်။

'ငါက ဘာဆန်းလို့ပဲ'

'ကျောင်းလာတာ ဘာမှမပါဘူးလေ'

'ဗလာစာအုပ်နဲ့ ဘောလ်ပင်ပါတာပဲ'

'နင်က ဝိဇ္ဇာကျောင်းသားမဟုတ်ဘူးလေ'

သူမပြောတာက မှန်နေတာမို့ ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒါကြောင့် စကားကိုလွှဲပစ်လိုက်တယ်။

'စာတွေသင်တာများလား. . .'

'သိပ်တော့မများသေးပါဘူး. . . . နင်က ဒီနေ့မှ ကျောင်းလာတာလား'

'အင်း. . . ငါစာကူးချင်တယ်'

'နင် တစ်ရက်တည်း စာအကုန်ကူးနိုင်မှာလား'

သူ့စာအုပ်တွေ အကုန်ငှားရမှာစိုးလို့ မေးတာလား မသိဘူးဆိုတဲ့ အကြည့်နဲ့ ကျွန်တော်ကြည့်မိပေမယ့် သူ့ကြည့်ရတာတော့ အဲလိုဟုတ်ပုံမပေါ်ဘူး။

'ဘာလို့လဲ . . . ဘာလို့မေးတာလဲ'

'ငါ. . ကူကူးပေးရမလားလို့မေးတာ'

မထင်မှတ်ထားတဲ့ စကားကိုကြားရတာမို့ ကျွန်တော်အံ့သြသွားမိတယ်။

'နင်တကယ် ကူးပေးမှာလား'

မြတ်နိုးကောင်းအနုပ်ထိုက်

www.burmeseclassic.com

www.burmeseclassic.com


'အင်း. . . နင် သူများလက်ရေးနဲ့ ရေးတဲ့စာကို ဖတ်တတ်တယ် ဆိုရင်ပေါ့'

Practical ခန်းထဲမှာတုန်းက သူ့လက်ရေးနဲ့ သေသပ်တဲ့ Graph စာရွက်တွေ Computing Sheet တွေကို တွေ့ခဲ့တာပဲ။ ကျွန်တော့်လက်ရေး ထက်အများကြီးသာတာ သေချာတာပေါ့။

'တာ . . . နင့်လက်ရေးက လှတာပဲ'

သူမက ခေါင်းခါတယ်။

'မဟုတ်ဘူး. . . အဲဒါကိုဆိုလိုတာ မဟုတ်ဘူး၊ ငါဆိုရင်သူများ လက်ရေးနဲ့ ကူးပေးမယ့်စာကို ဘယ်လောက်လက်ရေးလှလှ မကျက်တတ် ဘူး။ အဲဒါ ငါ့ကြောင်ကွက်ပဲ'

သူမက ရယ်ဟဟလေးပြောတယ်။

'ရပါတယ်ဟာ၊ ငါကနင့်လို မကြောင်ပါဘူး။ ရော့. . . ဗလာစာ အုပ်အသစ်ယူသွား၊ ဘယ်နှစ်ဘာသာ ကူးပေးမှာလဲ'

'၅ ဘာသာရှိတယ်၊ ငါနင့်ကို နှစ်ဘာသာကူးပေးမယ်လေ၊ မကူး ချင်လို့ မဟုတ်ဘူးနော်၊ တချို့စာတွေက နင်ကူးလိုက်ရင် တစ်ခါတည်း မှတ်မိသွားမှာ၊ ဒါကြောင့် နင့်ဘာသာနင် ကူးဖို့ပြောတာ'

သူ့စိတ်ရင်းလေးက မဆိုးပါဘူး။ တကယ့်ကို အေးအေးချမ်းချမ်း လေး၊ ပြောဆိုရှင်းပြနေပုံက စေတနာနဲ့မှန်းသိသာတယ်။ အံ့ဩစရာပဲ။ ကျွန်တော့်ဘဝမှာ မိန်းကလေးတွေအများကြီး စိတ်ဝင်စားခဲ့ဖူးပါရဲ့။ ဒါ ပေမယ့် တစ်ယောက်ကိုမှသူငယ်ချင်းအဖြစ် မပေါင်းခဲ့ဖူးဘူး။ ခု ဒီကောင် မလေးကျတော့ စိတ်ဝင်စားစရာတစ်မျိုးတော့ကောင်းပါရဲ့။ ဒါပေမယ့် ကျွန်တော်အရင်စိတ်ဝင်စားခဲ့တဲ့ ကောင်မလေးတွေကို စိတ်ဝင်စားနည်း နဲ့တော့ မတူဘူး။


www.burmeseclassic.com

www.burmeseclassic.com



'ရော့. . . နင် ဒီစာအုပ်သုံးအုပ်ယူသွား၊ အိမ်မှာကူးခဲ့'

လှမ်းပေးတဲ့စာအုပ်လေးတွေကိုကြည့်ရင်း ပြုံးမိတယ်။ စာအုပ်ကလေးတွေကို အဖြူရောင်စက္ကူခပ်ထူထူလေးနဲ့ ဖုံးထားတယ်။ ဖြူဖွေးနေတာပဲ။ အဲဒီပေါ်မှာမှ Roll No ကိုထင်းနေအောင် ရေးထားတယ်။ နာမည်မပါဘူး။

'နင့်နာမည်က. . .'

'နွေဝတ်မှုန်. . .'

သူမက တွန့်ဆုတ်မနေဘဲ ချက်ခြင်း ဖြေတယ်။ ကျွန်တော့်နာမည်ကို ပြန်မေးရကောင်းမှန်းလည်းမသိဘူး။ ဒါကြောင့်ကျွန်တော်က ပဲ အလိုက်တသိ တင်ပြရတော့တယ်။

'ငါ့နာမည်က . . . စနေမိုးတဲ့'

သူမ ခပ်သဲ့သဲ့ရယ်တယ်။

'မစဲတော့ဘူးပေါ့နော်. . .' တဲ့။

'အင်း. . . . မသိပါဘူးဟာ. . . မေမေပေးတာပဲ'

'စနေသားလား'

'အင်း. . .'

ပြောနေတုန်းမှာပဲ ဆရာဝင်လာတယ်။

'ခုသင်မှာက ဘာလဲ၊ နင်ငါ့ကိုပေးထားတဲ့ စာအုပ်ထဲမှာပါလား'

'ဟင့်အင်း. . ငါယူထားတဲ့ထဲမှာပါတာ. . . ခု. . . နင်က ဗလာစာရွက်တစ်ရွက်နဲ့ Lecture လိုက်ပြီး နားထောင်ထား၊ ပြီးမှ ငါပြန်ပြည့်စုံအောင်ပြောပြပေးသွားမယ်'

'အင်း. . .'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် Lecture ကို စိတ်ပါဝင်စားစွာ နားထောင်နေလိုက်မိတယ်။ အဲဒီတော့မှ ကျွန်တော် Text book တွေ တစ်အုပ်မှ မဝယ်ရသေးတာ သတိရတယ်။ မနှစ်က စာအုပ်တွေက မရှိတော့ဘူး။ အာ. . . အဲဒီမနှစ်က အကြောင်းက ဘာလို့ ခေါင်းထဲရောက်ရောက်လာရတာလဲ မသိဘူး။

စိတ်ကိုအာရုံလွှဲဖို့ နွေဝတ်မှုန်ရဲ့စာအုပ်ကို လှမ်းကြည့်လိုက်တော့ 'အားလားလား'လို့ အော်မိမတတ်ဖြစ်သွားရတယ်။ သူမ Lecture လိုက်ထားတဲ့စာအုပ်နဲ့ လက်ရေးကို ကြည့်ပြီးတော့လေ။

တစ်လုံးနဲ့တစ်လုံး အရွယ်အစားထပ်တူကျတဲ့ ကွန်ပျူတာစာလုံးတွေစီထားသလို လှနေတဲ့လက်ရေးလေးတွေ။ ခေါင်းစဉ်ကြီးက သပ်သပ်၊ ခေါင်းစဉ်ခွဲကသပ်သပ်၊ မင်တစ်ရောင်စီနဲ့ ခွဲထားတဲ့အပြင် Formual တွေဆိုလည်း သေချာဘောင်ခတ်ထားလိုက်သေးတယ်။ ဘာလုပ်တော့မှာလဲ။ ပုံနှိပ်ဖတ်စာအုပ်တောင် မလိုတော့ဘူးလို့ ကျွန်တော် တွေးလိုက်မိတယ်။

ဒီကောင်မလေးဟာ တစ်မျိုးတော့ တစ်မျိုးလေးပဲ။

လူက ထူးခြားတာလားဆိုတော့ မဟုတ်ဘူး။ သူမရဲ့စိတ်နဲ့ ပြုမူပုံလေးတွေ၊ လုပ်ပုံကိုင်ပုံလေးတွေက ထူးခြားနေတာ။ လူကတော့ သာမန်ဆံပင်ရှည်ရှည် ဖြောင့်စင်းစင်းလေးတွေနဲ့ ခေတ်မီမီ ဝတ်စားဆင်ယင်တတ်တာကလွဲလို့ ဘာမှမထူးခြားဘူး။

'နင်. . . ဘာလုပ်နေတာလဲ'

သူ့စာအုပ်ကိုကြည့်ရင်း အတွေးလွန်နေတဲ့ ကျွန်တော့်ကို သူက အသာကပ်မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com


'နင့်စာအုပ်ကို ကြည့်နေတာလေ'

'စာက ဟိုမှာသင်နေတာ'

'ငါသိပါတယ်'

'သိရင်နားထောင်လေ'

အံ့မယ်။ ဒါကတော့ တဆိတ်ကလေး ဆရာကြီးလေသံဆန်လွန်းတယ်လို့ ထင်လိုက်မိတယ်။ ဒါကြောင့်ဆန့်ကျင်တဲ့အနေနဲ့ သူ့စာအုပ်ကိုဖျတ်ခနဲဆွဲယူပြီး ခပ်တည်တည်နဲ့ မမီတဲ့စာတွေကူးနေသလို ထိုင်ကူးနေလိုက်တယ်။ သူကတော့ ဘာမှနားလည်ပုံမရပါဘူး။ ကျွန်တော့်ကို အလိုမကျသလို မျက်မှောင်လေးတစ်ချက် ကြုတ်သွားတာကလွဲရင် ဘာမှမပြောဘူး။ နောက်တော့မှ ကျွန်တော်ပဲ မကောင်းပါဘူးလေဆိုပြီး သူ့စာအုပ်လေးကို ပြန်ပေးလိုက်တယ်။

'နင်. . . မမီလို့လား'

'အင်း. . .'

'နောက်မှ ကူးလေ၊ နားပဲထောင်'

ကျွန်တော်ဘာမှ ပြန်မပြောတော့ဘူး၊ ဆရာစာသင်ပြီးတော့မှ 'နွေဝတ်မှုန်'က ကျွန်တော့်ကိုကြည့်တယ်။

'နင်ဖတ်စာအုပ်တွေ မဝယ်ရသေးဘူးမဟုတ်လား'

'အင်း. . . ဘယ်မှာဝယ်ရမှာလဲ'

'ဌာနမှာ. . .'

'ဌာနက ဘယ်မှာလဲ'

ဒါကှာ ကျွန်တော်တမင်ရစ်တာပါ။ ကျွန်တော်မနှစ်က ဒေါ်ခင်မြဆွေ့ လပိုင်းပဲ တက်လိုက်ရတယ်ဆိုပေမယ့် ဌာနဘယ်မှာရှိသယ်ဆိုတာတော့ သိပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



'ငါ လိုက်ပို့ပါ့မယ်'

'ခုလား'

'ဟင့်အင်း. . . ခု စာသင်ဦးမှာ၊ ပြီးတော့ ဒီအချိန်ဆို သိပ်မသေချာတော့ဘူး၊ ဆရာမတွေ မရှိလောက်တော့ဘူး၊ မနက်မှ စောစောလာခဲ့'

'မနက်စောစော'

'အင်းလေ. . . အတန်းမတက်ခင် ၁၅ မိနစ်လောက် စောလာခဲ့ပေါ့'

'အင်း'

ပြီးတာနဲ့ နောက်ဆရာတစ်ယောက် မဝင်ခင်စပ်ကြားမှာ ကျွန်တော့်စာအုပ်တစ်အုပ်ကိုထုတ်ပြီး စာကူးပေးနေပြန်တာမို့ မကောင်းတတ်တဲ့အတွက် ကျွန်တော်လည်း စာအုပ်တစ်အုပ်ထုတ်ပြီး ကူးနေလိုက်ရတယ်။

ပျင်းစရာကြီး။

ကိုယ့်အတွက်ကိုယ် စာကူးရတာတောင်ပျင်းတာ။ သူက သူများအတွက် စာကို မပျင်းမရိထိုင်ကူးပေးနေသေးတယ်။ အံ့ရော။ ကျွန်တော်သာဆို တခြားတစ်ယောက်ယောက်ကို အဲလိုလုပ်ပေးဖို့ စိတ်ကူးမိပါ့မလား မသိဘူး။

ဘယ်လိုကောင်မလေးမှန်းကို မသိပါဘူး။

သေချာတာကတော့ 'နွေဝတ်မှုန်' ဆိုတဲ့ကောင်မလေး ပြုံးလိုက်ရင် သူမအပြုံးက အရမ်းအေးချမ်းတယ်ဆိုတာပါပဲ။ တစ်ဖက်သားရဲ့ ရင်ထဲကို စမ်းချောင်းလေးတစ်ခု ဖြတ်စီးသွားစေတဲ့ ခံစားမှုမျိုးလို့ ကျွန်တော်ထင်ပါတယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



'မေမေ. . .  သား သူငယ်ချင်းအသစ်တစ်ယောက်ရခဲ့တယ်'

မေမေက ကျွန်တော့်အတွက် ထမင်းကို ဆီနဲ့ဆားနဲ့ သေချာနယ်ပေးရင်းက လှမ်းကြည့်တယ်။

'တစ်ယောက်တည်းလား သားရဲ့'

'တစ်ယောက်တည်းပဲ. . . တခြားသူတွေကြည့်ရတာ အဆင်ပြေပါဘူး'

'သားကရော သူတို့ကို အဆင်ပြေချင်လို့လား'

'ဟင်အင်း. . . အဲလိုမဟုတ်ပါဘူး'

'ဒါကြောင့်ပါ. . .  သူတို့ကိုသားက အဆင်ပြေချင်ရင် အဲလိုခံစားရမှာမဟုတ်ဘူး'

'သူတို့က သားအကြောင်းတော့ သိမနေလောက်ပါဘူးနော်'

ကျွန်တော့်စိုးရိမ်စကားကြောင့် မေမေကပြုံးတယ်။ မေမေ့အပြုံး

www.burmeseclassic.com



အလည်း ဟိုတောင်မလေးလို အေးချမ်းတာပဲ။ *(မေမေနှင့်တူသော သူ သော်ချင်း)*

'သားရယ်၊ ဘာသိစရာရှိလဲ. . . မနှစ်ကသားနဲ့ အတန်းတူတွေ တောင် သားဘာဖြစ်လိုက်မှန်း သိတဲ့သူမှမရှိတာ. . . ခုရော သူတို့နဲ့ တွေ့သေးလား'

'ဟင်အင်း. . . မနှစ်က ၄ ပတ်လောက်ပဲ ကျောင်းတက်လိုက်ရ တာ၊ ရှိတဲ့ သူငယ်ချင်း ငါးယောက်ထဲက ဟိုသုံးယောက်ကြောင့် သား ဒုက္ခရောက်ပြီးပြီလေ၊ ကျန်တဲ့တစ်ယောက်ကလည်း နိုင်ငံခြားထွက်သွား ပြီ၊ ဟိုမှာပဲ ကျောင်းတက်တော့မယ်တဲ့'

'ကဲ. . . ထားပါတော့၊ ဒီနေ့သား သူငယ်ချင်းအကြောင်းပြော ပြပါဦး'

မေမေက ထမင်းပန်းကန်မှာ ဒွန်းခက်ရင်းပါ တပ်ပေးပြီး ရှေ့ မှာလာချပေးတယ်။ ထမင်းကိုဆီဆမ်းပြီး ဆားနဲ့ နယ်တာချင်းတူတူ တောင်မှ မေမေ့ထမင်းက ပိုအရသာရှိသလိုပဲလို့ ကျွန်တော်က အမြဲပြော နေကျ။

'သူ့နာမည်က နွေဝတ်မှုန်. . . တဲ့မေမေ'

မေမေ့မျက်နှာပေါ်မှာ အံ့ဩရိပ်တွေဖြတ်သန်းသွားတယ်။ သေ ချာတယ်။ မေမေတော့ ကျွန်တော့်ကို တစ်မျိုးမက ထင်သွားလောက်ပြီ။

'မိန်းကလေးကိုး၊ မေမေက ယောကျ်ားလေးမှတ်လို့'

'အင်း. . . သူက စိတ်ဓာတ်ကလေးကောင်းတယ်မေမေ'

'ဟုတ်လား၊ ချောချောလေးလား'

မေမေ့လေသံက ရယ်သံများပါဝင်နေလေရော့သလားဟု အကဲ



www.burmeseclassic.com

www.burmeseclassic.com



ခတ်ရသေးသည်။ သို့သော် မှန်းလို့မရ။ မေမေက သူမွေးထားတဲ့သား အကြောင်း သူသိလောက်ပါတယ်ဟုတွေးရင်း ဖြေလိုက်ရသည်။

'အင်း ချောတယ်လည်းမဟုတ်ဘူး၊ မချောဘူးလည်းမဟုတ်ဘူး၊ ပုံမှန်ပါပဲ မေမေ'

'အင်း. . . ထမင်းစားသား၊ တစ်နေ့ကျရင်တော့ ခေါ်ခဲ့ဦးပေါ့'

'အင်း. . . ခေါ်တာပေါ့၊ ဖြည်းဖြည်းကျမှ သားတို့က ခုမှသိတာ လေ'

ထမင်းကို စကားပြောရင်း ကဗျာကယာစားနေတာမို့ မေမေက သတိပေးတယ်။

'ဟဲ့. . . ဖြည်းဖြည်းစားလေ၊ ဘယ်သွားမှာမို့လဲ'

'ဘယ်မှမသွားဘူးမေမေ. . . စာတွေလုပ်စရာရှိလို့'

စာကူးစရာရှိလို့ဆိုရင် မေမေက ဘာလို့စာပြန်ကူးတာလဲတွေ ဘာတွေ မေးနေဦးမှာ၊ စားပြီးတာနဲ့ အခန်းထဲဝင်၊ စာကြည့်စားပွဲမှာထိုင် ပြီး စာအုပ်လေးတွေကိုထုတ်လိုက်တယ်။ ဖြူဖွေးနေတဲ့ စာအုပ်လှလှလေး တွေက ကျွန်တော့်ကို လှောင်နေသလိုပဲ။ ကျွန်တော်လည်း စိတ်ကူးတစ်ခု ရတာနဲ့ ပြက္ခဒိန်အဟောင်းတစ်ခုကိုဖြုတ်ပြီး အဖြူခံကြွေသားကို အလှ ဆာတ်ထားလို့ စာအုပ်တွေကို ဖုံးပစ်လိုက်တယ်။

ပြီးမှ စာစကူးရတယ်။

စာတွေက တစ်ဘာသာမှ ၃-၄ မျက်နှာပဲကူးရတာမို့ သိပ်မများ ပါဘူး။ သူပြောသလိုပဲ ကူးရင်းနဲ့ မှတ်သွားတော့ စာကြည့်စရာမလိုတော့ ဘူးပေါ့။ ကျေးဇူးတင်စရာ ကောင်းပါတယ်။ သူ့လိုတော့ လက်ရေးလှလှ လေးတွေနဲ့ စာမကူးနိုင်ပါဘူး။ ကျွန်တော့်လက်ရေးက သိပ်မှမလှတာ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်ကျ ကျွန်တော် အတန်းရှေ့ကို နာရီဝက်လောက် ကြိုရောက်နေမိတယ်။ ဘယ်သူမှ မလာသေးဘူး။ ကျွန်တော်ရောက်ပြီး ငါးမိနစ်လောက်နေမှ နွေဝတ်မှုန် ရောက်လာတယ်။ သူက ကျွန်တော့်ကိုမြင်တော့ တအံ့တဩနဲ့။

'ဟင်. . . စောလိုက်တာ၊ ငါက. . . ငါစောနေပြီထင်တာ'

'အင်း. . . ငါက လွန်ခဲ့တဲ့ ငါးမိနစ်တည်းက ရောက်နေတာ'

'ဒါဆိုလာလေ၊ ငါတို့ဌာနသွားရအောင်'

သူခေါ်သွားတဲ့ ဌာနဘက်ကို ခပ်တည်တည်နဲ့ တစ်ခါမှမရောက်ဖူးတဲ့သူလို လိုက်သွားလိုက်တယ်။ စာအုပ်တွေဝယ်ပြီးပြန်လာတော့ သူမက. . .

'နင်. . . ဘာစားပြီးပြီလဲ'

'ကော်ဖီနဲ့ မုန့်ဟင်းခါး'

နွေဝတ်မှုန်က. . . ကျွန်တော့်ကို တအံ့တဩကြည့်တယ်. . . ဒီအချိန်မှာ Breakfast စားလာတာဟာ ဘာအံ့ဩစရာရှိလဲ။

'ငါဘာမှ မစားရသေးလို့ ကင်တင်းသွားဦးမယ်'

မိန်းကလေးဖြစ်ပြီး ခုချိန်ထိ ဘာမှစားမလာရသေးတဲ့သူ့ကိုသာ ကျွန်တော်က အံ့ဩရမှာလေ။

'သွားလေ. . . ငါ လက်ဖက်ရည်လိုက်သောက်မှာပေါ့၊ နင်က ဘာလို့ ဘာမှမစားလာတာလဲ'

'အချိန်မရှိတာရော၊ စားစရာမရှိတာရော၊ ငါစောထွက်လာခဲ့ရတယ်လေ'

'အော်. . . ငါ့ကြောင့်လား'

www.burmeseclassic.com

www.burmeseclassic.com



'အဲလိုတော့မဟုတ်ပါဘူး၊ အိမ်မှာလည်း ဘာမှ စားစရာမှမရှိတာ'

'နင့်အိမ်ကနင့်ကိုဘာမှလုပ်မကျွေးလည်း နင့်ဟာနင်လုပ်စားလာပါလား၊ ဥပမာ ကော်ဖီတို့၊ ခေါက်ဆွဲပြုတ်တို့'

နွေဝတ်မှုန်ကရယ်တယ်။

'ငါမှခေါက်ဆွဲပြုတ်မကြိုက်တာ' တဲ့၊ ပြီးတော့မှဆက်ပြောတယ်။

'ငါ့အိမ်ကလည်း ငါကျောင်းထွက်လာတဲ့ အချိန်ဆို ဘယ်သူမှ မထကြသေးဘူး၊ ထလည်းအားလုံးက အိမ်မှာစားကြတာ မဟုတ်တော့ ဘာမှလည်း ဝယ်မထားဘူး၊ ချက်လည်း ချက်ချင်မှချက်တာ'

'အံ့သြစရာပဲ'

'ဟုတ်တယ်. . .ငါ့မိသားစုပုံစံက တစ်မျိုး'

နွေဝတ်မှုန်က သူ့ဘာသာသူ ရေရွတ်သလို ပြောတာမို့ ကျွန်တော်လည်း လိုက်ရွတ်ကြည့်မိတယ်။

'ငါ့မိသားစုပုံစံကလည်း တစ်မျိုး'

'အဲဒီတော့ နှစ်မျိုးပေါ့ဟာ. . . ပျင်းစရာမကောင်းဘူးပေါ့'

ကျွန်တော်တို့ ဘာမှလည်းမဟုတ်ဘဲနဲ့ ရယ်ဖြစ်ကြတယ်။ တင်တင်းကျတော့ ကျွန်တော်က လက်ဖက်ရည်မှာပြီး သူက ထမင်းကြော်စားတယ်။

'နေ့လည်စာပါတစ်ခါတည်း အပြီးစားလိုက်တာလေ'

လို့မမေးရဘဲ ပြောနေသေးတယ်။

'နင်အမြဲဒီလိုပဲလား'

'အင်း. . . တစ်ခါတစ်လေ စိတ်ကူးရရင်တော့ ငါ့ဘာသာငါ ချက်စားပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'နှင်တ ချက်တတ်လို့လား'

'သာမန်ဟင်းတွေတော့ ချက်တတ်တာပေါ့'

'ဘာလဲ. . . ဘဲဥကြော်လား'

'ဟင့်အင်း. . . ဘဲဥပြုတ်'

ပြောပြီး ကျွန်တော်တို့ ရယ်ဖြစ်ကြပြန်ပါတယ်။ ပြီးမှ သူက သတိတရနဲ့ သူ့အိတ်ထဲက ကျွန်တော့်စာအုပ်တွေကို ထုတ်ပေးတယ်။ အံ့မယ်. . . အကုန်လုံးကို စက္ကူဖြူနဲ့ဖုံးထားပေးသေးတာ။ အဲဒါနဲ့ ကျွန်တော်လည်း အိမ်ကပြက္ခဒိန်နဲ့ ဖုံးလာတဲ့စာအုပ်နှစ်အုပ်ကို ပြလိုက်တယ်။

'အံ့မယ်. . . နှင်ကလဲ အလာကြီးပါလား'

'ငါလည်း လုပ်တတ်ပါတယ်'

'အေးပါ. . . စာအုပ်ဆိုတာ အဲလိုသေသေသပ်သပ်လေးမှ စာကြည့်ချင်စရာကောင်းတော့မှာပေါ့'

သူ့စကားက သူ့အတွက်တော့ မှန်ရင်မှန်မှာပေါ့။ ကျွန်တော့်အတွက်ကတော့ မသေချာပါဘူး။ ဒီလိုပဲ မသပ်မရပ်နဲ့ စာမေးပွဲတွေအောင်လာခဲ့တာ။ စာအုပ်တွေကိုလည်း တစ်ခါမှ အဖုံးဖုံးပြီးသုံးရကောင်းမှန်းမသိခဲ့ဘူး။

'ဖတ်စာအုပ်တွေကိုတော့ သေချာပြန်ချုပ်ပြီးမှဖုံး သိလား'

နွေဝတ်မှုန်က ဖတ်စာအုပ်တွေကို လှမ်းကြည့်ရင်းညွှန်ကြားပြန်တယ်။ ဒီဟာမလေးဟာ ဒီလိုဆရာကြီးမလုပ်တတ်ရင်ဖြင့် ပိုခန့်စရာကောင်းမလား မသိပါဘူး။

'ဗဲ. . . စားပြီးရင်သွားရအောင်'



www.burmeseclassic.com

 www.burmeseclassic.com 

ကျွန်တော်က ထဖို့ပြင်ပြီး ပိုက်ဆံရှင်းတယ်။ သူကဝင်ထားတာ မို့. . .

'ရတယ်. . . ငါနင့်ကိုကျွေးမှာပါ။ ငါ့ကိုစာတွေကူးပေးထားတယ်လေ'

'ဟင်း. . . အဲဒီလိုကြီးလား'

ကျွန်တော်က သဘောပြောတာကို သူကအတည်ကြီးယူတယ်။ အံ့ရော. . . ဒါကြောင့် အမြင်ကပ်ကပ်နဲ့ ဆက်ပြောလိုက်တယ်။

'နင့်ကို စေတနာရှိလှတယ်တော့ ဘယ်ဟုတ်မလဲ'

ဒီလိုကျတော့လည်း ရှဲ့မှန်းသိပြန်တယ်။ မျက်စောင်းတစ်ချက်ထိုးတယ်။ အံမယ်. . .။ ဒါကျမိန်းမဆန်သားပဲ။ ဒါပေမယ့် သူ့မျက်စောင်းက မာယာမပါဘူး။ ဆိုလိုတာက 'ပဲ' မပါဘူး။ ရှင်းလင်းစွာဖြူစင်တယ်လို့ ကျွန်တော်ခံစားရတယ်။ ပြီးတော့ မျက်စောင်းအဆုံးမှာ အပြုံးတစ်ခုတွဲခိုပါလာသေးတယ်။ ချမ်းအေးတဲ့အပြုံး။ ပြီးမှ ခပ်တည်တည်နဲ့ပြောတယ်။

'အင်းလေ. . . နင်ကသိုလ်ရပါတယ်' တဲ့။

ဖြစ်ရပြန်တယ်။ သူ့လိုသူတော်ကောင်းကို ပူဇော်ပသခွင့်ရလို့ ကျွန်တော်ကုသိုလ်ရပါတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုး ရောက်မသွားဘူးလား။ 'နွေဝတ်မှုန်' ဆိုတာ ဘာလေးမှန်းကိုမသိဘူး။ အရင်စိတ်နဲ့ဆိုရင်တော့ အပေါင်းအသင်းတောင် လုပ်ဖြစ်ပါ့မလားမသိဘူး။ ခုဟာက **'စနေမိုး'** ဆိုတဲ့ကောင်က အသစ်ဖြစ်နေတယ်။ ပြီးတော့ ဒီကောင်မလေးမှာ စိတ်ကောင်းလေးရှိတာ သိနေပြန်တယ်လေ။

သူငယ်ချင်းဆိုတာ အခိုင်မာဆုံး ကြိုးတွေနဲ့ ဖွဲ့တည်ဆောက်လုပ်

*ကြင်နာသောအချစ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ရတနာသိုက်တဲ့။ မြေပုံအညွှန်းတွေ ဘာတွေ ရှိတိုင်းလည်း ရှာဖွေလို့ရတတ်တဲ့ ရတနာသိုက်မျိုးလည်း မဟုတ်ပြန်ပါဘူး။ နွေဝတ်မှုန် ဆိုတာ အဲလိုသူငယ်ချင်းမျိုးလေးလား။

ကျွန်တော်ကတော့ မြေပုံညွှန်းမလိုဘဲ ရောက်သွားခဲ့ပြီးပြီ။ ကျွန်တော်ဟာ ကံထူးသူလား။



www.burmeseclassic.com

www.burmeseclassic.com


ပြောရမယ်ဆိုရင်တော့ ကျွန်တော်လည်း ငယ်ငယ်တည်းက အပေါင်းအသင်းများပါတယ်။ ဒါပေမယ့် သူငယ်ချင်းဆိုတဲ့ လူတချို့ကြောင့် ဒုက္ခရောက်ခဲ့ဖူးတာမို့ လူတွေကိုမယုံရဲတာ ကျွန်တော့်အမှားမဟုတ်ဘူးထင်တာပဲ။ ဒဏ်ရာရထားတဲ့ကြောင်တစ်ကောင်လိုမျိုး ချောင်မှာ ပုန်းအောင်းနေတာမျိုးတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် မဟော်သဓာဇာတ်တော်ထဲက ပုဏ္ဏားလိုတော့ ဖြစ်နေတတ်တာ ဝန်ခံရမှာပဲ။ 'သတိ' ဆိုတဲ့အရာကိုလည်း လိုတာထက် ပိုထားမိနေပြီး အလိုလိုနေရင်းလည်း သူတွေကို သံသယဝင်နေတတ်တယ်။

ကျွန်တော်နဲ့ဆန့်ကျင်ဘက်လို့ ပြောလို့ရတာက နွေဝတ်မှုန်ပါ။ တစ်ခန်းလုံးမှာ သူနဲ့မခင်တဲ့လူ ရှိသေးရဲ့လားလို့ ထင်ရလောက်အောင် အတုန်လုံးနဲ့ အတိုင်းအတာတစ်ခုမက ရင်းနှီးနေတယ်။ ဒီလိုအလုံးတို အဆင်ပြေပြေ ပြောဆိုပေါင်းသင်းနေနိုင်တာလည်း အံ့သြစရာ။

မြတ်နှင်းကျော်စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com


'နင် ကြည့်ရတာ ရှုပ်နေတာပဲ'

ကျွန်တော်တို့ Building ရှိရာကို လှမ်းလာနေတဲ့ နွေဝတ်မှုန်ကို ဝင်လာတတည်းက ကြည့်နေတာ။ စာသင်ခန်းရောက်တဲ့ထိ သူနှုတ်ဆက်လာတဲ့ လူဦးရေက ၁၆ ယောက်တိတိရှိတယ်။ ဒါကြောင့်အမြင်ကပ်ကပ်နဲ့ ဆီးပြောလိုက်တာ။ ဒါကိုသူက တလွဲတွေးပြီး သူ့ကိုယ်သူ မလုံမလဲငုံ့ကြည့်တယ်။ဘာများရှုပ်စရာရှိလဲပေါ့။ ဒီလောက်ရှင်းနေတဲ့ စပို့ရှပ်ပြောင်ကလေးနဲ့ စကတ်ထမီအရှည် ရိုးရိုးလေးဝတ်ထားတဲ့ဟာကို။

'ဘာဖြစ်နေလို့လဲ'

'ဘာဖြစ်ရမှာလဲ. . . နင်ဝင်လာတည်းက ငါကြည့်နေတာ၊ ဟိုးလှေကားအတက်တည်းက ဒီထိ နင်နှုတ်ဆက်လာတာ စုစုပေါင်း ၁၆ ယောက်ရှိတယ်'

'၁၆ ယောက်'

သူမက ကျွန်တော့်ဂဏန်းအရေအတွက်ကို မသက်ာပုံနဲ့ ပြန်ရေတွက်ပါတယ်။ ပြီးမှ သူ့ဘာသာသူ စိတ်ထဲကတွက်လိုက်မိပုံနဲ့ ဘာမှမပြောဘဲ ခေါင်းညိတ်တယ်။ ဟုတ်ပါတယ်ပေါ့။ ကျွန်တော်က သူ့ပုံစံကြည့်ပြီး ရယ်ချင်နေပြီ။ အမှန်က ကျွန်တော်က ရစ်တာလေ။

'နင် အဲဒီလူတွေအားလုံးနဲ့ ခင်လို့လား'

'ခင်လား. . . အဲ ခင်ပါတယ်၊ အားလုံးက ကျောင်းတက်တာ၊ ၂ ပတ်လောက်ပဲရှိသေးတဲ့ဟာ. . . အရမ်းမဟုတ်ပေမယ့် သိနေခင်နေကြပြီ'

'ငါကျ နင့်လိုမလုပ်ပါဘူး'

ကိုယ်က သူ့လိုမှမဟုတ်တာ သိသားပဲ။ ဒါပေမယ့် စထားပြီးပြီဆိုတော့ ဆက်ရစ်ရမယ့်တာဝန်က ကျွန်တော့်မှာရှိနေတယ်။


www.burmeseclassic.com

www.burmeseclassic.com


'အော်. . . နင်ကခုမှ ကျောင်းစတက်တာ ၃-၄ ရက်ပဲရှိသေးတာကိုး'

'နောက် နှစ်ပတ်လောက်ဆို နင့်လိုဖြစ်လာမယ်လို့ ဆိုချင်တာလား'

ကျွန်တော့်စကားကြောင့် မျက်လုံးအဝိုင်းသားလေးနဲ့ ပြန်ကြည့်ပြီးမှ ခေါင်းခါတယ်။

'အဲ. . . အဲလိုတော့ မဟုတ်ဘူးလေ၊ ဒါက နင့်အပေါ်မှာလည်း မူတည်သေးတယ်လေ၊ နင်ခုလို ရှုတည်တည်ကြီးနဲ့လူတကာကို ကြည့်သေးတာပေါ့ဆိုတဲ့ ပုံစံကြီးမျိုးနဲ့က မဖြစ်သေးပါဘူး'

'ဘာမဖြစ်တာလဲ'

'အားလုံးနဲ့ သဟဇာတဖြစ်ဖို့'

'အားလုံးနဲ့ သဟဇာဖြစ်ဖို့လိုလား'

'အဲလိုတော့ မဟုတ်ဘူးလေဟာ'

စရစ်တာက ကျွန်တော်။ စိတ်ရှည်လက်ရှည်နဲ့ သူကပြန်ဖြေပေးနေတော့ ကျွန်တော်ပဲ လက်လျှော့လိုက်ရတယ်။

'ကဲ. . . လုပ်လုပ်. . . အစ်မ၊ ကင်တင်းသွားဖို့ စောင့်နေတာ'

'ဟင်. . . နင်ဘာမှ မစားခဲ့ရဘူးလား'

'မဟုတ်ဘူးလေ. . နင်စားပေါ့၊ ငါက လက်ဖက်ရည်သောက်ရင်း ကောင်မလေးတွေကို အားပေးမယ်'

သူကတရားဝင်မဟုတ်ဘဲ မသိမသာ နှာခေါင်းရှုံ့တယ်။ ပြီး. . .

'အင်း. . . အချိန်တောင် သိပ်မလိုတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com


'နင်ဘာမှမစားဘဲ အတန်းတက်မှာလား'

'အဲလိုတော့ မဖြစ်ဘူးဟ၊ တစ်ခုခုဝယ်လာပြီး ပြန်လာစားမယ်လေ'

'ဟင်. . . ငါကျတော့ရာ'

'ကောင်မလေးတွေက အတန်းထဲမှာလည်းရှိတယ်လေ. . . ခုလည်း ဥဒဟိုဖြတ်သွားနေတာပဲ'

'လက်ဖက်ရည်'

'ကျွတ်. . .'

စိတ်ပျက်သလို စုတ်သပ်လိုက်ပုံက အမြင်ကပ်စရာ။

'ဘာ'

'ကျွတ်ကျွတ်အိတ်နဲ့သောက်လေ'

ခပ်တည်တည်နဲ့ ရောချတယ်။ အံ့မယ် နွေဝတ်မှုန်ဆိုတာ ဒါမျိုးလည်း တတ်သေးတာပဲ။ ဘာရမလဲ။ ကျွန်တော်ကလည်း သူပြောတဲ့အတိုင်း ပါဆယ်ဆွဲလာပြီး လက်ဖက်ရည်သောက်လိုက်တာပေါ့။ သူကတော့ ဆင်းဒဝစ်ကို ရေနဲ့မျှောပြီး မျိုချလိုက်တာတွေ့ရတယ်။

စားပြီးတော့မှ သူမက သတိရဟန်နဲ့. . .

'ကြည့်စမ်း၊ ငါမေ့နေတာ'

'ဘာလဲ'

'နင့်ကို ပေးစရာရှိတယ်'

'ဘာလဲ'

သူလွယ်အိတ်လေးထဲ လက်နှိုက်ပြီး ပြန်ထုတ်လာတော့ ပလပ်စတစ်ကြည်ကြည်လေးနဲ့လုပ်ထားတဲ့ ဘူးရှည်မျှော့မျှော့လေး ထွက်လာတယ်။


www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဘာတွေလဲ'

'ကြည့်လေ'

ကျွန်တော် သေချာထောင်ကြည့်လိုက်တော့ အထဲမှာ ခဲတံ၊ ဘောလ်ပင်နဲ့ ပေတံတွေ။

'အဲဒါ ဘာတွေလဲ'

'သေချာထုတ်ကြည့်'

သူ့စကားကြောင့် ကျွန်တော်ဘူးလေးကို ဖွင့်လိုက်တယ်။ ခဲတံ ဘောလ်ပင်က တစ်ချောင်း။ ခဲတံတစ်ဘူး၊ ဘော်လ်ပင်က အပြာ၊ အနီ၊ အနက် တစ်ချောင်းစီ ပေတံက ၆ လက်မ ပေတံတိုလေး။ ခဲဖျက်တစ်တုံး၊ Correction Pen က တစ်ချောင်း။

'အဲဒါ. . . ဘာလုပ်ဖို့လဲ'

'ဟင်. . . နင်သုံးဖို့လေ'

'ငါ သုံးဖို့'

'အင်းလေ. . . နင့်မှာ ဘာရှိလို့လဲ'

'ဘော်လ်ပင်တစ်ချောင်း ရှိရင်ရတာပဲ'

နွေဝတ်မှုန်က. . . ကျွန်တော့်ကို ဂြိုလ်သားတစ်ကောင်လို ကြည့်တယ်။

'အေးလေ. . နင်က. . ဂျီးနီးယပ်(စ)ပဲ. . . စက်ဝိုင်းဆွဲဖို့ခဲတံ ဆေးတို့ ကွန်ပါမလိုဘူး၊ မျဉ်းဖြောင့်ဆွဲဖို့ ပေတံမလိုဘူး. . . အများကလည်း နည်းတယ်လေ. . '

ဒါကတော့ အသိသာကြီးရွဲ့နေတာ. . .။

ဒါဆို. . ကျွန်တော်က ဘာဖြစ်သွားမလဲ။ သူ့စကားကို ငြိမ်နေ

www.burmeseclassic.com



လိုက်ရင် ကိုယ့်ကိုယ်ကို ဘဝင်မြင့်ရာကျဦးမယ်။ သူ့ပစ္စည်းကို မယူပဲ နေရင်ပေါ့။ ယူလိုက်ပြန်ရင်လည်း ကိုယ်က ဂျီးနီးယပ်(စ)မဖြစ်နိုင်တော့ ပြန်ဘူး။

အဲလိုဖြစ်နေတုန်းမှာ ကံအားလျော်စွာပဲ ဆရာဝင်လာတယ်။ ကျွန်တော်လည်း အဲဒီဘောလ်ပင်တွေထဲက တစ်ချောင်းကို ကောက်ကိုင်ပြီး စာအုပ်ကို ဖွင့်လိုက်တယ်။ ဒါက. . . မသိချင်ယောင်ဆောင်ပြီး သူ့ပစ္စည်းကို ယူလိုက်တာပဲပေါ့။ စဉ်းစားကြည့်လေ. . စုစုပေါင်း (၃၀၀၀) ဖိုးလောက်ရှိမယ့်ကိစ္စကို ကျွန်တော်ငြင်းချင်ပါ့မလား။ ကိုယ့်ဘာသာကိုယ် ရှာဖွေဝယ်စရာလည်း မလိုဘူးလေ။ အားလုံးက ရေကန်အသင့် ကြာအသင့်ကြီးကိုး။

အတန်းထဲဝင်လာပြီး စာတွေစသင်နေတဲ့ ဆရာကို ကျွန်တော် သိနေတယ်။ သူက ကျွန်တော့်ကို အတော်လေး မျက်မှန်းတန်းမိထားသလောက်ဖြစ်နေတာမို့ ကျွန်တော့်မှာ နေမထိထိုင်မသာနဲ့။ နေမထိထိုင်မသာဆိုတာ Repeater တစ်ယောက်ရဲ့ သာမန်ရှက်ရွံ့မှုနဲ့ အတော်လေး အလှမ်းကွာဝေးပါတယ်။ ပြီးတော့ ကျွန်တော့်ရဲ့ နေမထိ ထိုင်မသာမှုက ပိုဆိုးလိမ့်မယ်လို့လည်း ထင်တယ်။

တစ်ခန်းလုံးကို ဖြန့်ကျက်ကြည့်ပြီး သေချာ စာသင်တတ်တဲ့ ဆရာနဲ့ အကြည့်ချင်း မဆုံမိအောင် ကျွန်တော် ကြိုးစားနေမိတယ်။ ဒီတော့ စာထဲအာရုံမဝင်စားတာ အဆန်းမဟုတ်ပါဘူး။

'နင်ဘာမှ လိုက်မမှတ်ဘူးလား'

နွေဝတ်မှုန်က ဘာမှလိုက်မမှတ်တဲ့ ကျွန်တော့်ကိုမေးတယ်။

ကျွန်တော် ခပ်တည်တည်နဲ့ ညာလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း. . . . နောက်မှပဲ. . နင့်ဆီက ကူးတော့မယ်၊ ခုနား ထောင်နေတာလေ. . .'

'အော်. . အင်း. . အင်း. . ကောင်းပါတယ်'

ဒီအကောင်းမြင်ဝါဒီမလေးကတော့ ဘာမှန်းမသိ ကောင်းနေ တော့တာပါပဲ။ တစ်ခုတော့ ကောင်းတာပေါ့။ သူသာသိရင် ဆရာကြီး လုပ်နေအုံးမှာ။

ဆရာက စာသင်နေရင်းက တစ်ချက်တစ်ချက် ကျွန်တော့်ဆီ အကြည့်ရောက်ရောက်လာတာကို မသိုးမသန့်ခံစားရရင်းက လူက အတန်းထဲကနေ ထွက်ပြေးချင်စိတ်တွေပေါက်လာမိတယ်။ မနှစ်က ဒီ အတန်းထဲက သူ့တပည့်တချို့ရဲ့ ဖြစ်ရပ်တစ်ခုကို သူအမှတ်ရမနေဘူး လို့ ဘယ်သူက ပြောနိုင်မှာလဲ။ ပြီးတော့ ပိုဆိုးတာက သေသေချာချာ နီးပါးကြီးကို မျက်မှန်းတန်းမိနေတာပါပဲ။

ကျွန်တော် နွေဝတ်မှုန်မသိအောင် သက်ပြင်းပူပူတွေကို ခိုးရှိုက် ထုတ်နေမိတယ်။ ရုတ်တရက်ကြီး ဆရာ ကျွန်တော့်ကို နှုတ်မဆက်လိုက် သောက်ပါဘူးလို့ ဖြေတွေးရင်း ခေါင်းလည်း မော့မကြည့်ရဲသလိုပဲ။ အချိန်ရယ် မြန်မြန်ကုန်ပါတော့လို့ ကလေးတစ်ယောက်လို အော်ဟစ် ဆုတောင်းချင်နေမိတယ်။

တကယ်တော့ လူဆိုတာ စိတ်ရဲ့အကျဉ်းသားပါပဲ။

ခုပဲကြည့်လေ။ ကျွန်တော့်စိတ်ရဲ့ မလုံခြုံမှုက ကျွန်တော့်ကို အကျဉ်းအကြပ်ထဲ ရောက်စေခဲ့တာမဟုတ်လား။ ကျွန်တော့်ကို လွတ် မြောက်ခွင့် ပေးပါတော့။ ကျွန်တော် လွတ်မြောက်ချင်နေပါပြီ။

❖

www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဘယ်လဲ. . '

ဟိုဆရာအချိန်ပါတာမို့ ဒီနေ့တော့ ကျွန်တော်ပြေးမှဖြစ်တော့မယ်ဆိုပြီး လွယ်အိတ်ကိုကောက်အဆွဲ မရွှေမှုန်က မေးပါတယ်။

'ဒီနားခဏ. . '

'ဆရာလာတော့မှာ'

'အေး. . ပြန်လာခဲ့မယ်. . ခုပဲပြန်လာမှာ'

မှသာဝါဒကို အတိအကျကြီး ကျူးလွန်ပစ်လိုက်ပြီး ထွက်လာခဲ့တယ်။ လူက ထွက်သာလာတာ၊ ဘယ်သွားရမှန်းလည်းမသိဘူး။ အခန်းလွတ်တွေထဲလည်း သွားမထိုင်ချင်ဘူး။ ကင်တင်းလည်း မသွားချင်ဘူး။ ဒါနဲ့ ကားပေါ်ပြန်လာထိုင်ပြီး သီချင်းကို အကျယ်ကြီးဖွင့်၊ ခေါင်းကို စက်နှိုးထားပြီး အဲကွန်းဖွင့်ထားလိုက်တယ်။ အများအမြင်မှာတော့ မုန်းစရာကြီးနေမှာပါ။ ကျောင်းချိန်ကြီးမှာလေ။ ခက်တာက. . ကိုယ့်

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခနဲ့ကိုယ်. . ။ ကျောင်းကို လုံးဝဆက်မတက်ပဲ ပြန်သွားရအောင်လည်း မပြန်ချင်ဘူး။ မှန်တာပြောရရင် ကျွန်တော်စာသင်ခန်းကို ချစ်နေမိပြီ။

ကျွန်တော် အိပ်ပျော်သွားတယ်။ ကားမှန်ကို တတောက်တောက် လာခေါက်သံကြားမှ နိုးလာတယ်။

'ဟာ. . .'

နွေဝတ်မှုန်. . .။ မျက်မှောင်လေးကြုတ်ပြီး ရပ်နေတယ်။ တားတံခါးဖွင့်လိုက်တယ်ဆိုရင်ပဲ မေးခွန်းက အရင်ခုန်ချလာတယ်။

'နင် ဘာလုပ်နေတာလဲ'

'ဟိုလေ. . . ဟို. . .'

ကျွန်တော် ဘာပြောရမှန်းမသိဘူး။

'ငါ. . အတန်းမတက်ချင်လို့'

အမှန်အတိုင်း ဝန်ခံလိုက်တယ်။ နွေဝတ်မှုန်ကတော့ ကျွန်တော့်ဆီ ဘာမှ မပြောသေးဘူး။ အတန်းမတက်တာကို ဘာမှမပြောသေးတာ။

'နင် ခုဘာလုပ်မှာလဲ'

'အတန်းဆက်တက်မှာပါ'

'ဟဲ့. . . ခုဟာက နေ့လည်အားချိန်လေ၊ ပြီးရင် ပထမပြန်ဆက်ရမယ့်အချိန်မှာ အတန်းမယူဘူးတဲ့။ နောက်ဆုံး နှစ်ချိန်ဆက်ပဲ ရှိတယ်'

'ဒါဆိုလည်း ထမင်းသွားစားမယ်လေ'

'လာလေ. . . ဆင်း'

'လာပါဟာ. . . တစ်ခါတစ်လေ ငါတို့ အပြင်မှာသွားစားရအောင်'



www.burmeseclassic.com

www.burmeseclassic.com


'ပိုက်ဆံကုန်တယ်၊ ဘာပဲပြောပြော ကျောင်းကင်တင်းက သက်သာတယ်ဟ'

'ငါကျွေးမယ်'

'ဒါဆို ပြီးရော'

ဒီလိုကျတော့ မရွှေချောက ကားပေါ်စွေခနဲတက်လာတယ်။

'တပ်စေးနည်းမ'

'တပ်စေးနည်းတာ ဘာဖြစ်လဲ'

'နင့်ကြိုက်မယ့်သူ မရှိဘူးပေါ့'

'ရှိစမ်းပါစေ. . . အေးချမ်းတယ်'

အမှန်က ကျွန်တော် အတန်းမတက်ရခြင်း အကြောင်းအရင်းဘက် လှည့်မလာအောင် လျှောက်ပြောနေမိတာ၊ နွေဝတ်မှုန်က တကယ်တပ်စေးနည်းတဲ့သူ မဟုတ်ရှာပါဘူး။

ကျွန်တော်တို့အပြင်က ဆိုင်တစ်ဆိုင်မှာ ကြေးအိုးသွားသောက်ကြတယ်။ စားနေရင်းကမှ နွေဝတ်မှုန်က ဇာတ်ကြောင်းကို ပြန်စလေရဲ့။

'နင်နဲ့ အဲဒီဆရာ ဦးဝင်းကျော်နဲ့ သိလို့လား'

ကျွန်တော် ဆက်ခနဲ ခေါင်းထောင်သွားရတယ်။

'မသိပါဘူး၊ ဘာလို့လဲ'

'သူက နင့်ကိုမေးနေလို့'

'ငါ့ကိုမေးတယ်၊ စနေမိုးတဲ့လား'

'ဟင်အင်း၊ မနေ့က သမီးဘေးက သူငယ်ချင်းရောတဲ့'

'အော်'

'မနှစ်က နင်သူနဲ့ သင်ခဲ့ဖူးလား'


www.burmeseclassic.com

www.burmeseclassic.com



'ငါ မနှစ်က ၄ ပတ်ပဲ ကျောင်းတက်ခဲ့ရတာ၊ မမှတ်မိတော့ဘူး'

ကျွန်တော် တမင်စကားကို အပိတ်ပြောပစ်လိုက်တယ်။ ဆရာက တပည့်ကို မမှတ်မိဘူးပဲရှိမှာပါ။ တပည့်က မမှတ်မိတဲ့ဆရာဆိုတာ ဘယ်ရှိနိုင်ပါ့မလဲ။ ဒါကို နွေဝတ်မှုန်က ယုံတယ်။

'ဆရာက နင့်ကို မှတ်မိနေပုံပဲ'

ကျွန်တော် ကြောက်တာလည်း အဲဒါပဲ။ ကျွန်တော့်ရင်ထဲမှာလည်း ဘာမှန်းမသိတဲ့ အရာတွေနဲ့ မွန်းကြပ်လာခဲ့တယ်။ စားလက်စတွေတောင် ဆက်မစားချင်တော့ဘူး။

'ဟင်. . . နင်ဘာဖြစ်တာလဲ'

'ငါ. . . စိတ်တွေ ရှုပ်လာပြီ'

'ဘာလို့လဲ. . . နင်ကလဲ. . . ဆက်စားပါ၊ အတန်းပြန်တက်မယ့်အာကို'

'မတက်ချင်တော့ဘူး'

ဒီတော့မှ နွေဝတ်မှုန် မျက်မှောင်လေးပြန်ကြုတ်သွားတယ်။

'နင်. . . ငါ့ကိုမှန်မှန်ပြော. . . နင်တစ်ခုခုဖြစ်နေတယ်'

'ဘာမှမဖြစ်ဘူး'

'ဖြစ်ပါတယ်ဟာ'

'နင်က ဘာလို့သိရပြန်တာလဲ'

'နင့်ပုံစံကိုကြည့်ရင် သိတာပဲ'

'သိရင် နင်ပဲပြောလေ'

ကျွန်တော့် အရွဲ့စကားကြောင့် မျက်လုံးလေးပြူးသွားပြီးမှ နှာခေါင်းရှုံ့တယ်။ ပြီး ရအောင်ပြောပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင်. . . ဆရာဦးဝင်းကျော်နဲ့ တစ်ခုခုဖြစ်ထားပုံရတယ်'

'ဘာမှမဖြစ်ထားဘူး'

'ဘာမှ မဖြစ်ဘူးဆိုရင်တောင် နင်တို့ တစ်ယောက်ကို တစ်ယောက် သိနေတာတော့ သေချာတယ်'

'ဆရာတပည့်ပဲ'

'ဟော. . . ဟော. . . ပေါ်ပြီ၊ စောစောကတော့ မမှတ်မိတော့ဘူးဆို'

'ငါမှတ်မိတယ်လို့ မပြောပါဘူး၊ ဆရာက မှတ်မိနိုင်တယ်လို့ ပြောတာပါ'

'အော်. . . နင်က မင်းသားဆိုတော့ ဆရာက မှတ်မိရမှာပေါ့'

ဒီလိုကျတော့လည်း နွေဝတ်မှုန်က ရွဲ့တတ်သားပဲ။ ခက်တာက တွန်းတော့မှာလည်း သူ့ကို ဘယ်လိုရှင်းပြရရင်ကောင်းမလဲလို့ အသည်းအသန် စဉ်းစားနေရတုန်း။ ရှင်းပြတယ်ဆိုတာထက် ဝန်ခံပြောပြဖို့ စဉ်းစားနေတယ်ဆို ပိုမှန်မလားပဲ။

'မှန်'

တစ်ခါမှ အဲလိုမခေါ်ဖူးတာကြောင့် နွေဝတ်မှုန် အံ့ဩရိပ်သန်းတဲ့ မျက်နှာလေးနဲ့ မော့ကြည့်တယ်။

'ငါနင့်ကို ပြောစရာရှိတယ်'

'အင်း'

'ငါ့ဘဝအကြောင်းဆိုပါတော့. . . ရှင်းရှင်းပြောရရင် စောစောက နင်မေးတဲ့ ဆရာဦးဝင်းကျော်နဲ့ အနည်းငယ်ပတ်သက်တဲ့အကြောင်းပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး စကားကိုရပ်ထားတဲ့ အချိန်မှာ နွေဝတ်မှုန်က ဖြတ်ပြောတယ်။

'ဟို. . . ငါ. . . ငါ. . . အတင်းမမေးဘူးနော်. . . နင်. . . ပြောချင်မှ ပြောပါ'

သူ့စကားကြောင့် ကျွန်တော် ရယ်မိသေးတယ်။ နွေဝတ်မှုန်ဆိုတာ တစ်ဖက်သားကိုတော့ အတော် Care လုပ်တတ်တဲ့သူပါ။ ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ ဘာမှဆက်မထားချင်တော့ဘူး။ နွေဝတ်မှုန်လောက်ကိုတော့ ပြောပြမှဖြစ်တော့မယ်လို့ ထင်တယ်လေ။

'မဟုတ်ဘူးလေ. . . မှုန်. . . နင်က ငါ့ရဲ့တစ်ဦးတည်းသော သူငယ်ချင်းလေ၊ ငါနင့်ကိုတော့ ပြောမှဖြစ်မယ်'

'အင်းအင်း. . . ဒါဆိုလည်း စားပြီးမှပြော'

'မစားချင်တော့ဘူး'

ကျွန်တော် အဲလိုပြောတော့ နွေဝတ်မှုန်က လက်ထဲကို တူပြန်လာထည့်ပေးပြီး ကလေးတစ်ယောက်ကို ချော့သလို ပြန်ချော့တယ်။

'ရော့. . . ရော့ စားပါဟာ၊ စားပြီးအတန်းမတက်ချင်ရင်လည်း မတက်နဲ့လေ. . . ငါစာကူးပေးမယ်'

သူ့စကားကြောင့် ကျွန်တော် ပြုံးမိတယ်။ သူ့စကားနဲ့ပြောပုံလေးဟာ နားထောင်ချင်စရာလေးလေ။ ကျွန်တော် တူကိုပြန်ကိုင်ပြီး ဆက်စားလိုက်တယ်။ အဲဒီအချိန်မှာ သူမက တခြားစကားတွေကို စပြောနေပါပြီ။ ကျွန်တော့်ကို အာရုံပြောင်းနေတဲ့ပုံမျိုးနဲ့။ ကျွန်တော်ပြောမယ့်အကြောင်းအရာတွေဟာ စိတ်မချမ်းသာစရာဖြစ်မယ်ဆိုတာ ကြိုသိနေပုံပဲ။

'နင်. . . ဒီနေ့အတန်းထဲက ကွင်းကို တွေ့လိုက်သေးလား'



www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . တွေ့သားပဲ၊ ဘာလို့လဲ'

'မိုက်တယ်နော်. . . သူက စတိုင်လ်ကို မိုက်တာ'

'အင်း. . . သူကြည့်ရတာ ပင်ပန်းပါတယ်'

'ဟင်. . . ဘာလို့လဲ'

' Smart ကျအောင် ဂရုစိုက်နေရတော့ မလွတ်လပ်တော့ဘူးပေါ့'

'သူ့အတွက်ကတော့ နင်ထင်သလို ဖြစ်ချင်မှဖြစ်မှာပေါ့။ မလှဘူးလား၊ ဟဲ့. . . နင်စိတ်မဝင်စားဘူးလား'

'ဝင်စားပါတယ်. . . ဟဲဟဲ'

တမင်သက်သက် စိတ်ဝင်စားဟန်ပြလိုက်တော့လည်း မရွှေမှုန်က မျက်စောင်းထိုးပြန်ပါတယ်။ သူပဲစိတ်ဝင်စားအောင် တဖွဲ့တနွဲ့လာပြောနေပြီးတော့များ။ ပြီးတော့ အဲဒီကောင်မလေးက ဘယ်မှာနေတာ ဘယ်လိုနဲ့ ပြောနေပြန်တယ်။ သူပြောသမျှက ကျွန်တော်သိပြီးသားတွေချည်းပဲ။ မသိချင်ယောင်ဆောင်ပြီး နားထောင်ပေးလိုက်ပါတယ်။ လည်မလိုနဲ့ တုံးတဲ့ကောင်မလေးကို သနားလို့။

ပြီးရင်တော့ ငါ့အလှည့်ပေါ့. . . မှုန်။

❖



www.burmeseclassic.com

www.burmeseclassic.com


'မနှစ်က ငါ့မှာသူငယ်ချင်းလေးယောက် ရှိတယ်၊ ငါပါ ပါရင် ငါးယောက်ပေါ့'

'အင်း'

'စနေမိုးရယ်၊ ဇွဲရယ်၊ သီဟနိုင်ရယ်၊ လတ်ဝဏ္ဏရယ်၊ စိတ္တရယ် ဆိုရင် အတန်းထဲကကောင်မလေးတွေ သည်းသည်းလှုပ်ပဲ'

'အရေးထဲ. . .'

ကျွန်တော့်စကားကို သူက ယုံပုံမရပါဘူး။ အမှန်ကတော့ အတယ်ပါ။ စောစောက သူပြောတဲ့ကွင်း Style မိုက်သလို ကျွန်တော်တို့ အုပ်စုလိုက်ကလည်း အဲလို Style မျိုးတွေလေ။ တမင်လုပ်ယူထားတာပါ။ ပေါ်ပြူလာ ဖြစ်ချင်ခဲ့တာကိုး။ အဲဒီထဲမှာမှ ကျွန်တော်နဲ့ လတ်ဝဏ္ဏက တစ်ဘာသာ၊ ကျန်သုံးကောင်က တစ်ဘာသာ။

'ဇွဲရယ်၊ သီဟရယ် စိတ္တရယ်က နည်းနည်းဆိုးတယ်'


www.burmeseclassic.com

www.burmeseclassic.com



'နင်က လိမ္မာတယ်ပေါ့'

'အင်း. . . လိမ္မာတယ် မဟုတ်တောင် မဟုတ်တာမလုပ်ဘူးပေါ့တာ'

'အင်းပါ'

'အဲဒီလိုနဲ့ တစ်နေ့မှာ'

'အင်း'

'လတ်ဝဏ္ဏကျောင်းမတက်လို့ ငါသူတို့အုပ်စုနဲ့အတူ ရှိနေခဲ့တယ်'

'အင်း'

'အခန်းလွတ်ထဲမှာ သူတို့က တစ်ထောင့်ဆီမှာထိုင်ပြီး ဆေးလိပ်သောက်နေကြတယ်၊ ငါက ဒီဘက်မှာ discman နဲ့ သီချင်းနားထောင်နေတာ'

'အင်း'

'အဲဒီအချိန်မှာပဲ စိတ္တက Toilet သွားဦးမယ် ခဏဆိုပြီး သူ့ကျောပိုးအိတ်ကို ငါ့စားပွဲပေါ် လာတင်သွားတယ်'

'အင်း'

'တစ်ခုခုဖြစ်တော့မှာကို သိသလို မှုန့် မျက်နှာလေးက စိုးရိမ်ကြောင့်ကြနေသလိုပဲ။ မျက်လုံးလေးတွေက ဝိုင်းလို့။

'အဲဒီအချိန်မှာပဲ ငါတို့ကို'

ကျွန်တော့်စကားတွေ ရပ်သွားရတယ်။ ဆက်ပြောဖို့ အားမရှိတော့သလိုပဲ။ အဲဒီ အဖြစ်အပျက်ကြီးကို ရုပ်ရှင်အနှေးပြကွက်တွေ တစ်ကဒ်ချင်း ပြန်ပြသလို ပြန်မြင်လာတယ်။ အရပ်ဝတ်တွေနဲ့ တာဝန်ရှိသူတွေ ရောက်လာကြတယ်။ ဇွဲနဲ့ သီဟတို့ကိုတော့ လက်ထဲက စီးကရက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာကို မူးယစ်ဆေးဝါးတွေ့တာမို့ ဘာမှ ပြောစရာမလိုတော့ဘူး။ ကျွန်တော်ကျ ဘာမှလုပ်မနေဘူး။ ဒါပေမယ့် ကျွန်တော့်ရှေ့မှာ စိတ္တရဲ့ အိတ်က ရှိနေတယ်။ သူတို့ စိတ္တကို လိုက်ရှာကြပေမယ့် မတွေ့တော့ဘူး။ ကျွန်တော်ဟာ သူတို့နဲ့အတူ အချုပ်ထဲမှာ လနဲ့ချီနေခဲ့ရတယ်။ မိဘ မောင်နှမတွေရဲ့ မသင်္ကာမှုကို ခံခဲ့ရတယ်။ ကျွန်တော့်ဆေးစစ်ချက်တွေ အရ ကျွန်တော်ဟာ သုံးစွဲသူမဟုတ်ပေမယ့် စိတ္တအိတ်နဲ့ အထဲက ပစ္စည်းတွေက ကျွန်တော့်ရှေ့မှာတွေ့တာ ဖြစ်နေတယ်။ စိတ္တကိုယ်၌က ဒါဟာ သူ့ပစ္စည်းပါလို့ လာဝန်ခံမှ ရတော့မှာလေ။ ဖွဲ့နဲ့ သီဟကလည်း ဒီအိတ်ဟာ စိတ္တဟာပါလို့ ဘယ်သူကမှ ထောက်ခံမထွက်ပေးကြဘူး။ အဲဒီလိုနဲ့ သုံးလလောက်ကြာမှ စိတ္တကိုတွေ့တယ်။ အားလုံး စစ်ဆေးပြီး ချိန်မှာ ကျွန်တော် အမှန်တရားအတိုင်း အိမ်ပြန်လာခဲ့ရပေမယ့် ကျောင်း မတက်ရတော့ဘူး။ ဒီ Case တွေအားလုံး ကင်းရှင်းကြောင်းနဲ့ ကျောင်း တက်ခွင့်ရဖို့ မေမေ တော်တော်လေး လိုက်ရှင်းလိုက်ရတယ်။ ခက်တာက ဒီနေ့ထိ ဖေဖေ၊ ကိုကိုနဲ့ မမက ကျွန်တော့်ကို မယုံကြသေးဘူး။ လူဆိုး တစ်ယောက်လို သဘောထားတဲ့အကြည့်တွေကို ကျွန်တော် မခံစားနိုင် ဘူး ဖြစ်နေတယ်။ ဘာလုပ်လုပ် အကောင်းမမြင်မှုက အဲဒီက စတော့ တာပါပဲ။

ကျွန်တော့်စကားတွေကို သေချာ တလေးတနက် နားထောင်နေ တဲ့ နွေဝတ်မှုန်တစ်ယောက် စကားအဆုံးမှာတော့ ဘာပြောရမှန်းမသိ တော့တဲ့ပုံနဲ့ တအံ့တသြလေး ကြည့်နေတယ်။

'တကယ်ဆို. . . နင်ဘာမှ မှ မလုပ်ခဲ့ဘဲ'

'ဒါပေမယ့် ငါအကုန်ဖြစ်ခဲ့ပြီးပြီလေ'

www.burmeseclassic.com

www.burmeseclassic.com



'အေးလေ. . . ဟုတ်ပါတယ်၊ ကံလို့ပဲ ပြောရတော့မလား'

ကျွန်တော်ပြုံးလိုက်တယ်။ မေမေ့ဆီကကြားနေကျ နှစ်သိမ့်တဲ့ ဖြေဆေးတွေလို စကားမျိုး မှုန့်ဆီက ကြားရဦးတော့မယ်ထင်ပါရဲ့ဆိုပြီးလေ။ ဒါပေမယ့် မရွှေမှုန်က အဲလိုမပြောပါဘူး။ ခုကိစ္စကိုပဲ ပြောတယ်။

'အဲဒါနဲ့ ဦးဝင်းကျော်နဲ့ ဘာဆိုင်လဲ'

'ဖြစ်ခဲ့တဲ့ကိစ္စကို ဦးဝင်းကျော် သိတယ်လေ'

'အော်'

'ဦးဝင်းကျော်ကြည့်ရတာ သူ့စိတ်ထဲမှာလည်း ငါ့ကို မူးယစ်ဆေးဝါးသုံးဖူးတဲ့ ကလေးတစ်ယောက်လို့ တွေးရင် တွေးနေမှာပေါ့'

'နင့်မှာ အပြစ်မရှိဘဲ ပြန်လွတ်လာတာ ဆရာ မသိဘူးလား'

'ဘယ်သိမှာလဲ'

'ဟင်. . . ဘာလို့ မသိရမှာလဲ၊ သိရမှာပေါ့'

အဲဒီစကားကို သူ ဘာအဓိပ္ပာယ်နဲ့ပြောမှန်း ကျွန်တော်မသိပါဘူး။

'ငါက လိုက်ကြေညာနေရမှာလား၊ ငါသည်အပြစ်မရှိ လွတ်မြောက်လာခဲ့ပြီဖြစ်ကြောင်း'

'ငါဆိုလိုတာ အဲလိုမဟုတ်ဘူး'

'ဘယ်လိုလဲ'

'သူသိခဲ့တဲ့ ဖြစ်စဉ်တစ်ခုရဲ့ နောက်ဆုံးရလဒ် အခြေအနေကို သူသိသင့်တယ်လို့ ထင်တယ်လေ'

'ဆရာတွေလည်း သူ့အလုပ်သူလုပ်နေရတာ၊ ငါ့ကို ဘယ်ဂရုစိုက်အားမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဒါပေါ့'

'ဟိုဟာက ဟိုဟာပေါ့'

ကျွန်တော်ဖြတ်နောက်လိုက်တော့မှ မှုန်က စိတ်ကလေးလျှော့ချလိုက်ပုံနဲ့ ပြုံးတယ်။ ပြီးမှ. . .

'ခု. . . နင်က လူကောင်းပဲ. . . ဘာဖြစ်စရာရှိလဲ'

'ငါ ဘာဖြစ်လို့လဲ'

'နင် ဆရာ့ကို ရှောင်နေတာ'

'သူ့ကြည့်တဲ့ အကြည့်ကို ငါမခံနိုင်ဘူး'

'ဒါကြောင့် သူ့ကိုသိအောင် ပြောပြသင့်တယ်လေ'

'ငါက လိုက်ရှင်းနေရမှာလား'

'အဲလိုတော့ မဟုတ်ဘူးလေ'

'မဟုတ်ရင်လည်း ပြောမနေနဲ့၊ တော်ကြာလူကြားထဲ လာမေးနေရင် ဒုက္ခမဖြစ်ဘူးလား'

'ဟယ်. . . အဲလိုတော့ ဆရာ မလုပ်လောက်ပါဘူး'

'နင် အာမခံလား'

'ခံတယ်. . . ပြီးတော့ ငါဆရာ့ကို အဲဒီအကြောင်း မကြုံကြုံအောင် သွားပြောပြဦးမယ်'

မှုန်က လက်သီးကလေး ဖွဖွဆုပ်ရင်း ပြောတယ်။ ဒီကောင်မလေးဟာ အဲဒီလောက် ပေါင်းရကောင်းလိမ့်မယ်လို့ တစ်ခါမှ မထင်ထားခဲ့ဖူးဘူး။ ဒါပေမယ့် သူ့ကို အဲလိုကြီးတော့ မလုပ်စေချင်ဘူး။ လုပ်ပဲနေပြန်ရင်လည်း ကျွန်တော့်စိတ်အခြေအနေက အဆင်ပြေမှာမဟုတ်ဘူး။ ကျွန်တော့်စိတ်အခြေအနေ အဆင်ပြေဖို့က ဒီဆရာအမြင်

ကြောင့်နှစ်ကောင်အချုပ်ဆိုင်

www.burmeseclassic.com

www.burmeseclassic.com



တွေ ကြည်လင်သွားဖို့ အစိကလိုအပ်နေတယ်ဆိုတာတော့ သေချာတယ်။ ကျန်တဲ့ ဆရာ/မတွေက ပြောင်းကြရွှေ့ကြ၊ မသိကြတာနဲ့ သိပ်အရေးမကြီးဘူး။ သူတစ်ယောက်ပဲ လူဟောင်းရှိတာကိုး။

'အဲဒီလိုကြီးတော့ တကူးတက သွားမပြောပါနဲ့ မှုန်ရာ'

'ဆရာက ဒီနေ့ငါ့ကို မေးသွားတယ်လေ'

'အင်းလေ'

'ခပ်တည်တည်နဲ့ ငါစာမေးသလိုနဲ့ သွားမေးရင်း ပြောခဲ့မယ်လေဟာ'

'အတင်းကြီး လိုက်ရှင်းပြသလို ဖြစ်နေမလား'

ကျွန်တော့်စကားကြောင့် မှုန်က နှုတ်ခမ်းလေးကို မဲ့ပြတယ်။

'အရေးထဲ. . . နင့်ဟာက ဒီကိစ္စက သမီးရည်းစားကိစ္စမဟုတ်ဘူးလေ၊ ပြောသင့်တာ ပြောရမှာပဲ'

သူပြောတော့လည်း ဟုတ်သလိုလို။

'ဒါလည်း ဟုတ်တာပဲ'

'ကဲ. . . ဒါဆို ငါတို့ကျောင်းထဲပြန်ဝင်ရအောင်'

'အတန်းချိန်ကြီးမတက်ဘဲ နင်ကဆရာ့ဆီ သွားဦးမလို့လား'

'ရပါတယ်ဟာ'

ကျွန်တော်ကားကို ကျောင်းထဲပြန်မောင်းလာခဲ့လိုက်တယ်။ မှုန် ကျွန်တော့်ကားနဲ့ လိုက်လာတာ ဒါပထမဆုံးအကြိမ်ပဲ။ ကျွန်တော်တို့ထ ကျောင်းတက်ရင် အတူတွဲထိုင်ဖြစ်တယ်။ (ပူးပူးကပ်ကပ်ကြီးတော့ မဟုတ်ဘူးပေါ့)။ ကင်တင်း အတူသွားတယ်။ ပြီးရင်တော့ ကိုယ့်ဟာကိုယ် ပြန်ကြတာပဲ။ ဒီနေ့ထိ မှုန် ဘယ်မှာနေမှန်း ကျွန်တော် မသိသလို ကျွန်တော်

www.burmeseclassic.com



ဘယ်မှာနေမှန်းလဲ မှန် သိပုံမရဘူး။ သိချင်ပုံလည်း မရှိဘူး။ ကျွန်တော့်ဟာ ကျွန်တော် (စနေမိုးဆိုတာ စနေမိုးပဲ) ဆိုတာလောက်နဲ့ ပြည့်စုံပုံရတယ်။ ဟုတ်တော့ဟုတ်တာပဲ။ သူငယ်ချင်းဆိုတဲ့ ဆက်ဆံရေးမှာ ပွင့်လင်း ရင်းနှီးဖို့လိုတာတော့ အမှန်ပဲ။ ဒါပေမယ့် အရမ်းကြီး ဘယ်သူ့ဘယ်ဝါ၊ ဘာလုပ်ပြီး ဘယ်မှာနေတယ်၊ သူ့မိဘက ဘာဆိုတာက အရေးမကြီးပါဘူး။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာ ခုထိ အရေးကြီးမှုတွေ အရေးမကြီးမှုတွေအကြောင်း မဆွေးနွေးရသေးပေမယ့် တူညီမှာ သေချာတယ်လို့ ကျွန်တော်ယုံတယ်။

ကျောင်းရောက်တော့ မှန်က နင်နေခဲ့ဦးဆိုပြီး ဌာနဘက်ကို သူတစ်ယောက်တည်း လျှောက်သွားလေရဲ့။ ကျွန်တော် သူပြန်အလာကို စောင့်နေရုံကလွဲလို့ ဘာလုပ်လို့ရဦးမှာတဲ့လဲ။

❖

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကျောင်းရောက်ချိန်မှာ ကျွန်တော့်စိတ်တွေ ပေါ့ပါးနေခဲ့တယ်။ ဆရာဦးဝင်းကျော်ကို သွားပြောပြလိုက်တာဟာ အားလုံးကို confession ပေးလိုက်ရသလို ခံစားရစေတာမို့ မှုန့်ကို ကျေးဇူးတင်မိတာ အမှန်ပဲ။

'ငါ နင့်အတွက် မုန့်ယူလာတယ်. . . မှုန်'

'မုန့်. . . ဟုတ်လား၊ ဝယ်လာတာလား'

'အာ. . . ကြီးကြီးစည်ရာ မေမေလုပ်ပေးတာ'

'ဟုတ်လား ဘာမုန့်လဲ'

'ဆီထမင်းနဲ့ ငါးခြောက်'

'ဟယ်. . . တကယ်'

'နင်ကြိုက်လား'

'အင်း'



www.burmeseclassic.com

www.burmeseclassic.com



'ရော့. . . ကားသော့၊ ကားထဲမှာ ကိုယ့်ဟာကိုယ်သွားယူ'

ခုနက ကျေနပ်သွားတဲ့မျက်လုံးတွေ ချက်ချင်း အရောင်ပြောင်းသွားတယ်။

'နင်ကတော့လေ' လို့ စူပွပွပြောတယ်။ မတတ်နိုင်ဘူး။ ကျွန်တော်မှ အဲဒီဘူးကြီးကိုင်ပြီး ဆင်းမလာချင်တာ။ သူကလည်း ကျွန်တော့်ကို နားလည်တာလား၊ ဆီထမင်းကို နားလည်တာလားမသိတဲ့ ခြေလှမ်းတွေနဲ့ ကားဆီလျှောက်သွားလေရဲ့။ ပြီး ကျွန်တော်တို့ ကင်တင်းမှာ အတူထိုင်စားကြတယ်။

'နင်က စားမလာခဲ့လို့လား'

'အင်း'

'ထူးထူးဆန်းဆန်း'

'အချိန်မရှိဘူးဆိုပြီး ထည့်လာလို့ နင်ပါစားရတာပေါ့'

'ဟင်. . . ငါ့အတွက်ဆို'

'အင်းလေ. . . ပိုထည့်ခိုင်းထားပါတယ်'

'ပြီးရော. . . ငါက စားမှာပဲ'

'စားပါ. . . ငါ့ကိုကျော်ပြီး စားနိုင်ရင်ပေါ့'

ကျွန်တော်တို့ တကယ့်ကို အပြိုင် လုစားကြတာ။ ထမင်းဘူးအစ်ဘူးနဲ့ထည့်ထားတဲ့ ဆီထမင်းက ကုန်ရော။

'နင်. . . ဒီနေ့ အတန်းတက်မှာ မဟုတ်လား'

'အင်း. . . '

'ဦးဝင်းကျော်အချိန် မပါဘူး'

သူ့စကားကြောင့် ကျွန်တော် ရယ်ရသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



'နင်မနေ့တပြောတော့ ဆရာက ဘာပြောလဲ'

'ဆရာက နင့်ကို သေချာမှတ်မိနေတာ၊ နင်ပြန်လာတက်နေတာ တိုတွေလို့ အံ့ဩနေတာလည်းပါတာပေါ့။ ဒါပေမယ့် နင်ဘာမှမလုပ်တာ သေချာလို့ ဒီလို ကျောင်းပြန်တက်နေနိုင်တယ်ဆိုတာတော့ သူမှန်းမိပါ တယ်တဲ့'

'သူက နင်ပြောတာကို ယုံလား'

'ငါပြောတာကို ယုံတာမဟုတ်ပါဘူး၊ နင့်ကိုပဲ ယုံတာပါ'

ကဲ. . . ဘယ်လောက်ကျေနပ်စရာကောင်းလိုက်တဲ့ စကားလဲ၊ ကျွန်တော် စိတ်လက်ပေါ့ပါးနေမိတာအမှန်ပဲ။

'ရော့. . . ဒီဘူး ကားထဲသွားထားလိုက်ဦး'

'ဟာ. . . မထားပါဘူး၊ အပြန်ကျမှ ငါလိုက်တင်ပေးမယ်'

'အေး. . . ကောင်းတယ်၊ အပြန်ကျမှ တင်ပေးလိုက်'

'ဒါနဲ့'

'ဘာလဲ'

'နင်က ဘယ်မှာနေတာလဲ'

'ရှစ်မိုင်မှာ'

'ဟင်. . . ငါက ၇ မိုင်မှာနေတာ'

'တကယ်'

'တကယ်. . . ဒါဆို နင်ငါနဲ့ ပြန်လိုက်လို့ရတာပဲ၊ ငါ့ကိုကား တော့ပေးပေါ့ဟာ. . . နော်'

ကျွန်တော့်စကားကို သူက မျက်စောင်းထိုးပါတယ်။ ဒါပေမဲ့ မပေးဘူးတော့ မပြောပြန်ပါဘူး။ ပြောပုံကို ကြည့်ပါဦး



www.burmeseclassic.com

www.burmeseclassic.com



'တစ်လတစ်ခါ ရှင်းမယ်၊ စာရင်းမှတ်ထားလိုက်' တဲ့။

'နင့်ကြည့်ရတာရပ်ကွက်ထဲက မိန်းမကြီးတွေကျနေတာပဲ' ဆိုတော့ သူရယ်ပါတယ်။

'အတန်းထဲရောက်တယ်ဆိုရင်ပဲ ဒေါ်နွေဝတ်မှုန်တို့ မအားတော့ပါဘူး။ ဟိုလူ့ နှုတ်ဆက်ရ၊ ဒီလူ့ နှုတ်ဆက်ရ၊ ဟိုကလာ နှုတ်ဆက်၊ ဒီကလာ နှုတ်ဆက်နဲ့ တစ်တန်းလုံးက သူ့ပဲ လာဦးတိုက်နေလား မှတ်ရတယ်၊ အမြင်ကပ်ချင်စရာ။ ဒေါ်းက ကျွန်တော့်ကိုတော့ ဘယ်သူကမှ ရှိတယ်တောင် မထင်ကြပါဘူး။

'ဟိုနေ့က ဆွဲထားတဲ့ Graph လေးကြည့်ချင်လို့ နွေ'

'ဟဲ့. . . Paper II စာအုပ် ခဏလောက်ငှားပါဦး ဝတ်မှုန်ရယ်၊ ပလိစ်'

'အော်. . . မေ့နေလိုက်တာ၊ ဟိုနေ့က ပုစ္ဆာတစ်ပုဒ်၊ နင်ပြန်ရှင်းပြမယ် ဆိုတာလေ'

'ရော့. ရော့. ငါနင့်ဆီက မနေ့က ငှားသွားတဲ့ သချာစာအုပ်'

ဂျွတ်. . . ရှပ်ယှက်ကို ခတ်နေတာပဲ။ အများနဲ့တစ်ယောက်သူပဲ တတ်နိုင်လွန်းပါတယ်။

ဆရာဝင်လာမှပဲ မျက်စိနောက်၊ နားနောက် သက်သာတော့တယ်။ ဒါတောင် ပေါ်တင်ကြီး ဒီနားလာထိုင်ပါလားဓေါ် တဲ့သူက ရှိသေးတယ်။

'နင့်ဟာတွေက ငါ့ကိုရှိတယ်ထင်ကြရဲ့လား'

ကျွန်တော် အမြင်ကပ်တာမို့ ခပ်တိုးတိုးလှည့်မေးလိုက်တယ်။

'ဟင် ဘာလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင်ပဲဝိုင်းပြီး ပြောချင်ရာပြောပြီး ခေါ်နေတာ၊ ဒီမှာ ငါတစ်ကောင်လုံးထိုင်နေတာ မမြင်ဘူးလား'

'ဟာ. . . နင်ကလဲ'

သူ့ နင်ကလဲက ဘာအဓိပ္ပာယ်မှန်းမသိပါဘူး။ ဘာမှပြောစရာမရှိလို့ ပြန်ပြောတဲ့စကားလုံးလို့ပဲ ကျွန်တော်သတ်မှတ်တယ်။ ခက်တာက သူ့ကို ဒီလူတွေနဲ့ မပေါင်းနဲ့လို့ ကန့်သတ်ချုပ်ချယ်ပိုင်ခွင့်လည်း ကျွန်တော့်မှာမှ မရှိတာ။ ဖြစ်ပုံကလည်း ကျွန်တော်က အမြဲတမ်း ရှုတည်တည်နဲ့ မျက်မှောင်ကြုတ်နေတတ်ပြီး သူ့ကျတော့ အမြဲတမ်း ကြည်ကြည်လင်လင်လေး ပြုံးနေတတ်တော့ တခြားစီကိုဖြစ်လို့။ ကျွန်တော်သာဆိုလည်း ကျွန်တော့်လို ကောင်မျိုးကို ခုလိုပဲ လျစ်လျူရှုဖြစ်မှာပဲလို့ တွေးမိပြီး စိတ်ကို လျှော့ထားလိုက်ရတယ် ။

အတန်းချိန်ကုန်တော့မှ နွေဝတ်မှုန်က ပြောတယ်။

'ငါ. . . အဲလိုအားလုံးနဲ့ခင်တာ နင်မကြိုက်လို့လား'

'မကြိုက်စရာ မရှိပါဘူး'

'ဒါဆိုရင်'

'သူတို့က နင့်ကိုခင်တာလား၊ နင့်ကို အလိုရှိတာလား'

ကျွန်တော့်စကားကြောင့် နွေဝတ်မှုန် မျက်မှောင်လေး ကြုတ်သွားတယ်။

'မတူဘူးလား နေမိုးရယ်'

ကြည့်ပါဦး။ ကျွန်တော်က သူ့ကို 'မှုန်'လို့ ခေါ်လို့တဲ့။ ကျွန်တော့် နာမည်ကို ပြန်ဖြတ်ခေါ်ပုံက 'နေမိုး'တဲ့။ သူက 'မှုန်'ဆိုတာတော့ သူ့မနာမည်နဲ့ တူတယ်တဲ့။ ကျွန်တော့်ကျတော့လည်း သူနဲ့ ဒီစာလုံးနဲ့က



www.burmeseclassic.com

www.burmeseclassic.com


အလိုက်ဖက်ဆုံးလို့ ထင်တယ်။ ဘာတတ်နိုင်လဲ။ ဒီတော့သူက 'နေမိုး' ဆိုလည်း 'နေမိုး'ပေါ့။ 'စနေမိုး' မဟုတ်တော့တာမှ မဟုတ်တာ။

'မတူပါဘူး၊ ခုကြည့်လေ၊ အားလုံးက နင့်ကိုအလိုရှိလို့ ပေါင်းနေကြတာ'

'အလိုရှိလို့'

'အင်းလေ. . . နင့်ဆီက စာအုပ်ငှားလို့ရလို့ ဘယ်လောက်အဆင်ပြေလဲ၊ သပ်သပ်ရပ်ရပ်နဲ့ သေချာပြည့်စုံတဲ့ စာအုပ်ရမှာ၊ Graph စာရွက်ကအစ ကူးဆွဲတယ်၊ စာရှင်းပြခိုင်းတယ်၊ ဘယ်မှာလဲ၊ နင့်အတွက် သူတို့ တုန့်ပြန်မှု'

ကျွန်တော့်စကားကြောင့် သူတစ်ခါမှ မကြားထားဖူးတဲ့၊ မစဉ်းစားထားဖူးတဲ့ Topic တစ်ခုကို ကြားလိုက်ရသလို မျက်လုံးအဝိုင်းသားလေးဖြစ်သွားတယ်။ ပြီးမှ. . .

'တုံ့ပြန်မှု. . . ငါမှ မလိုချင်တာ၊ ငါလိုချင်တာ. . . အားလုံးအဆင်ပြေသွားဖို့ပဲ'

'ဘာလဲ. . . နင်က ခေတ်သစ် ပေါ်လီယာနာလုပ်ချင်လို့လား'

'အာ. . . အဲလို မဟုတ်ပါဘူး'

'လုပ်ချင်လို့လည်း မရဘူး၊ ဒီခေတ်ကြီးနဲ့ မတန်ဘူး'

'ဒီခေတ်က ဘာဖြစ်နေလို့လဲ'

'လူတွေက တစ်ယောက်မှ မယုံရတော့ဘူး'

'ဟုတ်လား. . . နင်ရော'

'ငါလည်း မယုံရပါဘူး'

သူ့အတွက် အကောင်းပြောနေတာကို နင်ရောလို့ မြင်မေးလာလို့ အမြင်ကပ်ကပ်နဲ့ ငါပါမယုံရဘူးလို့ ပြောပစ်လိုက်တယ်။ ဒီလိုတော့တော့


www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော့်ကိုပြုံးပြီး ပုခုံးလေးတွန့်ပြတယ်။

'နင့်ကိုတော့ ငါယုံပါတယ်' လို့ ချော့တယ်။

'မယုံနဲ့ ငါလည်း နင့်ကိုမယုံဘူး'

ဆိုတော့ ရယ်တယ်။ ဘာမှန်းကို မသိဘူး။ ရယ်စရာမဟုတ်ဘဲ လည်း ရယ်တာပဲ။ ပြီး အလကားနေ အားလုံးကို ပြုံးပြနေတတ်သေး တယ်။ ပြီးတော့မှ စိတ်ရှည်လက်ရှည်နဲ့ ကျွန်တော့်ကို တရားချတော့ တယ်။

'နေမိုးရယ်၊ သူတို့ဘယ်လိုပဲ ရှိရှိလေ၊ လူဆိုတာ ကိုယ်စိုက်တဲ့ အသီးပဲ ကိုယ်စားရမှာပါ။ ကိုယ့်စေတနာ ကိုယ့်အကျိုးပေးပါလိမ့်မယ်၊ သူတို့ဘယ်လိုပဲ စိတ်ထားထား၊ ငါ့ဘက်က စိတ်ထားမှန်ရင် ကောင်းတာ ဖြစ်လိမ့်မယ်လို့ ငါက ခံယူထားတယ်။

'ကိုယ်စိုက်တဲ့အသီး သူများဝင်စားတာကို နင်မတွေ့ဖူးသေးဘူး ထင်တယ်'

'ရှိလည်း အဲဒီလူက တန်ပြန်တဲ့အကျိုးကို ခံရမှာပဲလို့ ငါယုံ တယ်လေ'

'နင်က တရားပေါက်နေတာလား'

'ဟင်အင်း စိတ်ထားတတ်တာ'

ကျွန်တော်ဘာမှ ဆက်မပြောတော့ဘူး။ ကျွန်တော်လည်း ကျွန် တော်လျှောက်တဲ့လမ်းပေါ်မှာ ကျွန်တော် လျှောက်မှာပဲ။ သူလည်း သူ့ လမ်းပေါ် သူလျှောက်မှာပေါ့လို့ တွေးထားလိုက်တယ်။ သို့သော် ခလုတ် မထိ ဆူးမငြိပါစေနဲ့ပေါ့။ ဒါတော့ ပြောမနေတော့ပါဘူး။ စကားနိုင်လုရ တာ ကျွန်တော်မှ ဝါသနာမပါဘဲ။

❖


www.burmeseclassic.com

www.burmeseclassic.com



အိမ်ကထွက်မယ်အလုပ်မှာ ကျွန်တော့်ကိုကြည့်ပြီး ပြောလိုက်တဲ့ အစ်ကိုလုပ်သူရဲ့ စကားတစ်ခွန်းကြောင့် ကျွန်တော် စိတ်ရှုပ်လာတယ်။ မေမေက အကြည့်လေးတစ်ချက်နဲ့ တားလိုက်လို့သာပဲ။ ပြောပုံကလည်း ...

'ဘယ်တော့ ဘာထပ်ဖြစ်မယ် မသိဘူး၊ မင်းပြဿနာကို ဒီတစ်ခါတော့ မင်းပဲ ရှင်းရမှာနော်'

တဲ့။

ထင်သလောက်တော့ ကျွန်တော်လည်း ဘာမှအများမလုပ်မိဘူး ထင်တာပဲ။ မနက်က မေမေနဲ့အတူ Breakfaset ထိုင်စားရင်း မုန့်ဖိုး တောင်းမိတယ်။ မေမေက ညက မနက်ကျသတိပေးနော်လို့ မှာထားလို့။ ဒါတို့ ဘာတွေထင်သွားလဲ မသိဘူး။ ကျွန်တော့်လက်ထဲမှာ ငွေများများရှိရင် မဟုတ်တာကျူးလွန်ဖို့ အခွင့်အရေးများမယ်လို့ ထင်နေပုံပဲ။ အရင်



www.burmeseclassic.com

www.burmeseclassic.com



တတော့ ကျွန်တော်တကယ်ပဲ။ ငွေကိုထင်သလို သုံးခဲ့ဖူးပါတယ်။ ဘာဖခါ Branded မဟုတ်ရင် မကိုင်ချင်အောင်လည်း ရွေ့ကအစ်ကိုနဲ့ အစ်မက ညွှန်ပြခဲ့တာကိုး။ Smart ကျကျနဲ့ စတိုင်လ်မိုက်နေအောင်လည်း နေခဲ့ဖူးတယ်။

ခုခါမှာတော့ အဲလိုမဟုတ်တော့ပါဘူး။ အမှန်က အလိုလို စိတ်ပြောင်းသွားတာ။ စိတ်ကျသွားတာဆို ပိုမှန်မလားပဲ။ တစ်နှစ်အတွင်း ကျွန်တော် အပြင်လည်းမထွက်၊ ဘာမှလည်း မဝယ်ခဲ့ဘူး။ ခုကျောင်းပြန်တက်မှ လိုအပ်တာ ဝယ်တာလောက်ပဲရှိတာ။

အမှန်ဆို မတော်တဆခံလိုက်ရတဲ့ ကျွန်တော့်ကို ဂရုဏာသက်ကြရမှာလေ။ ခုတော့ သူတို့က ကျွန်တော့်ကို မလှစုန်းရှိုး ဆိုသလို ရှိုးစွပ်ဖို့ပဲ ချောင်းကြည့်နေကြသလိုပဲ။ မမကဆို အချုပ်ထဲမှာနေခဲ့ဖူးတဲ့ ကျွန်တော့်ကို မသဒ္ဒီစရာကောင်းလို သဘောထားနေတုန်းပါပဲ။

ကျွန်တော့်ဘက်ကကျတော့လည်း ကျွန်တော် တကယ်မှားခဲ့လို့ဆိုရင် ခံသာသေးတယ်။ တကယ်လည်း မမှားခဲ့ဘဲနဲ့ မတရားသဖြင့် ခံခဲ့ရတာကို သူတို့က အမှန်လည်းသိနေလျက်သားနဲ့ အဲလိုဆက်ဆံတာကို စဉ်းစားမရဘူး။

ထုံးစံအတိုင်း မှူနဲ့ကို ကျွန်တော် ၈ မိုင်မှာဝင်ခေါ်တယ်။ မှူနဲ့က ကားဂိတ်အကျော်လေးမှာလာ လာစောင့်တယ်။ ကားပေါ်ရောက်တယ်ဆိုရင်ပဲ မှူနဲ့က သုန်မှုန်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး မေးတယ်။

'ဘာဖြစ်လာတာလဲ နေမိုး'

'စိတ်ညစ်လာတာ'

'ဟင် တူတူကြီးပဲ. . .'



www.burmeseclassic.com

www.burmeseclassic.com


'ဘာတူတာလဲ၊ နင်ရော စိတ်ညစ်လာလို့လား'

'အင်းလေ'

ကျွန်တော် သူ့မျက်နှာကို သေချာကြည့်မိတယ်။ ကျွန်တော့်လို လည်း သုန်မှုန်မနေဘူး။ မျက်မှောင်လည်း ကြုတ်မနေဘူး။

'နင့်ကြည့်ရတာ စိတ်ညစ်လာတဲ့ပုံလည်း မပေါက်ဘူး'

ကျွန်တော့်စကားကြောင့် မှုန်က ရယ်ပါတယ်၊ ရယ်လည်း ရယ် နိုင်နေသေးတယ်၊ အံ့သြပါရဲ့။

'ငါက ငိုနေရမှာလား နေမိုးရယ်'

'အဲလိုတော့ မဟုတ်ဘူးပေါ့'

'ငါ့အတွက်က ရိုးနေပါပြီ၊ သိပ်တော့လည်း မထူးဆန်းပါဘူး'

'ဘာရိုးတာလဲ'

'စိတ်ညစ်ရတာလေ'

သူမက စိတ်ညစ်ရတာကို ဖြစ်ရိုးဖြစ်စဉ်မို့ ရိုးနေပြီဆိုပဲ။

အင်း. . . သူ့လိုသာဆို ကျွန်တော်လည်း Use to ဖြစ်သင့်နေပြီ ဆင်ပါရဲ့။

'နင်ဘာလုပ်မှာလဲ. . . မှုန်'

ကျွန်တော့်မေးခွန်းကို မှုန်က နားမလည်သလို ပြန်ကြည့်တယ်။

'နင်လည်း စိတ်ညစ်နေတယ်၊ ငါလည်း စိတ်ညစ်နေတယ်၊ ဒီ ... ကျောင်းတက်ဦးမှာလားလို့ မေးတာ'

'မတက်လို့မရဘူး နေမိုး. . . ငါ့အိမ်က ငါ့ကို ကျောင်းတက်စေ ... ပြဿနာရှာနေတာ၊ သူတို့က ငါ့ကို ကျောင်းမတက်စေချင်ဘူးလေ'

'အံ့ရော'

www.burmeseclassic.com

www.burmeseclassic.com



'အေး. . . သူများတွေကျ မိဘကဖြစ်စေချင်ပြီး၊ သားသမီးက မလုပ်တာ၊ ငါ့ကျတော့ ငါဖြစ်ချင်ပြီး ငါ့မိဘက မိသားစုက မလုပ်စေချင်တာ'

'သူတို့က ဘာဖြစ်စေချင်တာလဲ'

'သူတို့လိုပဲ ဈေးရောင်းစေချင်တာပေါ့'

'ဘာရောင်းတာလဲဟင်'

ကျွန်တော်ဖြင့် မှုန်တို့မိသားစု ဘာလုပ်ကိုင် စားသောက်မှန်း တစ်ခါမှ မမေးခဲ့ဖူးဘူး။

'အိမ်ဆောက်ပစ္စည်းတွေလေ'

မှုန့်ဖြေပုံက သာမန်ပဲ။ ဒါပေမယ့် ဒီပစ္စည်းတွေဟာ သာမန် ဟင်းရွက်ကန်စွန်းရွက်ရောင်းသလို မဟုတ်ဘူးဆိုတာလောက်တော့ ကျွန်တော်သိပါတယ်။ နှယ်နှယ်ရရလောက်ဆိုရင်တောင်မှ အတော်လေးကို အဆင်ပြေမှာပါ။ ခုဟာက မှုန့်ကိုကျွန်တော်ဝင်မခေါ်ခင်က မှုန့်ကျောင်းကို ဘတ်စ်ကား၊ ဒါမှမဟုတ် ကျောင်းကားနဲ့ ထွက်ရတာပါ။ ဘယ်သူမှ လိုက်မပို့ပါဘူး။ ကျွန်တော်ဆို ကားရှိတယ်တောင် မထင်ခဲ့ဖူးဘူး။

ဘာပဲပြောပြော ကျွန်တော်တို့ စိတ်ညစ်တဲ့ အခြေခံချင်းတူပေမယ့် အဖြစ်အပျက်က မတူဘူး။ ပြီးတော့ မှုန်က လွယ်လွယ်နဲ့ ကျွန်တော့်လို စိတ်လျှော့တတ်ပုံလည်း မပေါ်ဘူး။

'ကဲပါဟာ ကျောင်းပဲသွားစမ်းပါ၊ ကျောင်းတက်ပြီး အားလုံးကို မေ့ထားရအောင်'

ကျွန်တော် ဘာမှမပြောဘူး။ ကျောင်းကိုပဲ မောင်းခဲ့လိုက်တယ်။

'နင် ဘာစားခဲ့ပြီးပြီလဲ မှုန်'



www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း၊ ဘာမှမစားရသေးဘူး၊ နင်ရော'

'ငါက ပြီးခဲ့ပြီ၊ နင်တစ်ခုခုစားဦးလေ'

'ကျောင်းကျစားတာပေါ့ဟာ'

ကျောင်းကျတော့ အတန်းကစနေပြီ၊ ဒါကြောင့် မရှေ့မှန် ဘာမှ မစားလိုက်ရဘူး။ အိတ်ထဲမွှေနှိုက်ရှာပြီး ထွက်လာတဲ့ သကြားလုံးနှစ်လုံး ကို ဖောက်စားလိုက်တာ တွေ့ရတယ်။ အဆင်တော့ပြေနေတာပဲ။ လော လောဆယ်ပေါ့။ ပြီးမှ ဘာဖြစ်မလဲ မသိဘူး။

နှစ်ချိန်ပြီးတော့ အနားမှာ ရေသွားသောက်တယ်။ ပြီး လာ ညည်းသေးတယ်။

'ဆာလိုက်တာဟာ'တဲ့။

'ဒီအချိန်မတက်နဲ့တော့လေ၊ လာ ထမင်းသွားစားမယ်'

'ဟာ ခဏလေးဟာကို၊ ဒီတစ်ချိန်ပြီးရင် ပြီးပြီလေ'

'နင့်တစ်ချိန်က မိနစ် ၅၀ ဟ'

'အော်. . . သိပ်တော့ မထူးတော့ပါဘူး'

'ပြီးတာပဲ'

ကျွန်တော်ဘာမှ ဆက်မပြောတော့ဘူး။ ဟုတ်တယ်လေ။ ပြော ညည်း ပြုံးပြုံးလေးနဲ့ reason တွေ တစ်ခုပြီးတစ်ခု ထွက်ကျလာမှာပဲ။ အမှန်တော့ နွေဝတ်မှုန်ဆိုတာလည်း ခပ်ဖျော့ဖျော့ထင်ရပေမယ့် အတော် ခေါင်းမာပြီး လုပ်ချင်ရာလုပ်တတ်တဲ့ ကောင်မလေးပါ။

နေ့လည် ထမင်းစားချိန်ကျ နွေဝတ်မှုန် တစ်ယောက် ထွေ ထွေ ထတ်ပါတော့တယ်။

'ဘာဖြစ်နေတာလဲ. . . မှုန်'

www.burmeseclassic.com

www.burmeseclassic.com



'ဗိုက်အောင့်နေတာ. . . ဆေးဘာယ်ကရမလဲ မသိဘူး'

'ဘာဆေးလဲ. . .'

'ဂျဲလ်မက်လိုဟာမျိုးပေါ့. . . အဆာလွန်ပြီး အောင့်နေပြီ'

'နင်က စကားမှ နားမထောင်တာ'

ဒီလိုကျတော့လည်း ဘာမှ ပြန်မပြောရှာဘူး။ ငြိမ်နေတယ်။ အမှားကိုဝန်ခံတာလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ ကျွန်တော်ပဲ အမြင်ကပ်တပ်နဲ့ ကင်တင်းမှာ ဆေးမေးဝယ်ပေးလိုက်ရတယ်။

'ရလား မှုန်. . . နင်ပြန်ရင် ငါ လိုက်ပို့ပေးမယ်'

'ရတယ်. . . ခဏနေ သက်သာသွားမှာပါ။ ငါခု အစာလည်း စား၊ ဆေးလည်းသောက်ထားတယ်လေ'

'ပြီးတာပဲ'

ကျွန်တော့်တာဝန်က ကုန်ပြီ။ အဲဒီဗိုက်အောင့်အောင့်ကြီးနဲ့ အာ ရုံရလို့ ကျောင်းတက်မယ်ဆိုလည်း တက်ပေါ့။ ကျွန်တော် တားစရာ အကြောင်းမရှိသလို တားလို့ရမှာလည်း မဟုတ်ဘူးလေ။ မျက်နှာလေးက အေးအေးချမ်းချမ်း ငြိမ်ငြိမ်သက်သက်ကလေးနဲ့ ခေါင်းတော့မာသား။

ညနေ အတန်းပြီးလို့ပြန်တော့ မှုန့်အခြေအနေက မဟန်တော့ ပါဘူး။ အတော်ခွေချင်နေတာကို သတိထားမိလိုက်တယ်။

'မှုန်. . . နင် ဆေးခန်းသွားမလား'

'ဆေးခန်း'

'အင်းလေ'

'အေး. . . သွားမယ်၊ အိမ်ပြန်ရောက်ရင် ဘယ်သူ့မှ ဆေး ခန်းပို့မပေးနိုင်တဲ့အတူ သွားတာပေါ့၊ ဘယ်မှာသွားပြရင် ကောင်းမလဲ



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါမသိဘူး၊ နင့်ဘာသာ နင်သွားမေးတွာ'

'ဘယ်သူ့မှ မေးစရာမလိုဘူး၊ ကြိုတဲ့ဆေးခန်း ဝင်မယ်'

'ဟင်. . . အဲလိုရလား'

'ရတယ်. . .'

ဆေးခန်းဝင် ဆရာဝန်နဲ့ပြပြီး ထွက်လာတဲ့ထိ မှုန် အောင့်နေသေးပုံပဲ။ အမှန်က ကျွန်တော်က အဲလို ဂရုတစိုက်လုပ်ပေးရတာ ဝါသနာမပါပါဘူး။ လုပ်ချင်တာက 'တက်ချင်ဦး အတန်း၊ ဘာမှမစားဘဲ တတ်ဦးလေ'လို့ အားရပါးရ ဆူပစ်ချင်တာပါ၊ ခက်တာက အဲလိုလုပ်လို့ မဖြစ်သေးဘူး၊ မရွှေမှုန်ပုံစံက အတော်လေးကို ခွေနေပြီ။'

အဲဒါနဲ့ပဲ သူ့ကိုအိမ်အထိ ပြန်ပို့ရတော့တယ်။ သူပြောတဲ့အတိုင်း ဘယ်ကွေ့၊ ညာကွေ့နဲ့ ကွေ့ဝင်လိုက်ကြတာ။ 'ရပြီ'လည်းဆိုရော ကျွန်တော် မျက်လုံးပြူးသွားတယ်။ အားပါး. . . ကြီးကျယ်လိုက်တဲ့အိမ်ကြီး။ ဒါပေမယ့် ကြိုဆိုမယ့်သူ မရှိဘူး။ နွေ့ဝတ်မှုန်ကတော့ ခပ်အေးအေးပဲ။ အားပေါ်ကဆင်းပြီး ကိုယ့်ဘာသာကိုယ် သော့ဖွင့်ဝင်သွားလေရဲ့။

ကျွန်တော်ပဲ အာရုံတွေနောက်ကျန်ခဲ့ရတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့အိမ်မှာဘယ်သူမှ မရှိကြဘူးလား'

'ဟင်အင်း. . . ဘာလို့လဲ'

'အိမ်ဖော်ရော'

'ရှိတယ်လေ၊ ဒါပေမယ့် သူတို့က သော့မှမကိုင်ရတာ'

''ကျန်တဲ့သူတွေလည်း သော့ကိုယ်စီနဲ့လား'

'အင်း'

'သူတို့တွေက'

'ဆိုင်. . . တစ်ဆိုင်စီကို ဦးစီးနေကြတာဆိုတော့ မအားကြဘူး'

'ကျွတ် . . . ဆိုင်တွေက အများကြီးလား'

'အင်း. . . မများပါဘူး၊ ၄ ဆိုင်ထဲပါ။ အဖေ တစ်ဆိုင်၊ အမေ တစ်ဆိုင်၊ အစ်မနှစ်ယောက်က တစ်ဆိုင်၊ အစ်ကိုက တစ်ဆိုင်'

'အားလုံးက. . .'



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားမဆုံးခင်မှာ မှုန်ကဖြတ်ပြောတယ်။ စိတ်မရှည်တဲ့ လေသံမျိုးနဲ့။

'အားလုံးက . . . စီးပွားရှာကောင်းကြတယ်'

အင်းလေ. . . စိတ်က မရှည်ချင်စရာပဲ။ ဒီမနက် ကားပေါ်ရောက်လာတည်းက ကျွန်တော်ချည်း မေးလာတာကိုး။ ဒီလိုနေရာမျိုးမှာ အိမ်ကြီးအိမ်ကောင်းနဲ့ အိမ်ဖော်တွေနဲ့လည်း နေသေးတယ်။ ဘာမှစားစရာမရှိလို့ မစားလာဘူးဆိုတာက တစ်မျိုးကြီး ခံစားနေရတုန်းပဲ။

'နင့်အိမ်က အိမ်ဖော်တွေက ဘာစားလဲ'

မှုန်. . . တစ်မျိုးလေးကြည့်တယ်၊ ပြီးမှ ထော်င့်မကျိုးတဲ့ လေသံနဲ့ဖြေတယ်။

'ထမင်း'တဲ့။

'သူတို့စားဖို့ချက်တဲ့ထဲမှာ နင့်အတွက် မပါဘူးလား'

'ညနေစာဆိုရင်တော့ ပါတာပေါ့'

'မနက်စောစောကျ'

'သူတို့က အိမ်က အမေနိုးလာမှ. . . ရော့. . . ဒါချက်စားဆိုတာမျိုး ထုတ်ပေးပြီးမှ ချက်ရတာလေ၊ ငါထွက်လာချိန်ဆို ဘယ်သူမှ မနိုးသေးဘူး၊ အားလုံးကလည်း ဆိုင်နားပါးနီးမှာ ထမင်းချိုင့်မှာစားကြတာချည်းပဲ'

'သူတို့က နင်ရှိနေတာ မေ့နေကြတာလား'

'ဟင်အင်း. . . သတိကို မရတာ'

ကြည့်ရင်တော့ ကျွန်တော့်ကို ကန့်လန့်တိုက် ပြောနေသလိုပဲ။ ဒါပေမယ့် သူ့စကားက အဓိပ္ပာယ်ရှိတယ်၊ မေ့နေတာနဲ့ သတိတိုမရ



www.burmeseclassic.com

www.burmeseclassic.com



ဘာတ တူမှ မတူဘဲ၊ ပြီးမှသူက မျက်မှောင်ကြုတ်ပြီး မေးတယ်။

'နင်ဘာလို့ ဒါတွေခုမှ လာမေးနေတာလဲ'တဲ့။

'ခုမှ သိတာကိုး'

နွေဝတ်မှုန်က ပြုံးပြုံးလေးကြည့်တယ်။ သိတော့ ဘာထူးလို့လဲ ဆိုပြီး ပြုံးပြတာမျိုး မဟုတ်ဘူး။ အေးအေးဆေးဆေးပါ၊ မပူပါနဲ့ဆိုတဲ့ အပြုံးမျိုး။ တစ်ခုခုတော့ မှားနေသလိုပဲ။

'နင့်အိမ်မှာရှိတဲ့ ကားတွေက'

'မအားကြဘူးလေ'

'နင်ရော ကားမောင်းတတ်လား'

'ဟင်အင်း'

'ဒရိုင်ဘာရော'

'ဒရိုင်ဘာက ဆိုင်ကားမောင်းတဲ့သူတွေပဲ ရှိတယ်။ အိမ်မှာက အားလုံး ကိုယ့်ဘာသာကိုယ်ပဲ မောင်းကြတာ'

'နင်ကျ ဘာလို့ မမောင်းလဲ'

'သူတို့မှ ပေးမမောင်းတာ၊ မောင်းလည်း မမောင်းချင်ပါဘူးဟာ။ ခုလိုပဲ ဘေးကထိုင်လိုက်ချင်တာ'

ကျွန်တော် ယောကျ်ားတန်မဲ့ သူ့ကို မျက်စောင်းထိုးမိပြန်ရင် မကောင်းရှိကုန်တော့မယ်။ ဒါပေမယ့် မှုန်က ဆက်ပြောတယ်။

'ကားက ငါ့ထက်တန်ဖိုးရှိတယ်လေဟာ၊ ငါ့အတွက် သူတို့ ကား တစ်စီးပေးထားလောက်အောင် ငါလုပ်နေတဲ့အလုပ်က ငွေမှမရှာတာ ပြီးတော့ ဒရိုင်ဘာတစ်ယောက် ကားတစ်စီးနဲ့ တယုတယထားဖို့လည်း စိတ်ကူးမရှိကြပါဘူး'



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကို သူက ရယ်ရယ်မောမော ပေါ့ပေါ့ပါးပါးဟန်နဲ့ ပြောပေမယ့် ဘယ်လောက်ခံရခက်တယ်ဆိုတာ နားလည်တယ်၊ ကျွန်တော်တောင်မှ ဒီလောက်အခွင့်အရေးတွေ ရနေပါလျက်နဲ့ အစ်ကို၊ အစ်မနဲ့ အဖေက အမြင်တွေမကြည်လင်တာကို ရင်ထဲနင့်နေအောင် ခံစားရသေးတာပဲ။

'မပူပါနဲ့ဟာ. . . ငါ့လိုသူငယ်ချင်းကောင်းကို နတ်ကောင်း နတ်မြတ်တွေက နင့်ဆီ ပို့ထားတာပဲ'

ကျွန်တော့်စကားကြောင့် မှုန်က ရယ်တယ်။ မှုန်ရဲ့ထူးခြားမှုက အဲဒါပဲ။ ပြုံးရင် ကြည်လင်အေးချမ်းနေပြီး ရယ်ရင်တော့ အရမ်းချစ်ဖို့ကောင်းတယ်။ တကယ်အပြစ်ကင်းစင်တဲ့ မျက်နှာမျိုးပဲ။ ဒါနဲ့တောင် အမိသားစုက သူ့ကိုမချစ်ဘူးလားလို့ ကျွန်တော်တွေးလိုက်မိတယ်။

'အေး. . . နတ်ကောင်းနတ်မြတ်ဆိုမှ သတိရတယ်'

မှုန်က တစ်စုံတစ်ရာကိုသတိရသလို စကားကိုဖြတ်ပြောတယ်။

'ဘာလဲ'

'ငါတို့အတန်းထဲက အမွှာလေ၊ နင်သိတယ် မဟုတ်လား'

'မြင်ဖူးတယ်'

'သူတို့နှစ်ယောက်နာမည်က နတ်ကောင်းနဲ့ နတ်မြတ်တဲ့၊ သူတို့က နင့်ကို ငါ့ဆီခေါ်လာတာလား'

ရယ်ကျဲကျဲလေးနဲ့ ကျွန်တော့်ကိုကြည့်ပြီး ပြောနေတဲ့ မှုန့်ကို ကျွန်တော်မယုံသလို ကြည့်မိတယ်။

'နင်က ဘယ်လိုသိတာပဲ'

'ဟဲ့. . . တစ်တန်းတည်းချင်းပဲဟာ၊ သိတာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ငါကျဘာလို့ မသိတာလဲ'

'သူတို့က ယောက်ျားလေးတွေမို့ နေမှာပေါ့'

'အော်. . . ဒါကြောင့် နင်ကသိနေတာပေါ့'

ကျွန်တော့်ကို မခံချင်အောင်ပြောပြီး သူပြန်ပြောတော့မှ မှုန်ဆတ်ခနဲ ဖြစ်သွားတယ်။ ဒါပေမယ့် မှုန်ရဲ့ကောင်းတဲ့အကျင့်တစ်ခုက စိတ်မဆိုးတတ်ဘူး။ စိတ်မကောက်တတ်ဘူး။ အမူမပိုဘူး။

'နင့်ငါ့ကို အဲလိုပြောတယ်'

'နင်စပြောတာ'

'ငါကနင့်ကို စတာပဲ'

'ငါလည်း နင့်ကိုစတာပဲ'

'ပြီးရော'

ဘယ်လောက်များ ရိုးရှင်းလိုက်သလဲ။ ဒီလောက်နဲ့ ပြီးသွားပြီ။ တစ်ခုတော့ ရှိတာပေါ့။ ပျင်းစရာတော့ နည်းနည်းကောင်းချင်ကောင်းနေလိမ့်မယ်။ တခြားသူတွေအတွက် ပြောတာပါ။ ကျွန်တော့်အတွက်ကတော့ အဆင်ပြေတယ်။ ကျွန်တော်ကအဲဒီလို Straight ဖြစ်တာကို ကြိုက်တယ်လေ။

'အဲဒီနှစ်ကောင်ရဲ့ မိဘတွေက အံ့ရော'

'ဘာလို့လဲ၊ အဲလို နာမည်ပေးလို့လား'

'ဟုတ်တယ်'

'ဒါပေမယ့် ကြားလိုက်တာနဲ့ နားရှက်တော့ထောင်သွားစေတဲ့ နာမည်မျိုးလေ 'စနေမိုး'ဆိုတဲ့ နာမည်လိုတော့ ဘယ်ဂန္ထဝင်ဖြစ်ပါ့မလဲ'

မှုန်က အဲဒီလိုပြောတယ်။ သူ့ပုံစံက အတည်ကြီးပြောနေတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို နောက်ချင်တဲ့လေသံ မပါဘူး။ သူနဲ့ကျမှပဲ ကျွန်တော့်နာမည်က ဂန္ထဝင်ဆန်ရတော့တယ်။

'နင်က သူတို့နဲ့ရော ခင်လား'

'ခင်တော့ မခင်ပါဘူး၊ တွေ့ရင်တော့ နှုတ်ဆက်တတ်တယ်၊ ငါလည်း ဘယ်တစ်ယောက်က နတ်ကောင်း၊ ဘယ်တစ်ယောက်က နတ်မြတ်မှန်း မသိပါဘူး၊ ရမ်းသမ်းရယ်ပြတာပဲ၊ သူတို့ကလည်း အမြွှာသာဆိုတယ်၊ တစ်နေရာစီ ထိုင်ကြတာ၊ ခုံနံပါတ်ကလည်းကွာတော့ table တလည်း မတူဘူးလေ'

'အဲဒီနှစ်ယောက်ကို ခွဲလို့ရရင်ကော နင့်အတွက် ဘာထူးမှာမို့လဲ'

'ဘာမှ မထူးပါဘူး'

'မထူးလည်း ပြောမနေနဲ့တော့လေ၊ ကဲ ကဲ ဆင်းတော့၊ ကျောင်းစောက်ခင် တစ်ခုခုသွားစားဦးမယ်၊ မဟုတ်ရင် နင့်ဗိုက် ပြန်အောင့်နေဦးမယ်'

'အေးပါ. . . ဒီနေ့ဆေးလည်း သောက်ရဦးမှာ'

ဒီတော့လည်း သဲ့အိမ်အကြောင်းက မဖြစ်မနေ ပြန်ရောက်သွားရပြန်တယ်။

'နင်မနေ့က အဲလိုဖြစ်တာ နင့်အိမ်က သိလား'

'မသိပါဘူး'

'နင်က မပြောဘူးလား'

'ပြောမနေတော့ဘူးလေ၊ ဆေးခန်းပြခဲ့ပြီး ဆေးတောင်သောက်နေပြီပဲကို'

ကျွန်တော်ဘာမှ ဆက်မပြောတော့ဘူး၊ ကျွန်တော်နဲ့ သူနဲ့က



www.burmeseclassic.com

www.burmeseclassic.com



တူမလို့နဲ့ မတူဘူး။ ကျွန်တော့်အိမ်မှာ မေမေက ကျွန်တော့်ကို Care လုပ်တယ်။ ဂရုစိုက်တယ်။ ကျန်သူတွေကလည်း အမှန်က လိုက်ပြောနေနိုင်တာကိုက Care တစ်မျိုးပဲလို့ အကောင်းဘက်က မြင်လည်းရတယ်။ အော်. . . ငါ့ကို ကောင်းစေချင်လွန်းလို့ လို့ တွေးနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ကျွန်တော်ကလည်း ကိုယ့်ခံစားချက်နဲ့ကိုယ် မတွေးနိုင်ဘူး။

မှုန်တို့အိမ်က မှုန့်ကို Neglect လုပ်လွန်းအားကြီးတာ။ လုပ်နိုင်တာ။ နင်လုပ်ချင်တာလုပ်ရင် ငါတို့လည်း နေတတ်သလို နေမယ်ဆိုတဲ့ပုံမျိုးလို့ တွေးလို့ရတာပဲ။ မှုန့်ကြည့်ရတာလည်း ဒါကို use to ဖြစ်နေပုံရပါတယ်။ သိပ်ထူးပြီး ခံစားတော့ပုံ မပေါ်ဘူး။ ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ။

ကင်တင်းက ထလာတဲ့ထိ ကျွန်တော့်မှာ အတွေးတွေက မပြတ်ဘူး။ မရွှေမှုန်တစ်ယောက်ကတော့ ကင်တင်းမှာထိုင်နေတည်းက မအားတာ။ အတန်းထဲရောက်တဲ့အထိပဲ။ လူတကာကို နှုတ်ဆက်နေရတာလေ။

❖



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တော့ ကျွန်တော်တစ်ညနေ notes တွေကို အကြမ်းထဲက နေ အချောကို ကူးထည့်နေတုန်း မမ မြင်သွားတယ်။

'နင်က စာပြန်ကူးနေတာလား'

'ဟုတ်တယ်'

'နင် ကျောင်းပြေးပြီး ဘာလုပ်တာလဲ'

'ဘယ်မှာ ကျောင်းပြေးလို့လဲ'

'ဟေ့. . . ကျောင်းမပြေးဘဲ ဘာစာကူးစရာအကြောင်းရှိလဲ'

'မယုံရင်လာကြည့်၊ နှစ်ခုလုံး ကျွန်တော့် လက်ရေးချည်းပဲ။ Lecture လိုက်ထားတဲ့ notes အကြမ်းကို အချောပြန်ကူးနေတာ'

အဲဒီလိုကျတော့လည်း သေချာလာကြည့်ပြီး တစ်မျိုးပြောပြန်ရော။

'မေမေ့သားတော့ ဘယ်ကောင်မလေးကို စာကူးပေးနေပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီလဲ မသိဘူး၊ ကြည့်လုပ်ဦး၊ တစ်မှုပြီးတစ်မှု ဖြစ်နေဦးမယ်'တဲ့။

ကျွန်တော် ထောင်းကနဲ ဒေါသထွက်သွားပေမယ့် မေမေက ကြားဝင်လိုက်တယ်။

'သူက ကောင်မလေးကို စာကူးပေးစရာမလိုပါဘူး၊ သူ့ကိုကူးပေးမယ့် ကောင်မလေးတော့ ရှိရင်ရှိမှာပေါ'

မေမေက တကယ့်ကို အေးအေးချမ်းချမ်းလေး ဝင်ပြောလိုက်တာပါ။ ကျွန်တော့်ဘက်က လိုက်ပြောတယ်လို့လည်း မထင်ရဘူး။ မမကို တမင်ပြောလိုက်တာနဲ့လည်း မတူဘူး။ အကြောင်းရင်းတစ်ခုကို အေးအေးဆေးဆေး ရေရွတ်သလို ပြောလိုက်တာမို့ မမလည်း မကျေမနပ်နဲ့ ထွက်သွားတော့တယ်။

ကျွန်တော် မေမေ့နား သွားထိုင်လိုက်တယ်။

'စိတ်ထဲဘာမှ မထားနဲ့သား'

'ဟုတ်ကဲ့ မေမေ'

'အချိန်တစ်ခုတော့လိုတယ်သား'

'ဘာကိုလဲ မေမေ'

'သားဟာ ဘယ်လိုလူဆိုတာ သူတို့သိဖို့ ဒီကြားထဲမှာ သားကြိုးစားဖို့တော့ လိုလိမ့်မယ်။ မေမေ့သားက လိမ္မာပါလို့ပြောရမယ့်သူတစ်ယောက် မဟုတ်ဘူးလို့တော့ မေယုံတာပဲ'

'စိတ်ချပါမေမေ'

'ကဲ. . . စာဆက်ရေးလေ'

'ခုလို Lecture ကို အကြမ်းလိုက်ပြီး ပြန်ကူးတာဟာ စာကျက်ပြီးသားလည်း ဖြစ်သွားတယ်မေမေ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပေါ့၊ ဒါကိုသားသူငယ်ချင်းမလေးက ပြောတာလား'

'အင်း. . . သူကတော့ အဲလိုမလုပ်ပါဘူး၊ သူက စရေးတည်းတာ အချောပဲ၊ တစ်ခုတော့ရှိတယ်၊ သူကအိမ်မှာ ပြန်ရေးကျက်တတ်တယ်'

'ကောင်းတာပေါ့ကွယ်၊ သားသူငယ်ချင်းနဲ့ မေမေ ဘယ်တော့ တွေ့ရမှာလဲ'

'အဆင်ပြေတဲ့အချိန်ပေါ့ မေမေရယ်၊ အံမယ်လေး သူငယ်ချင်း ကျတော့ အတင်းခေါ်လာခိုင်းနေတယ်၊ သားကောင်မလေးကျရင်လည်း အဲလိုခေါ်လာခိုင်းနော်'

ကျွန်တော့်စကားကြောင့် မေမေတစ်ချက် ကျွန်တော့်ကို ကြည့် တယ်။ အဲဒီအကြည့်မှာ အံ့သြသွားတဲ့အရိပ်တချို့ ပါတယ်။

'အဲဒီကောင်မလေးကိုရော သားက စိတ်မဝင်စားဘူးလား'

'ဟင်အင်း. . . သူက သားသူငယ်ချင်းလေ'

'အော်. . . အော်'

မေမေက ခေါင်းတညိတ်ညိတ်နဲ့။ ယုံကောယုံရဲ့လား မသိပါဘူး။ ကျွန်တော်က မိန်းမမှန်ကို ဘာကိစ္စနဲ့ စိတ်ဝင်စားရမှာလဲ။ ခု ကျွန်တော့် အာရုံထဲရောက်နေတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်။ ကျွန်တော်တို့ နဲ့ တစ်ခန်းကျော်က အဲဒီအခန်းက ဘာမေဂျာမှန်းလည်း ကျွန်တော် မသိဘူး။ ကောင်မလေးနာမည်လည်း တစ်စွန်းတစ်စမှ မကြားဖူးသေး ဘူး။ ကောင်မလေးက ချစ်စရာလေး။ အသားဖြူဖြူဝင်းဝင်းလေးနဲ့ ဆံပင်တွေက နက်မှောင်နေတာပဲ။ မျက်ဝန်းတွေက ကြည်လဲ့ရွှန်းစိုလို့။ နှုတ်ခမ်းဖူးဖူး ... ကော့ကော့ကြီးတွေနဲ့ ဘာမှကို ပြင်မထားဘဲ လှ နေတာ။ နောက်နေ့မှ မှန်နဲ့ကို စုံစမ်းခိုင်းရဦးမယ်။ သူက ကျောင်းစောင့်

ကြည်နူးတေ့ဝင်စရာကိုက်

www.burmeseclassic.com

www.burmeseclassic.com



နတ်လိုပဲ အားလုံးနဲ့ ခင်နေ သိနေတာလေ။

နောက်တစ်နေ့ကျောင်းမရောက်ခင် လမ်းမှာ မှုန့်ကိုမေးမိတယ်။

'မှုန်'

'ဘာလဲ'

'ငါမေးတာ မှန်အောင်ဖြေနိုင်ရင် ဒီနေ့ နေ့လည်စာကျွေးမယ်'

ကျွန်တော့်စကားကြောင့် သူက ဝမ်းသာအားရနဲ့ ပြန်မေးတယ်။

'တကယ်လား' တဲ့။

သူ့ကိုယ်သူ အားလုံးကို သိနိုင်ဖြေနိုင်မယ့် ပညာရှိများထင်နေလား မသိပါဘူး။

'ငါတို့တစ်ခန်းကျော်က ဘာအခန်းလဲ'

'ဟင် ဒါများ အဲဒါ Maths တွေလေ၊ နင်ကျွေးပေတော့'

'အဲလောက်နဲ့ နင့်ကိုမေးမလား'

'ဟင်. . . ဒါဆိုဘာလဲ'

'အဲဒီအခန်းက ကောင်မလေးတစ်ယောက်ကို ဒီနေ့ပြမယ်၊ နင်သူ့နာမည်ကိုသိရင် နေ့လည်စာကျွေးမှာ'

'ဒါဆို. . . ခုဘာမေဂျာလဲပြောပြတာက မနက်စာဖြစ်ပေါ့'

'နင့်ဟာကလဲ'

'ဒါလည်း data တစ်ခုပဲ'

'အိုကေလေ. . . ဒီလောက်တော့ ပူဇော်ထားရမှာပေါ့၊ နင်က ကျောင်းစောင့်နတ်ပဲဟာ'

'ဘာ. . .'

မှုန် မျက်မှောင်ကြီးကြုတ်ပြီး ဆတ်ခနဲ အော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင်ကလဲ. . . အော်လိုက်တာ၊ နင်အဲလိုလည်း မအော်ဘူးဘဲနဲ့'

'နင်ငါ့ကို ဘယ်လိုခေါ်လိုက်တယ်'

'ကျောင်းစောင့်နတ်'

'ဘာလို့ အဲလိုခေါ်ရတာလဲ'

'နင်က လူတကာနဲ့ သိတယ်လေ'

'သိတာနဲ့ ခေါ်ရရောလား'

'အရာရာကို သိနိုင်တာ လူမှမဟုတ်တာ၊ နတ်ကိုး'

'သေလိုက်'

မှုန်ရယ်ပြီး ကျွန်တော့်ကို မေတ္တာပို့ပါတယ်။ မှုန်က စရင် စိတ်ဆိုးတတ်ပါဘူး၊ ခက်တာက တစ်ခါတစ်လေ စ,နေမှန်း နောက်နေမှန်းတို မသိတာ။ အားလုံးကို သူ့စိတ်နဲ့နှိုင်းနေပုံပဲ။

'ငါနင့်ကို ပြောစရာရှိတယ်'

'ပြောပြော. . . ရည်းစားစကားဆိုရင်တော့ နောက်ကျသွားပြီ'

ကျွန်တော့်စကားကြောင့် မှုန့်လက်ထဲက စာအုပ်တစ်အုပ်ကကျွန်တော်ကားမောင်းနေတဲ့လက်ပေါ် အရှိန်ပြင်းပြင်းနဲ့ ကျလာပါတော့တယ်။

'ဟာ. . . ကားမောင်းနေတယ်လေ'

'ရည်းစားစကားက ပြောခွင့်ရှိတောင် နင့်တော့မပြောဘူး'

အံမယ်. . . အလကြီးပါလား။ မခံချင်စိတ်နဲ့ ပြောတာလား။ အတည်ပြောနေတာလားဆိုတာ လှမ်းအကဲခတ်တော့လည်း မှန်းလို့မရဘူး။

'ဘာပြောမှာလဲ'

www.burmeseclassic.com



'ဟို. . . နတ်ကောင်းနတ်မြတ်ဆိုတဲ့နှစ်ကောင်'

'ဘာဖြစ်လဲ. . . နင့်အမျိုးတွေပဲ. . . နင်လည်း နတ်ပဲဟာ'

'အရေးထဲ နေမိုးရယ်၊ ငါအကောင်းပြောမလို့'

မှုန်က မျက်မှောင်လေးဖွဖွကြုတ်ပြီး စိတ်မရှည်သလို ပြောတယ်။

'ကဲ. . . ပြောပါ. . . နတ်ကောင်းနဲ့ နတ်မြတ်က ဘာဖြစ်လဲ'

'မနေ့က ငါ့ဆီက စာအုပ်တစ်အုပ်ကို ရှေ့ဆင့်နောက်ဆင့်ငှားကြပြီး ညီအစ်ကိုနှစ်ယောက် ရန်ဖြစ်ကြသတဲ့'

'ဟင်. . . တစ်အိမ်တည်းနေတဲ့ဟာ. . . တစ်ယောက်ယူရင် တစ်ယောက်လည်း ကူးလို့ရပြီဟာ'

'အေးလေ. . . ငါလည်း အဲလိုပြောလိုက်တာပဲ. . . ဒါတောင် ရန်ဖြစ်ကြသေးတယ်'

မှုန့်စကားထဲမှာက အဓိပ္ပာယ်တစ်ခု ပါနေသလိုပဲ။

'ဒါဆို မဟုတ်မှလွဲရော'

ကျွန်တော့်စကားနဲ့ လေသံကြောင့် မှုန်မျက်လုံး အဝိုင်းသားလေးနဲ့ ကျွန်တော့်ကို ပြန်ကြည့်တယ်။

'ဘာ. . . ဘာလဲဟင်'

'သူတို့စာအုပ်ငှားတာ မရိုးသားဘူး၊ စာအုပ်ငှားဖို့ စာကူးဖို့ကိစ္စ မဟုတ်လောက်ဘူး'

'အံမယ်လေး. . . ကေရီကလည်း ငါ့ကိုအဲလိုပဲ ပြောတယ်'

'ဒါပေမယ့်'

'ဘာ ဒါပေမယ့်လဲ'

'ခက်တာက သူတို့က အမွှာဖြစ်နေတော့ အကြံတူပြီး ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



တူ ငှားမိလျက်သားဖြစ်နေတာ. . ငါသာဆို Paper ပြောင်းငှားမှာပေါ့။ အရေးကြီးတာက နင့်ဆီက စာအုပ်ငှားရဖို့ပဲလေ'

မှုန်တစ်ကောင် ကျွန်တော့်စကားကို မျက်လုံးလေးအဝိုင်းသားနဲ့ သေချာနားထောင်နေရှာတယ်။ ပြီးတော့မှ အသေအချာကြီး သဘော ပေါက်သွားပုံနဲ့ပြောတယ်။

'ဒါဆို ငါ. . . နောက်မငှားတော့ဘူးပေါ့'

'ဒါ နင့်သဘောလေ'

'ဟုတ်တယ်. . . မငှားတော့ဘူး'

'ငါ့ကိုတော့ ဟိုကောင်မလေးဆီက တစ်ခုခုရအောင် ငှားပေး နော်'

ကျွန်တော့်အဆုံးသတ် စကားကြောင့် ရွှေမှုန်တစ်ယောက် မျက် စောင်းထိုးပါတယ်။ ကျောင်းရောက်နေပြီဖြစ်တာမို့ ထုံးစံအတိုင်း နွေ ဒတ်မှုန်တို့ လုပ်ငန်းက စပြီဆိုတော့ မအားတော့ဘူး။ ကားပေါ်က ဆောင်းခင်တည်းက ရယ်ပြတဲ့သူတွေအားလုံးကို လှမ်းရယ်ပြနေရပြီလေ။

အလကား ကျောင်းစောင့်နတ်မ။

ဒါကြောင့် နင့်ကို နတ်ကောင်းနဲ့ နတ်မြတ်က စိတ်ဝင်စားတာလို့ စိတ်ထဲက ကြိတ်ပြောရင်း ပြုံးမိသေးတယ်။ မှုန်က မမြင်ပါဘူး။

❖



www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းကျော်နဲ့ နားလည်မှုရသွားပြီးကတည်းက ဦးဝင်းကျော် အတန်းဆို မပြေးတော့ဘူး။ သူကလည်း ထုံးစံအတိုင်း တစ်ခန်းလုံးကို ဖြန့်ကျက်ကြည့်ပြီး စာသင်တာ။ ဂရုအစိုက်ဆုံးလူက ကျွန်တော်ဖြစ်လိမ့် မယ် ထင်တယ်။ နွေဝတ်မှုန်ဆီက တိကျယုံကြည်ရတဲ့ စကားလုံးတွေ ကြောင့် ကျွန်တော့်ကို ဆက်ဆံပုံက နွေးထွေးလာတယ်။ စိတ်ချမ်းသာစရာ တော့ ကောင်းသား။

တစ်ရက် ကျောင်းကပြန်မယ်လုပ်တုန်း ဦးဝင်းကျော်ကို အပြန် လမ်းမှာတွေ့လို့ လိုက်ပို့ပေးဖို့ ခေါ်လာခဲ့တယ်။

'ဆရာ ဘယ်ပြန်မှာလဲ'

'တက္ကသိုလ်ရိပ်သာလမ်းလေ'

'ဆရာက အဲဒီမှာ အိပ်ရတာလား'

'အိမ်မဟုတ်ဘူးလေ. . . ဆရာများအဆောင်'



www.burmeseclassic.com

www.burmeseclassic.com



'အော်. . .'

ဆရာနဲ့တစ်လမ်းလုံး စကားတွေပြောလာခဲ့ကြတာ ဆရာများ ဆောင် ရောက်တဲ့အထိပဲ။ ဆရာများဆောင်ရောက်ပြီး ပြန်ထွက်လာမှ ဇာတ်လမ်းကစတာ။

'ဟာ'

နွေဝတ်မှုန်က လွှတ်ကနဲ အာမေဋိတ်ပြုတယ်။

'ဘာဖြစ်တာလဲ မှုန်'

'ငါ့အစ်ကို'

'ဘယ်မှာလဲ'

'ဟော. . ဟောမှာ နင့်ဘေးကကားက သူ့ကားပေါ့'

အားပါး. . ။ SURF ကားနက်ပြာရောင်ကြီး။ တောက်ပနေတာ ပဲ။ ကျွန်တော်မောင်းနေတဲ့ စူပါဆလွန်းဖြူဖြူလေးနဲ့ကတော့ ဘာမှမဆိုင် သူးပေါ့။

ဟိုဘက်က အစ်ကိုလုပ်တဲ့သူက သူ့ညီမကို တင်ခေါ်လာတဲ့ ကျွန်တော့်ကို ဘာကောင်လဲလို့ check နေပုံပဲ။ အဲလိုလုပ်မယ့်အစား သူ့ညီမကို ခေါ်ပါတော့လား။ 'လာ. . . ငါပြန်ပို့မယ်ပေါ့'။ ခုတော့ အဲလိုမဟုတ်ဘူး။ ရုပ်ရှင်ထဲက ဗီလိန်တစ်ယောက် မင်းသား မင်းသမီးကို ထိုင်ကြည့်ပုံကြီးမျိုးနဲ့။ ဟားဟား။ ကျွန်တော့်စိတ်ထဲက အော်ရယ် မိတယ်။ သူ မကြားရတာတော့ စိတ်မကောင်းစရာပေါ့။

'မှုန်. . . နင်ဘာလုပ်မှာလဲ. . . နင့်အစ်ကိုနဲ့ ပြန်လိုက်သွားမှာ လား'

'အာ. . လိုက်ပါဘူး။ သူက ငါ့ကိုခေါ်နေလို့လား'



www.burmeseclassic.com

www.burmeseclassic.com



'ခေါ်တော့ မခေါ်ဘူးပေါ့'

'မခေါ်တာ ဘာလိုက်စရာအကြောင်းရှိလဲ'

'အေးလေ အကြောင်းမရှိပါဘူး၊ ခုလောလောဆယ်ပေါ့၊ အိမ်ကျမှ အကြောင်းက ရှိလာမှာလေ'

ကျွန်တော်နည်းနည်း ဖြဲချောက်လိုက်တယ်။ မှုန်က ဆတ်ခနဲ ခေါင်းလေးကိုမော့ပြီး အားတင်းလိုက်ပုံနဲ့ပြောတယ်။

'Don't Care ပါ' တဲ့။

သူ ဂရုမစိုက်ဘူးပေါ့။ သူ့အသံက ခါတိုင်းလိုပဲ။ ပုံမှန်ပဲ။ ခုနက ဘေးကကားကို ရုတ်တရက်ကြီးတွေ့တုန်းကလို မဟုတ်တော့ဘူး။ ကားကြီးက ဘေးကလိုက်လာတုန်းပဲ။ ကျွန်တော်ကလည်း ခပ်တည်တည်နဲ့ မောင်းနေတုန်းပဲ။ မှုန်ကလည်း လှည့်မကြည့်တမ်းလိုက်လာတယ်။ ဖွင့်ထားတဲ့ Akon ရဲ့ သီချင်းကိုတောင် ရသလောက် လိုက်ဆိုနေလိုက်သေးတယ်။ သူ့အစ်ကိုကားက မှန်ကြီးပိတ်ထားလို့ပေါ့။ မဟုတ်လို့က ကြားရရင် မုန်းဦးမယ်။

ကျွန်တော်မှုန့်ကို အိမ်ထိ တမင်ဝင်ပို့တယ်။ မှုန်ကလည်း လမ်းထိပ်မှာ ခါတိုင်းလိုပဲ ဆင်းမယ်ဘာညာ မပြောဘူး။ သူ့အစ်ကိုကလည်း အိမ်ပြန်တာလား မသိဘူး။ ရှေ့ဆင့် နောက်ဆင့် ဝင်တာပဲ။ ဒါများ သူ့ညီမကိုခေါ်သွားရင် ဘာဖြစ်မှာမို့လဲ။ ဆီပိုကုန်မှာလည်း မဟုတ်။

မှုန်ကားပေါ်ကဆင်းတော့ မှုန့်အစ်ကိုက ကားပေါ်က မဆင်းဘဲ ကြည့်နေသေးတယ်။ မရွှေမှုန်က စိတ်လိုလက်ရနဲ့ လက်ပြနှုတ်ဆက်သွားသေးတာမို့ (တမင်လုပ်သွားတာလည်း ဖြစ်နိုင်တာပဲ) ကျွန်တော်လည်း ပြန်နှုတ်ဆက်လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကို သေချာကြည့်နေပုံက ရယ်ချင်စရာကြီး။ ကျွန်တော့်ကိုက ဒီနေ့ အမြူးလာလို့လား မသိဘူး။ မမြူး ခံနိုင်မလား။ မှုန့်ကျေးဖူးနဲ့ တစ်ခန်းကျော်က ကောင်မလေးနာမည်နဲ့ နေရာကို သိခဲ့ရတာလေ။ ကောင်မလေးနာမည်က 'ရဲရဲမော်'တဲ့။ ဘယ်လိုနာမည်မှန်း မသိပါဘူး။ ယောက်ျားဆန်သလိုပဲ။ ခု. . . မှုန့်ကို ချပြီးသွားတာနဲ့ အဲဒီကောင်မလေး နေတဲ့လိပ်စာအတိုင်း လိုက်သွားမလို့ဟာ။ ခု မှုန့်အစ်ကို ကြည့်နေပုံကြီးက ရယ်ချင်စရာဖြစ်နေတာမို့ ကျွန်တော် ဂီယာကို ငုံ့ထိုးပြီး ကြိတ်ခိုးရယ်ပစ်လိုက်ရတယ်။

အင်း 'မှုန့်'တစ်ကောင် ဘာတွေဆက်ဖြစ်မယ်ဆိုတာ ကျွန်တော် မသိဘူး။ ကျွန်တော်ဆက်ဖြစ်တာတွေကတော့ မိုက်တယ်။'ရဲရဲ'တို့လမ်းထဲ ဝင်သွားတယ်ဆိုရင်ပဲ ရဲရဲကို တွေ့လိုက်ရတာပဲ။ သူတို့အိမ်ရှေ့က ဒန်းတလေးမှာ ထိုင်ပြီး သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေတယ်။ အိတ်တွေ စာအုပ်တွေ ဘေးမှာရှိနေသေးတာမို့ အိမ်ထဲတောင် ဝင်ရသေးပုံ မပေါ်ဘူး။ ကျွန်တော်ကားကို ခပ်တည်တည်နဲ့ ရပ်လိုက်တယ်။

ကျွန်တော့်ကား ရပ်လိုက်တာနဲ့ ကောင်မလေးနှစ်ယောက်ရဲ့ အကြည့်တွေက ကျွန်တော့်ဆီရောက်လာပြီးသား။ ဘာဆက်လုပ်ရမလဲ။ ဒီတိုင်းထိုင်ကြည့်နေရလောက်အောင်တော့ 'စနေမိုး' က သတ္တိမကောင်းမြန်ဘူး။ ကားပေါ်ကဆင်းပြီး ကားဘောနက်ကိုဖွင့်ကြည့်ရင် ဘယ်လိုနေမလဲ။ ခပ်ပေါ်ပေါ် ဗီဒီယိုပြကွက်ထဲက ပြကွက်တော့ဆန်တာပေါ့။ ဒါပေမယ့် ကျွန်တော့်လို ဒီအတွေ့အကြုံရှိတဲ့သူအတွက်ကတော့ ဒီနည်းသုံးသင့် သုံးရမှာပဲ။ ကောင်မလေးကထွက်လာပြီး 'ဘာဖြစ်တာလဲဟင်' 'ဘာကူရမလဲဟင်' တော့ အမေးမခံရလောက်ပါဘူး။ (ထင်ရတာပဲလေ)

[illegible]

www.burmeseclassic.com



အဲဒီအတွေးနဲ့ ကားပေါ်ကဆင်းပြီး ကားဘောနက်ကို ဆွဲဖွင့်လိုက်တယ်။ အထဲမှာ မနက်တိုင်းမြင်နေကျ အင်ဂျင်ခန်းရဲ့မြင်ကွင်းက ကျွန်တော့်ကို 'ဘာမှမမှားပါဘူး' လို့ ပြောနေသလိုပဲ။ ဘက်ထရီခေါင်းတွေကိုကြည့်၊ အင်ဂျင်ဝိုင်ကို ထောက်ကြည့်။ 'အား' အင်ဂျင်ခန်းက ပူနေတယ်။ တော်ပြီ ပိတ်လိုက်တာကောင်း. . .။

'ဘာဖြစ်တာလဲဟင်'

အား. . . . သွားပြီ။

ကျွတ်. . . ဘယ်လိုဖြေရရင်ကောင်းမလဲ။

'အသံတစ်ခုကြားလို့. . . ဘာများပြုတ်နေတာလဲလို့ ဆင်းကြည့်တာပါ'

လွတ်ကနဲဖြေပြီးမှ ကိုယ့်ကိုယ်ကို အတော်ဂုဏ်ယူသွားတယ်။ တယ်လည်းတော်တဲ့ ငါပါလားပေါ့။ ရဲရဲနဲ့ သူငယ်ချင်းမလေး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကြတယ်။ ပြီးမှ. . .

'ဘာကောင်တွေလဲဟင်' တဲ့။

သေစမ်းပါတော့။ ဟုတ်လှပြီလို့ ကိုယ့်ကိုယ်ကိုထင်နေတာ။ ခုမှပဲ။ အတည်ပေါက်လာကြပ်တဲ့ ကောင်မလေးနှစ်ယောက်နဲ့ တွေ့နေတယ်။

'ဟိုလေ. . .'

'ပင့်ကူဆိုရင်တော့ အကိုက်ခံလိုက်သိလား. . . စပိုက်ဒါမင်းဖြစ်အောင်'

ဒါက ရဲရဲသူငယ်ချင်းက ပြောတာ။ မျက်နှာပေးလေးက ရုပ်တည်လေး။ ဆွဲထိုးချင်စရာကောင်းတယ်။

'ဂေါ်ဇီလာထွက်လာရင်တော့ မီးရှို့ပြီး ထွန်းလိုက်။ ခြင်ပြေးတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမ်' ခနဲ မပြည်သွားအောင် ဂရုစိုက်လိုက်ရတယ်။ ခေတ်ကာလ မိန်းကလေးတွေများ မလွယ်လိုက်တာလို့လည်း လူကြီးတစ်ယောက်လို ဖြစ်ပျက် တွေးပစ်လိုက်တယ်။ မတွေးလို့လည်း မရဘူးလေ။ ဘာပြန်ပြောရမှန်းမှ မသိတာ။ ရဲရဲပြောတာက သူ့ သူငယ်ချင်းထက်တောင် ဆိုးသေးတယ်။ ဒါပေမယ့် ဆွဲထိုးချင်စရာ မကောင်းဘူး။ ချစ်စရာပဲ ကောင်းတယ်။

'ကျေးဇူးတင်တယ်နော်. . . ကျွန်တော့်ကား ဘာမှမဖြစ်ဘူး ထင်တာပဲ'

ကိုယ့်ကိုယ်ကို သိပ်ပြီး သမ္မာရင့်တဲ့ လူကြီးသူမတစ်ယောက်လို သူတို့ကို ခွင့်လွှတ်ပါတယ်ဆိုတဲ့ပုံနဲ့ ပြောပစ်လိုက်တယ်။

'မဖြစ်လောက်ပါဘူး၊ ဖြစ်ရင်လည်း ကျောင်းထဲမှာတည်းက ဖြည်နေတာ၊ ဒီထိမောင်းလာပြီး ဒီရှေ့မှာ လာကြည့်လို့ရလောက်အောင် ခံပါဘူး'

'ဗျာ. . .'

ဒီတစ်ခါတော့ ဘယ်လိုမှ ထိန်းမထားနိုင်ဘဲ အာမေဋိတ်တ ထွက်ကျသွားရတယ်။ ရဲရဲဆိုတဲ့ ကောင်မလေးဟာ အတော်ပေါ့ လျှော့တွက်လို့မရတဲ့ ကောင်မလေးပါ။ သူကျွန်တော့်ကို သူနဲ့တစ်ကျောင်းတည်း ဖူးတာ သိထားတယ်။ သူသိနေတယ်ဆိုတာလည်း ကျွန်တော့်ကိုရအောင် အသိပေးသွားတယ်လေ။

ဒီတိုင်း ဆုတ်ပြေးလောက်အောင်တော့ စနေမိုး မည်းသင့်ဘူး ထင်တာပဲ။ ကဲ. . . စဉ်းစားပါဦး။ ရှိသမျှ တက်ကနိတာ ဘာညာ နဲ့။

www.burmeseclassic.com



'ခင်ဗျားက ဒီမှာနေတာလား။ အတော်ပဲ ကျွန်တော် တပင်ရွှေထီးလမ်းကို ရှာနေတာ. . . ဘယ်နားမှာများလဲ မသိဘူး'

အမှန်က စောစောက ဒီလမ်းကိုရှာရင်း တွေ့ခဲ့တဲ့ လမ်းနာမည်ကို ကောက်ရွတ်လိုက်တာ။ ကံကကောင်းချင်တော့ ကျွန်တော်သရုပ်ဆောင်ကောင်းလို့လား မသိဘူး။ သူတို့ပုံစံက ယုံသွားသလိုပဲ။

'ဟိုဘက် နှစ်လမ်းကျော်လေ'

'ဟိုဘက်ဆက်သွားရမယ်၊ ဟုတ်လား'

အကယ်ဒမီအိုက်တင်နဲ့ မသိသလိုပြန်မေးလိုက်တော့ 'သေချာတာပေါ့' လို့ဖြေတယ်။

'ကျေးဇူးပဲ၊ သွားရှာလိုက်ဦးမယ်'

ဆိုပြီးထွက်လာတဲ့ထိ မရွှေရဲရဲတို့နှစ်ယောက်က ကားနောက်ကိုရပ်ကြည့်နေတုန်း၊ နောက်ကျောမလုံစွာနဲ့ ပြောခဲ့တဲ့လမ်းအတိုင်း ဆက်သွားပြီး အဲဒီလမ်းမှာခဏရပ်၊ ပြီးမှ ပြန်ထွက်လာခဲ့ရတယ်။ ဘာပဲပြောပြော ကိုယ့်ကိုယ်ကိုယ်တော့ အောင်မြင်တယ်ထင်တာပဲ။

ဟုတ်တယ်လေ၊ သူနဲ့ကိုယ်နဲ့ တစ်ကျောင်းတည်းဆိုတာလည်း သိတယ်။ ဒီရွှေ့ထိ မောင်းလာတာဟာ တမင်ကြီးဆိုတာလည်း မှန်းမိရတယ်။ ကျွန်တော်ဟန်ကိုယ်ဖို့ လုပ်လိုက်ပေမယ့် စိတ်ထဲမှာတစ်ခုခုတော့ ရှိသွားပြီ။ အနည်းဆုံးတော့ ကျွန်တော့်ကို သူမြင်ဖူးသိဖူးနေတာ သေချာတယ်လေ။

အင်း. . . ကံဇာတာကတော့ တက်လာပြီထင်တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက် ကျောင်းအသွားမှာ မှုန်ကို ဝင်ခေါ်တော့မှပဲ မှုန့်မနေ့က အခြေအနေကို သတိရတော့တယ်။

'နင် မနေ့က အဆင်ပြေလား'

'ပြေပါတယ်'

ခပ်ပေါ့ပေါ့လေးပဲ ဖြေတယ်။ ဒါ နွေဝတ်မှုန်ရဲ့ ဒီဇိုင်းလေ။

'နင့်အစ်ကိုတော်က ဘာမှမပြောဘူးလား'

'မပြောတော့ရှိမလား၊ ပြောတာပေါ့၊ လွဲနေတာတစ်ခုပဲ'

'ဟမ်. . . ဘာလွဲတာလဲ'

'ဖြစ်ရိုးဖြစ်စဉ်အရက သူက ငါ့ကို ဘယ်ကောင့်ကားနဲ့ လိုက်လာတာလဲ၊ နင်နဲ့ဘာတော်လဲ၊ သူငယ်ချင်းလား၊ ရည်းစားလား မေးရှင့်'

'အင်းလေ'

'ခုဟာက လွဲနေတယ်၊ မေးပုံကိုကြည့်ဦး'



www.burmeseclassic.com

www.burmeseclassic.com


'ဘာတဲ့လဲ'

'အဲဒါ ဘယ်သူ့ကားလဲတဲ့။ ငါ့ကနင်ကား၊ သူငယ်ချင်းကားလို့ ပြောတော့ နင်သူများကားလိုက်စီးတာ မရှက်ဘူးလားတဲ့'

Oh My God လို့ စိတ်ထဲက အော်ပစ်ချင်သွားတယ်။ အံ့ရော။ မှုန်ကတော့ ရယ်စရာတစ်ခုလိုသဘောထားပြီး ဆက်ပြောနေတယ်။

'ငါတို့တွေက နင့်ကို ဂရုမစိုက်ဘဲ ပစ်ထားသလိုဖြစ်နေမှာပေါ့' တဲ့။ 'မဟုတ်လို့လား' လို့ ပြန်မေးတော့ နင့်လိုဘယ်သူမှ အားမနေဘူးလေ' တဲ့။

'ဒါများ'

'ခု ငါ့ကို ဘာပြောလဲသိလား'

'ကားမောင်းသင်တဲ့. . . နင့်ကို ကားတစ်စီးစီစဉ်ပေးမယ်ဆိုပဲ'

'နင်ဘာပြန်ပြောလိုက်လဲ'

'ဟင်အင်း. . . ငါစိတ်မဝင်စားဘူးလို့ ပြောလိုက်တယ်'

'အဲဒီတော့'

'အဲဒီတော့ ထုံးစံအတိုင်း ဝုန်းဒိုင်းကြဲ၊ ငါ့ကို အသုံးမကျဘူး ဆိုတာတွေ ပြောတော့တာပေါ့။ ကားမမောင်းတတ်တာ အသုံးမကျတာ ဆိုရင်လည်း အင်း. . . ငါ အသုံးမကျဘူးပေါ့၊ ဘာတတ်နိုင်လို့လဲ'

ကျွန်တော့်အစ်ကို အစ်မတွေနဲ့ မှုန့်အစ်ကို အစ်မတွေလည်း မတူပြန်ပါဘူး။ တစ်မျိုးနဲ့တစ်မျိုး ပေါင်းရင် သူပြောသလို နှစ်မျိုးတော့ ရတာပေါ့။ ခက်တာက ကျွန်တော်တို့မှာ အဲဒီလို တစ်မျိုး၊ တစ်မျိုးစီကို ရင်ဆိုင်ရ ခက်ခဲနေတာပဲ။ လောလောဆယ်တော့ မေ့လျော့ထားလိုက်တာ အကောင်းဆုံးဖြစ်လိမ့်မယ်ဆိုတဲ့ အတွေးနဲ့ ကျွန်တော် စကားလမ်းကြောင်း လွှဲပစ်လိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com



'ငါမနေ့က ရဲရဲတို့လမ်းထဲ ရောက်သွားတယ်'

'ဟုတ်လား. . . တွေ့ခဲ့လား'

'တွေ့ခဲ့တာပေါ့၊ စကားတောင် ပြောခဲ့သေးတယ်'

မှုန်က ကျွန်တော့်ကို မယုံသလိုကြည့်တယ်၊ မဖြစ်နိုင်တာပေါ့။ ဒါနဲ့ပဲ ကျွန်တော်လည်း မနေ့က 'တစ်စိတ်'ကို 'တစ်အိတ်'လုပ်ပြီး ပြောပြလိုက်တယ်။ မှုန်ကတော့ ရယ်ပါတယ်။ ပြီး 'မဆိုးပါဘူး' လို့ မှတ်ချက်ချတယ်။

'ဘာ မဆိုးတာလဲ'

'အော်. . . ကောင်မလေးက နင့်ကိုသိနေတာလေ'

'အေး. . . မဆိုးရုံဘယ်ကမလဲ. . . မိုက်တာ'

'သိပ်လည်းကိုယ့်ကိုယ်ကိုယ် ထင်မနေနဲ့ဦး'

'ထင်တော့ မထင်ပါဘူး၊ ဒါပေမယ့် အားတက်တာပေါ့'

ကျောင်းရောက်တယ်ဆိုရင်ပဲ ကျွန်တော့်အလုပ်က တိုးလာပြီမို့ မှုန့်ကို canteen မှာထားခဲ့ပြီး 'ရဲရဲ'အခန်းကို အရင်သွားရပါတယ်။ ရဲရဲက ရောက်နေပါပြီ။ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောနေရာက နေ ကျွန်တော့်ကိုမြင်တော့ မှတ်မိနေတဲ့အကြည့်ကို လက်ခံရလိုက်တာမို့ ပြုံးပြလိုက်တော့ သူပြန်ပြုံးပြတယ်။ ကဲ. . . ဘာဆက်လုပ်လို့ရမှာလဲ။ အသာလေး လှည့်ပြန်လာရုံပေါ့။

Canteen ပြန်ရောက်လို့ မှုန့်ကိုပြောပြတော့ မှုန်က နှာခေါင်းရှုံ့ပါတယ်။

'ညံ့လိုက်တာနော်' လို့ ရေရွတ်တယ်။

ကျွန်တော့်ကိုပြောမှုန်း ကျွန်တော်သိတာပေါ့။ ဒါပေမဲ့ မသိချင်ယောင်ဆောင်ပြီး ပြန်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'အဲဒီ မုန့်ဟင်းခါးလား. . . ဟုတ်တယ်. . ဟိုဘက်ဆိုင်ကမှ ကောင်းတာ'

'အံမယ်. . နင့်ကိုပြောတာ'

'ဘာညံ့စရာရှိလဲ. . . ဒီလို situation မျိုးကို နင်ကိုယ်တိုင် နဖူး တွေ့ဒူးတွေ့ တွေ့တဲ့အခါကျမှ သိလာလိမ့်မယ်၊ ငါညံ့လားဆိုတာ'

'ညံ့တာပေါ့'

'ကဲ. . . ပြောပါဦး၊ ဒေါ်စိန်မှုန်ရယ်၊ နင်သာဆို ဘာလုပ်မလဲ'

မှုန်က သူ့ကိုယ်သူပညာရှိလိုလိုနဲ့ ခေါင်းကလေးမော့၊ မျက်လုံး လေးမှိတ်ပြီး အိုက်တင်ခံလိုက်သေးတယ်။ ပြီးမှ. . .

'မနေ့က လမ်းညွှန်ပေးလိုက်တာ ကျေးဇူးပဲနော်၊ ကားက အသံ မြည်၊ လမ်းရှာမတွေ့နဲ့ စိတ်ညစ်နေတာ မင်းနဲ့တွေ့ပေလို့ပဲ၊ အော်. . ဒါ နဲ့ canteen သွားမလို့ လိုက်ခဲ့ပါဦးလား'

. . လို့ အိုက်တင်နဲ့ပြောတယ်။

သွားရှာပြီ။ မှုန်တစ်ယောက် မြန်မာဗီဒီယိုကားတွေကြည့်တာ များသွားတာလား။ ဝတ္ထုတွေဖတ်တာ များသွားတာလားမသိဘူး။ ဒီလို ခပ်ကြောင်ကြောင် အကွက်မပါ၊ ပညာသားမပါတဲ့ ကိစ္စမျိုး ကျွန်တော့် လို အမျိုးသားကောင်းမျိုးက မလုပ်ဘူးဆိုတာ သူသိသင့်တာပေါ့။

ကျွန်တော်က ဘာမှပြန်မပြောဘဲ။ ပြုံးပြီး ခေါင်းခါတော့ သူ မနေနိုင်ဘူး။

'အဲဒါက ဘာဖြစ်တာလဲ'

'နင် နားမလည်သေးတာကို စိတ်ပျက်တာ'

'နင်ညံ့တဲ့ကိစ္စကို ငါက ဘာနားမလည်စရာရှိလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ခက်တယ်. . . မှုန်၊ ဒီလိုကိစ္စမျိုးက ဒီလို အရမ်းအရမ်းလုပ်လို့ မရဘူး၊ နင်ဝတ္ထုထဲက အလွတ်ကျက်လာတဲ့စာသားတွေ ရွတ်ပြသလောက် မလွယ်ကူဘူး'

ကျွန်တော့်စကားကြောင့် မှုန် ဆက်ခနဲဖြစ်သွားပြီးမှ လေသံ အေးအေးလေးနဲ့ ပြန်ပြောတယ်။

'ကဲပါ. . . မလွယ်ရခြင်းအကြောင်းအရင်းကို ပြောပါဦး'

'အခွင့်အခါဆိုတာ မသင့်ဘဲ ယူလို့မရဘူး။ အချိန်စောင့်ရတယ်၊ ခုလည်း နင်ပြောသလိုဝင် ပြောလို့မရဘူးလားဆိုတော့ ရပါတယ်၊ ဒါပေမယ့် ဆုလာဘ်က ကောင်းချင်မှကောင်းမယ်။ လူဆိုတာ တစ်ခါတည်း အရှည်တွေးရတယ်၊ မျက်တောင်မွေးတစ်ဆုံးလောက်ပဲ တွေးရတာမျိုး မဟုတ်ဘူး၊ လိပ်ပြာလေးတစ်ကောင်လို တစ်ရက်တည်း အသက်ရှင်မှာ မှ မဟုတ်တာ'

ဒီလိုကျတော့ ကျွန်တော့်စကားက သိပ်လေးသွားလို့လား မသိ ပါဘူး။ မှုန်. . . မျက်လုံးလေးပေကလပ် ပေကလပ်နဲ့ ဆုံးအောင်နား ထောင်ရှာတယ်။ သိပ်ပြီးလက်ခံချင်တယ်ရယ် မဟုတ်တဲ့တိုင် သူ့ပုံက ကျွန်တော့်ကို စောဒကထပ်တက်ဖို့တော့ ရှိပုံမပေါ်ဘူး။

'ပထမဆုံး impression ကောင်းမှ တန်ဖိုးရှိတော့မပေါ့ မှုန်ရာ'

မှုန်က မျက်စောင်းထိုးပြီး ကျွန်တော့်ကို ရွဲ့တယ်။

'အေးပေါ့. . နင်က ယောကျ်ားလေးဆိုတော့ တန်ဖိုးရှိအောင် နေပေါ့'

'ယောကျ်ားလေးရယ် မိန်းကလေးရယ်မဟုတ်ပါဘူး မှုန်၊ ဘယ် သူမဆို ဘယ်သူကမှ အသိအမှတ်မပြုတောင် ကိုယ့်ကိုယ်ကိုယ်တော့

ကြောင်နှန်ကောင်းစာနှုန်းကိုက်

www.burmeseclassic.com

www.burmeseclassic.com



အသိအမှတ်ပြု တန်ဖိုးထားရမှာပဲ၊ ဒါမှ နေလို့ရမှာလေ၊ ငါတို့ဆို မိသားစုထဲမှာ အန္တိမ်ခံတွေပဲ၊ နင်က တစ်မျိုး ငါကတစ်မျိုး၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်ကျနေတဲ့ကြားက ပြန်တင်းထားရတတ်တာ မျိုးလေ'

'အေးပါ. . . အေးပါ. . . ကဲ. . သွားမယ်. . အတန်းတက်တော့မယ်'

'သွားပါမယ်. . . အဲဒီအခန်းမှာ နင့်သူငယ်ချင်းရှိတယ်မဟုတ်လား'

'အေးလေ. . . ရှိလို့ပဲ နာမည်နဲ့ လိပ်စာရခဲ့တာပေါ့'

'နင်နဲ့ မိတ်ဆက်ပေးခိုင်းဦးလေ'

ကျွန်တော့်စကားကြောင့် မှုန်အူကြောင်ကြောင် ဖြစ်သွားတယ်။ ကျွန်တော်ပဲ ကယောင်ခြောက်ခြားနဲ့ စကားမှားပြောသလားပေါ့။

'နင်နဲ့ မိတ်ဆက်ပေးရမှာလေ'

'မဟုတ်ဘူး၊ နင်နဲ့ နင်နဲ့အဆင်ပြေသွားမှ ငါနဲ့ထပ်မိတ်ဆက်ပေး၊ အဲလို step by step သွားတာကောင်းတယ်'

'ဟင်. . နင့် step by step ထဲ ငါကဘာလို့ ပါနေရပြန်တာလဲ'

'နင်က. . . အားလုံးနဲ့ခင်လွယ်တယ်လေ'

'နင်ပဲပြောတာ. . အဲလိုလူတကာနဲ့သိတာ မကောင်းဘူးဆို' မှုန်က ပြုံးစိစိနဲ့ ရစ်ပါတော့တယ်။

'အဲဒီတော့ ငါကနောက်အဲလို လူတကာနဲ့သိအောင် မနေတော့ဘူးလားလို့'

ဒီလိုတော့ ဘယ်ရမလဲ နွေဝတ်မှုန်ရယ်။ ဒီလောက်ကတော့



www.burmeseclassic.com

www.burmeseclassic.com



စနေမိုးအတွက် ပျင်းစရာကြီး။ နွေဝတ်မှုန်ရဲ့ စိတ်ကောင်းစိတ်မြတ်တ လေးက ဘယ်လိုရှိတယ်ဆိုတာ ကျွန်တော်သိထားတာပဲ။

'အေးပါ. . . နင်ဆုံးဖြတ်ချက်တော့ မချရသေးဘူးမဟုတ်လား။ အဲလိုဆုံးဖြတ်ချက်မချခင် ငါ့အတွက်အရင် ကုသိုလ်ဖြစ်ကူညီလိုက်ပါဦး၊ ပြီးတော့မှ နင်နေချင်သလို လူတကာနဲ့ မပတ်သက်ပဲနေပေါ့'

မှုန်က ကျွန်တော့်ကို မနိုင်ဘူးဆိုတဲ့အကြည့်နဲ့ ကြည့်တယ်။

'ငါက အရင်ခင်အောင်ပေါင်း၊ ပြီးရင် နင့်ကို ကောင်းကြောင်း ထောက်ခံချက်တွေပေးပြီး နင်နဲ့ မိတ်ဆက်ပေး၊ ပြီးမှ နင်က ရည်းစား တောင်းပြော၊ အဲလိုလား'

'နင်သဘောပေါက်လွယ်တယ်နော်'

'ဒါလည်း စာစာက နင်ပြောသလို ဝတ္ထုထဲက အကွက်တွေပဲ'

'ဝတ္ထုဆိုတိုင်းလည်း တစ်မျိုးနဲ့တစ်မျိုး တူတာမဟုတ်ဘူး၊ရေးတဲ့ သူရဲ့ အတွေးအခေါ်တွေမှမတူတာ၊ ဥပမာ'

'တော်ပြီ. . . တော်ပြီ. . . ရပြီ၊ ငါနားလည်ပြီ'

မှုန်က ကျွန်တော့်စကားကို ဆက်မကြားချင်သလို ပြောပြီး ရှေ့က အမြန်လျှောက်သွားတာမို့ နောက်ကနေ အသာချန်ပြီး လိုက်သွား လိုက်တယ်။ ကျွန်တော့်အတန်းမရောက်ခင်မှာ ရဲရဲအတန်းကို ဖြတ်ရဦး မှာလေ။ မှုန့်အရည်အချင်းက ဒီနေရာမှာတော့ အသုံးဝင်မယ်ထင်ရ တာပဲ။ ကျွန်တော် သူတို့အတန်းရှေ့ကဖြတ်တော့ ရဲရဲ ကျွန်တော့်ကို ချောင်းအကြည့်နဲ့ အကြည့်ချင်းဆုံတယ်။ ဒီလိုကျတော့လည်း လောကကြီး က ရင်ခုန်စရာအကောင်းသား။

❖

www.burmeseclassic.com

www.burmeseclassic.com



နတ်ကောင်းက ခပ်တည်တည်နဲ့ မှုန်ထိုင်တဲ့နေရာမှာ လာချ သွားတဲ့ စာအုပ်ကိုကြည့်ပြီး ကျွန်တော်က ရယ်ချင်သွားတယ်။ မရွှေမှုန်က ဖြင့် အိတ်တွေ စာအုပ်တွေထားခဲ့ပြီး သူငယ်ချင်းတစ်ယောက်နဲ့ ကော်ရစ် ဒါမှာ စကားပြောနေတယ်။ စာအုပ်က အသစ်။ အထဲမှာစာညှပ်ထားရင် ထား၊ မထားရင် အဖွင့်စာမျက်နှာမှာ စာရေးထားလိမ့်မယ်ဆိုတာ ကျွန် တော် သိပြီးသား။ နတ်ကောင်းက ကျွန်တော့်ကို တစ်ချက်တော့ကြည့် သွားသေးတယ်။ ကျွန်တော် မသိချင်ယောင်ဆောင်နေလိုက်တယ်။

'ဘုတ်'

ဟာ. . . လာပြန်ပြီနောက်တစ်အုပ်။ ဒါက နတ်မြတ်။

အင်း. . . ဒီနေ့ ဘာကုသိုလ်မှ မလုပ်ခဲ့ပါဘဲနဲ့ နတ်ကောင်းနတ် မြတ် လာမနေသလိုပဲ။ နတ်မြတ်က သူ့ရှေ့မှာကြိုရောက်နေတဲ့ စာအုပ် ကို ကြည့်ပြီး ကျွန်တော့်ကို မေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါက ဘယ်သူ့စာအုပ်လဲ'

'မင်းအစ်ကို လာထားသွားတယ်လေ၊ မင်းတို့ ဆင်တူဝယ်ထား တာ ထင်တယ်'

လူက နေပေမယ့် စိတ်ကမနေတဲ့အတွက် ရယ်ကျဲကျဲနဲ့ ပြော လိုက်မိသေးတယ်။ စဉ်းစားကြည့်လေ။ တစ်ယောက်လာချသွားတဲ့စာအုပ် နဲ့ နောက်တစ်ယောက်လာချတဲ့စာအုပ်က ဆင်တူကြီး။ လူကလည်း ဆင် တူကြီး။ အထဲကစာသားတောင် တူရင်တူနေဦးမှာ။ မိရွှေမှုန်တို့ကတော့ ပြန်ကြိုက်ချင်ရင်တောင် ဘယ်တစ်ယောက်ကို ကြိုက်မိမှန်း သူဟာသူ သိပါ့မလားပဲ။

နတ်မြတ်ကတော့ နတ်ကောင်းချသွားတဲ့ စာအုပ်ကို ကြည့်ပြီး တစ်ခုခု ကြံစည်နေပုံပဲ။ အဲဒီအချိန်မှာပဲ. . .

'ဆရာလာနေပြီ'

. . . ဆိုတဲ့အသံနဲ့အတူ အားလုံး ရုတ်ရုတ်သည်းသည်းနေရာယူ ကုန်တာမို့ နတ်မြတ်လည်း လက်လျှော့ပြီးထားခဲ့လိုက်ရတယ်။ ကျွန်တော် ကတော့ကြည့်ပြီး လူက မျက်နှာပိုးသတ်လို့ မရချင်ဘူး။

ကိုယ့်နေရာကိုယ် ခုမှပြန်ရောက်လာတဲ့ 'မှုန်'က သူ့စားပွဲပေါ် က စာအုပ်လှလှလေးနှစ်အုပ် ဆင်တူကိုတွေ့တော့ မျက်လုံးပြူးသွား တယ်။

'ဒါဘယ်သူ့စာအုပ်တွေလဲ နေမိုး၊ နင် ယူလာတာလား'

'ထပ်. . . ကြံကြီးစည်ရာ. . . အဲဒါ ဟိုနတ်နှစ်ပါးလာထားသွား တာ၊ နင့်ဆီက ငှားထားတာလား မသိဘူး'

ကျွန်တော် တမင်အူတူတူ လုပ်ပေးလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့စာအုပ်က ဒီပုံစံလားဟဲ့ နေမိုးရဲ့'

ပြောပြီးစာအုပ်ကို ဖျတ်ခနဲလှန်ကြည့်တယ်။ ပြီး အထဲမှာအဆိပ်ပြင်းတဲ့ ကင်းမြီးကောက်တစ်ကောင် တွေ့လိုက်ရသလို ခတ်ခနဲလွှတ်ချပြီး ကျွန်တော့်ဘက် စာအုပ်တွေကို တွန်းထုတ်လိုက်တယ်။

'ဟင်. . . ဘာလဲဟ'

'ဘာတွေလဲ မသိဘူး'

'စာအုပ်တွေလေ'

'နင်ပြောမှလား'

'ဒါဆိုရင် နဂိုတည်းက သိတယ်ပေါ့'

'ဘာကိုသိရမှာလဲ'

ဆရာက ရှေ့ကရောက်နေပြီ၊ မှုန်နဲ့ ကျွန်တော်က ကြိတ်ပြီး စကားများနေတုန်း။

'နင်တစ်ယောက်လုံး အဲဒီမှာထိုင်နေပြီး ဒီစာအုပ်တွေလာထား သွားတာ ကြည့်နေလား'

'ကြည့်မနေပါဘူး၊ မျက်နှာလွှဲထားတယ်'

ကျွန်တော့်စကားကြောင့် မှုန့်လက်တစ်ဘက် မြောက်တက်လာ ပြီးမှ ပြန်အရှိန်သပ်သွားတယ်။ ဆရာက လှမ်းကြည့်တာကိုး။ အဲဒါနဲ့ မှုန် စာအုပ်အကြမ်းကို ထုတ်ပါတော့တယ်၊ သူ lecture အကြမ်းလိုက် သလိုနဲ့ ကျွန်တော့်ကို စကားပြောတော့မယ်။ စာနဲ့ရေး ပြောမှာလေ ထင်တဲ့အတိုင်းပဲ ခဏာနေကျ စာအုပ်က ရှေ့ရောက်လာတယ်။

'အဲဒီစာအုပ်တွေ လာထားတာကို နင်က ဘာမှမပြောလိုက်ဘူး လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်. . . ပြောတာပေါ့၊ ရှေ့တစ်အုပ်က နတ်ကောင်းထားသွားတာလို့၊ နတ်မြတ်ကို ပြောပြလိုက်တယ်'

'သေလိုက်ပါလား နေမိုးရယ်၊ နင်ဟာ အားမကိုးရဘူး'

'နင်က ငါ့ကိုအားကိုးချင်တာလား'

'တော်ပြီ. . . သေလိုက်'

ပြီးတာနဲ့ စာအုပ်ကို ဆွဲပိတ်ပစ်လိုက်တယ်။ ဒီတော့မှ ကျွန်တော်လည်း စိတ်ပူတော့တယ်။ ကိုယ့်အတွက် ကိုယ်ပေါ့။ ခုဆို ရဲရဲနဲ့ မှုန်က တော်တော်လေးခင်နေပြီ။ နောက်သုံးလေးရက်ဆို ကျွန်တော်နဲ့ မိတ်ဆက်ပေးတော့မှာ။ အဲဒါကို မကူတော့ရင် ဒုက္ခ။ ခက်တာက ကျွန်တော်က လည်း ဒီလိုကိစ္စမှာ ကူညီတာမျိုးမဟုတ်ဘဲ ကြားမဝင်ချင်ဘူး။ (ဝင်ရှုလိုက်မှာ ကြောက်တယ်) နတ်ကောင်းနဲ့နတ်မြတ်ကိုတော့ ကျွန်တော်က ဘာမှ တူစရာအကြောင်း မရှိပါဘူး။ မှုန့်ကိုကူဖို့ပဲ ကျွန်တော့်မှာတာဝန်ရှိတာ။ ဒါကျတော့လည်း ကြားဝင်ရမှာ ခက်နေတယ်။

အဲဒါမှ ပြဿနာ။

ဆရာအတန်းထဲက ထွက်သွားတာနဲ့ မှုန်တစ်ယောက် စာအုပ်နှစ်အုပ်ကို ဆတ်ခနဲဆွဲယူပြီး နတ်ကောင်းထိုင်နေတဲ့နေရာကို လျှောက်သွားတယ်။ နတ်မြတ်က ဘယ်မှာလဲမသိဘူး။ မှုန်က ခပ်တည်တည်ပဲ။ နတ်ကောင်းရှေ့မှာစာအုပ်လေးနှစ်အုပ်ကို အသာချခဲ့ပြီး ပြန်လှည့်ထွက်လာတယ်။အေးအေးဆေးဆေးပဲ စိတ်ဆိုးဟန်ဆိုးပုံ မပေါက်သလို ရှုတ်တိုးရှုတ်ကန်းဟန်လည်း မရှိဘူး။ မှုန့်အားသာချက်က အဲဒါပဲ။ သူငှားထားတဲ့ စာအုပ်ကို ပြန်ပေးခဲ့သလိုမျိုး ပေးခဲ့တာ။ ပါးစပ်အဟောင်းသားနဲ့ဘာပြော ရမှန်းမသိဘဲ ကျန်ခဲ့တာက နတ်ကောင်း။ စာအုပ်ဆင်တူကြီး နှစ်အုပ်ကို



www.burmeseclassic.com

www.burmeseclassic.com


ကြည့်ပြီး ဇဝေဇဝါနဲ့ သူပေးတုန်းက တစ်အုပ်ပဲ။ ခုနှစ်အုပ်ဖြစ်နေတယ်လို့ စဉ်းစားနေတာလား မသိပါဘူး။

မှုန်က ကျွန်တော့်ဘေး ပြန်ရောက်လာပြီး အေးအေးဆေးဆေး စာထိုင်ဖတ်နေပြန်တယ်။ ဘာမှမပြောဘူး။ ခုမှ နေမထိုင်ထိုင်မသာဖြစ်လာတာက ကျွန်တော်ပါ။ ကျွန်တော့်အမှားလည်း ပါတာပဲ။ ကိုယ့်အလှည့်ကျ ကူညီခိုင်းပြီး သူများအလှည့်ကျ မသိတတ်သလိုကြီး ဖြစ်နေတယ်။

'မှုန်'

'ဟင်'

'နင်နေ့လည်ကျ ရဲရဲနဲ့ ကင်တင်းသွားမှာလား'

မှုန်တစ်ယောက် ဟိုဘက်ခန်းက သူ့သူငယ်ချင်းရယ်၊ ရဲရဲတို့ရယ်နဲ့ နေ့လည် canteen အတူထိုင်နေတာ ၃-၄ ရက်ရှိနေပြီလေ။

'အင်. . . နင်လိုက်မလား'

ထင်မထားတဲ့ စကားကြောင့် ကျွန်တော် အိုးတိုးအမ်းတမ်းဖြစ်သွားရတယ်။ Guilty ဖြစ်တယ်ဆိုတဲ့ခံစားချက်ကို ခုမှ တိတိပပ ခံစားဖူးလိုက်သလိုပဲ။

'ဟို. . . အဲ'

'နင်လိုက်ချင်လိုက်ခဲ့လေ. . . နင်နဲ့ မိတ်ဆက်ပေးမှာပေါ့၊ အရင်က နင်နဲ့ငါအတူ ထမင်းစားနေကျဆိုတာ သူတို့က သိနေတော့ ခေါ်ခဲ့ပါတဲ့'

'အော်. . . အေး'

'နင့်မှာစိတ်ကောင်းမရှိပေမယ့် ငါကခွင့်လွှတ်ပါတယ်။ မကောင်းတဲ့စိတ်ဆိုတာကလည်း ဗီဇအရဖြစ်တာကိုး၊ ပြင်ရ ခက်လွယ်ပါ့မလဲ


www.burmeseclassic.com

www.burmeseclassic.com



မွေးရာပါမကောင်းစိတ်ဆိုတာ ပြင်ရခက်တာ ငါနားလည်ပါတယ်၊ ဒီတော့ နင်ငါ့အပေါ် မကောင်းတိုင်း ငါ့မကောင်းလို့ ဘယ်ဖြစ်ပါ့မလဲ'

သေလိုက်ပါတော့ စနေမိုးရယ်လို့ ကိုယ့်ဘာသာကိုယ် မေတ္တာအထပ်ထပ်ပို့လိုက်တယ်။ ဒီတစ်ခါတော့ 'မှုန်'တို့ ပြောအားရှိသွားပြီပေါ့။ ကျွန်တော်ကလည်း ကျွန်တော်ပဲလေ။ ဒီအချိန်မှာ ဘယ်လိုမှ ချေပခြင်းငှာလည်း မစွမ်းသာပါဘူး။ နောက်ဒီလိုမဖြစ်အောင် ဆင်ခြင်မယ်လို့ဆုံးဖြတ်လိုက်ရုံကလွဲပြီး ဘာတတ်နိုင်မှာမို့လဲ။

နောက်တစ်ချိန် ဆရာအဝင်မှာတော့ ကျွန်တော်စာကို စိတ်ဝင်တစား သင်ယူဖြစ်သွားပြီ။ မကြာခင် တွေ့ရတော့မယ့် ရဲရဲကိုတောင်မှ ခဏမေ့သွားသလိုပဲ။ ဒါကို မှုန်က မသင်္ကာသလို ကြည့်ပြီးမေးတယ်။

'နင် စိတ်ဝင်စားတဲ့ ဇာတ်ဝင်ခန်းသရုပ်ဆောင်နေတာလား'တဲ့။

မေးပုံကိုက အချိုးမပြေလိုက်တာ။

ဒါပေမယ့် ကျေးဇူးရှင်ဆိုတော့ ဘာမှမပြောသာဘူး။

'မဟုတ်ပါဘူး၊ ငါတကယ် စာလုပ်နေတာပါ'

'မှအော်. . . အော်'

သူကတော့ ထုံးစံအတိုင်း ဘာမှ အရိပ်အယောင်ဖမ်းလို့မရတဲ့ မျက်နှာလေးနဲ့။

တကယ်တမ်း နေ့လည်ထမင်းစားချိန်ကျတော့ အဆင်ပြေပြေပါပဲ။ မှုန်က မိတ်ဆက်ပေးခြင်းမျိုးမမည်တဲ့ မိတ်ဆက်ခြင်းမျိုးနဲ့ မိတ်ဆက်ပေးတယ်။

'နေမိုးကို သိတယ်မဟုတ်လား။ ဟိုတစ်ခါ ရဲတို့ဘက်မှာ လမ်းသာရှာတုန်း အဲဒီနားမှာ ကားတစ်ခုခုဖြစ်လားဆိုပြီး ဆင်းကြည့်ရင်း

မြောက်ဦးသားကောင်းစေချမ်းမိုး

www.burmeseclassic.com

www.burmeseclassic.com



ရဲ့နဲ့ တွေ့တယ်ဆိုတာလေ'

အဲဒီလို အစချီလိုက်တော့မှတော့ အားလုံး တရင်းတနှီး စကားပြောလို့ အဆင်ပြေသွားပြီပေါ့။ ဝတ္ထုတွေထဲကလို 'အော်. . မိတ်ဆက်ပေးရဦးမယ်၊ ဒါက စနေမိုး၊ ဒါကရဲရဲ' ဆိုတာမျိုးကမှ အသားလွတ် ရယ်ပြရ ရင်းနှီးမှုကို ပြန်အစပျိုးယူနေရဦးမယ်။ ဒီလိုကျတော့လည်း မှုန်က မော်ဒန်ဖြစ်သားလို့ ကြိတ်ပြီး မှတ်ချက်ချရသေးတယ်။

ကောင်းကင်က ဖြာကျလာတဲ့ နေရောင်စူးစူးရဲရဲတွေကတောင် အဲဒီနေ့မှာ ပူတယ်လို့ မခံစားရသလိုပဲ။ မြင်မြင်သမျှ လူတွေကလည်း အဆင်ပြေနှစ်လိုဖွယ်တွေ ဖြစ်လို့။ ယုတ်စွအဆုံး ကြိတ်မှိတ်မြိုချရတတ်တဲ့ ထမင်းဆိုင်က အညံ့စားဟင်းရည်ကတောင် အတော်အရသာရှိနေသလိုပဲ။ အားလုံးကို 'ရဲရဲ'ရဲ့ အပြုံးအရယ်တွေ၊ စကားလုံးတွေနဲ့ ရောစပ်မိလိုက်လို့ ထင်ပါရဲ့။ ကျွန်တော့်စိတ်တွေလည်း ပြောင်းသွားတယ်။

'မှုန်'

'ဘာလဲ'

'နင့်ကို နောက်တစ်ခါ နတ်ကောင်းနဲ့နတ်မြတ် တစ်ခုခုနှောင့်ယှက်လာရင် ပြောနော်. . . သိလား'

ကျွန်တော့်စကားကြောင့် မှုန်က နှစ်နှစ်ခြိုက်ခြိုက် ပြုံးတယ်။ ဘာအဓိပ္ပာယ်ရတဲ့ အပြုံးလဲဆိုတာတော့ ကျွန်တော်မသိဘူး။ ကျွန်တော့်ကို မလုံမလဲဖြစ်သွားရစေတာတော့ အမှန်ပါပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ကျွန်တော်အဆင်မပြေမှုတွေကို မေမေက ကျားကန်ပေးထားခဲ့တာမို့ စင်းလုံးချောမဟုတ်တောင် အတော်လေး အဆင်ပြေနေခဲ့တယ်။ ခက်တာက ကျွန်တော် မေမေနဲ့ မှုန့်ကို တွေ့မပေးရသေးဘူး။ ခုချိန်မှာ ကျွန်တော်က မေမေ့ကို မှုန်နဲ့ပေးမတွေ့ရသေးဘဲနဲ့ ရဲရဲနဲ့ တွေ့ပေးချင်နေမိတယ်။ ကျွန်တော်နဲ့ ရဲရဲက အတော်လေးကို အဆင်ပြေနေပြီလေ။ ရှေ့လထဲမှာ စာမေးပွဲဖြေရမယ်။ စာမေးပွဲ နောက်ဆုံးနေ့မှာ ရဲရဲက ကျွန်တော့်ကို အဖြေပေးမယ်တဲ့။ သူများတွေသာဆို ကျွန်တော် အော်ရယ်မိမှာပဲ၊ မခံချိမခံသာအောင်လည်း ပြောမိမှာပဲ။ ဗီဒီယိုတွေ ကြည့်တာ များသွားလို့လား၊ ဘာညာပေါ့။ ခု. . . ရဲရဲကျ. . . ကျွန်တော်က အဲလိုမမြင်တော့ဘူး။ အံ့ရော။

ပြီးတော့ ဝတ္တုရားပျက်ကွက်တယ်ပဲ ပြောမလား။ မှုန့်ကို ထားထားခဲ့ပြီး ရဲရဲဆီ ရောက်နေတတ်တာ။ ကျွန်တော် ပြောသမျှစကား



www.burmeseclassic.com

www.burmeseclassic.com



ဆယ်ခွန်းမှာ ရှစ်ခွန်းလောက်က ရဲရဲနဲ့ ပတ်သက်နေတာ။ မှုန့်အခြေအနေတွေကိုမေးဖို့ မေ့လျော့နေခဲ့မိတာ စတာတွေပေါ့။ စာမေးပွဲဖြေခါနီး Revision အတူလုပ်မှပဲ မှုန့်နဲ့ ကျွန်တော် နဂိုလိုပြန်ဖြစ်သွားတော့တယ်။

'စာမေးပွဲတော့ ဖြေရမှာပေါ့'

'အင်းပေါ့. . . ဒီစာမေးပွဲရှိမှ အဖြေရှိမှာလေ'

'ဟမ်. . .'

ကျွန်တော် တအံ့တဩဖြစ်သွားရတယ်။ ဒါကို ကျွန်တော်တစ်ယောက်တည်း သိတယ်ထင်နေတာ။ ကိုယ့်ကိုယ်ကိုယ် အထင်ကြီးသလိုဖြစ်သွားမိပြီထင်တယ်။

'ရဲက နင့်ကိုပြောတာလား'

'ဒါပေါ့. . . ငါတို့က သူငယ်ချင်းတွေပဲ၊ ငါလည်းသိတယ်၊ 'စုဝေ' လည်းသိတယ်'

အမှန်တော့ မှုန့်ပြောတာမမှားပါဘူး။ မှုန့်က ကျွန်တော့်ကိုသေချာ စူးစူးလေးကြည့်ပြီး ပြောတယ်။

'နင် ကံကောင်းမှာပါ'

'ဟာ. . . တကယ်လား'

'နင် မမှန်းတတ်ဘူးလား'

'မှန်းတတ်ပေမယ့် မမျှော်လင့်ရဲဘူး'

'အင်းလေ အချစ်နဲ့ပတ်သက်လာရင် လူတွေက ဒီလိုပါပဲ'

'အင်း. . . အဲ. . . နေပါဦး၊ နင်က ဘယ်လိုသိရပြန်တာပဲ'

ထောက်ခံသလို. . . 'အင်း' လိုက်နေမိပြီးမှ သတိရတာနဲ့ ပြန်မေးမိတယ်၊ မှုန့်က ခပ်ဖျော့ဖျော့လေး ရယ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'နင်က နင့်ကိုယ်နင် ဒီကိစ္စမှာလည်း Senior မှတ်နေတလား'

'မမှတ်. . . ဟာ. . . ဒါဆို နင်က Senior လား၊ ဘုရား ဘုရား ပြောစမ်း၊ နတ်ကောင်းနတ်မြတ်တော့ နတ်သက်တွေကြွေကုန်တော့မှာပဲ'

ကျွန်တော့်စကားကြောင့် လက်ထဲမှာ ကိုင်ထားတဲ့ စာအုပ်နဲ့ လှမ်းရွယ်တာကြောင့် အသာရှောင်ပေးလိုက်ရတယ်။

'နင့်နတ်တွေ နင်ပဲရှာဖွေဆက်သလိုက်'

'ကျွတ်. . . ထားစမ်းပါ ၊ နင့်ကိစ္စ အရင်ပြော'

'ဘာပြောရမှာလဲ. . . ဘာပြောစရာရှိလို့လဲ'

'နင်က Senior ဆိုတဲ့ကိစ္စ'

မှုန်က ခပ်လှဲလှဲလေး ပြုံးတယ်။

'အချစ်ကို တွေ့ဖူးတာ နင်ထက်စောတယ်လို့ ပြောတာပါ'

'အင်းလေ. . . ဘယ်မှာလဲ ဘယ်သူလဲ'

'အချစ်ဆိုတာ ဘယ်မှာရှိတယ်ရယ်လို့ နင် ကြားဖူးလို့လား၊ နင်မေးတာက 'ချစ်သူလေ' ငါပြောနေတာက 'အချစ်' တူမှမတူတာ'

မှုန်က ကပ်ရှုပ်နေပြန်ပြီလို့ မပြောဖြစ်လိုက်ပါဘူး။ မှန်နေတာ ကိုး။ 'အချစ်'ဆိုတာက ခံစားမှုလေ။ 'ချစ်သူ'ဆိုတာက အဲဒီခံစားမှုကို ခံလှယ်လို့ရတဲ့သူ။ ဒါဆို. . .

'နင်က အချစ်ကိုပဲသိခဲ့တာ. . . ချစ်သူ မရှိဘူးပေါ့'

'ချစ်သူတော့ ဘယ်ဟုတ်မလဲ၊ ချစ်သူဆိုတာ အပြန်အလှန် တစ်ဦးကို တစ်ဦး ချစ်တာ၊ ချစ်တဲ့သူတော့ ရှိခဲ့ဖူးတယ်၊ ရှိနေတယ် ဆိုပါစို့ပဲ'

မြတ်စွာဘုရား။

မထင်ရဘူး။ နည်းနည်းလေးမှ မထင်ရဘူး။ ခုလည်း မထင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



နွေဝတ်မှုန် ပြောနေပုံက သူ့အကြောင်း သူ့ခံစားချက်နဲ့ ပြောပြနေတာနဲ့ မတူဘူး။ သူများအကြောင်းကို ပြန်ပြောင်း ပြောပြန်နေသလိုပဲ။

'အဲဒီလူကို နင်က ချစ်တာ'

'အင်း'

'သူက နင့်ကို မချစ်ဘူးလား'

အားနာစရာကောင်းပေမယ့် စိတ်ထဲမျိုသိပ်မထားနိုင်တဲ့ မေးခွန်းမို့ မေးလိုက်မိတယ်။ မှုန်က ကြည်ကြည်လင်လင်လေးပြုံးတယ်။ ပြီးမှ ခေါင်းခါပြီး . . .

'မသိဘူး၊ မသေချာဘူး၊ မမျှော်လင့်ဖူးဘူး၊ မမှန်းတတ်ဘူး' တဲ့။

အော် . . . ဒါကြောင့် စောစောက ကျွန်တော် မမျှော်လင့်ရဲဘူး ဆိုတာကို သူက ခံစားလို့ရနေတာကိုး။

'မှုန်'

'ဟင် . . .'

'ခု . . . အဲဒီလူက ဘယ်မှာလဲဟင်၊ ဒီကျောင်းမှာပဲလား'

'ဟင်အင်း . . . သူက ၄ါထက် ၅ နှစ်ကြီးတယ်၊ ကျောင်းပြီးသွားပြီ၊ ပြီးတော့ ဒီကကျောင်းပြီးတာ မဟုတ်ဘူး၊ သူကတခြားမှာ ကျောင်းသွားတက်တာ'

'ဟင် . . . နင်နဲ့ ဘယ်လို . . .'

'သူက အိမ်နားမှာ နေတာလေ'

'အိမ်နားမှာဆိုလို့ မှုန်တို့ရဲ့ ခမ်းနားကြီးကျယ်တဲ့အိမ်ကြီးနဲ့ ကြီးကျယ်ခမ်းနားတဲ့ မှုန့်မိသားစုတွေကို ပြေးမြင်မိပြီးသွားပြီ။

'နင့်အိမ်နဲ့ရော သိလား'



www.burmeseclassic.com

www.burmeseclassic.com



'မသိဘူး'

ကိစ္စက ပြတ်သွားပြီး။ အဆင်ပြေကြလား ဆက်မေးရအောင် တလည်း ဘာမှမှ မဟုတ်သေးတာ။ သေချာတာက မှုန်က ချစ်တယ်ဆို တာပဲ။

'မှုန်'

'ဘာလဲ'

'နင် အချစ်ကို ဘယ်လိုခံစားနေလို့လဲ'

'အချစ်ကို အချစ်လိုပဲ ခံစားတယ်လေ၊ ဘာမှမပါဘူး။ ဝတ္ထုတွေ ထဲကလို စွန့်လွှတ်တာတွေ၊ ပိုင်ဆိုင်တာတွေ၊ အနစ်နာခံတာတွေ၊ နား လည်တာတွေ တစ်ခုမှမပါဘူး နေမိုး၊ အဲဒါတွေက လူတွေကိုယ့်အတ္တနဲ့ တိုယ် ဖြည့်စွက်ထားတဲ့ စိတ္တဇနမ်တွေ'

မှုန်ပြောသလိုပါပဲ။

'ဒီတော့ နင်တို့အခြေအနေက'

မှုန် ကျွန်တော့်ကို မျက်မှောင်လေးကြုတ်ပြီး ကြည့်တယ်။

'ဘာအခြေအနေလဲ နေမိုး. . . သူက ခု ဒီမှာပြန်ရောက်နေ တယ်၊ ငါတို့ ညနေဘက်တွေ တစ်ခါတစ်ခါ တွေ့ကြတယ်၊ နှုတ်ဆက် စကားပြောတယ်၊ ဒါပဲလေ'

'ဟင်. . . ဒါပဲလား၊ နင် သူ့မျက်ဝန်းထဲမှာ ဘာမှ မမြင်ရဘူး လား'

ကျွန်တော့်အမေးကြောင့် မှုန်က ရယ်ပြီးမေးတယ်။

'နင်ရော ရဲရဲ မျက်ဝန်းထဲမှာ ဘာမြင်ရလဲ'

'ငါမပြောရဲဘူး. . . မထင်တတ်ဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း နင့်လိုပဲပေါ့၊ ပြီးတော့. . .'

'ပြီးတော့ ဘာဖြစ်လဲမှုန်'

'ငါက နင့်မို့ပြောတာနော်၊ ငါ သူ့ကိုချစ်တာကို သိတာဆိုလို့ လောကမှာ နင်တစ်ယောက်တည်း ရှိတယ်၊ ခေတ်ကြီးက ဘယ်လောက် တိုးတက်တိုးတက် နွေဝတ်မှုန်ဟာ မြန်မာမိန်းကလေးဖြစ်တာမို့ ငါ့ဘက် က ဘာမှ ကျွံထွက်မသွားအောင် ငါနေမှာပါ၊ အကြည့်၊ အပြောတွေက အစပေါ့'

ကျွန်တော် 'ဟူး' ကနဲနေအောင် သက်ပြင်းတွေ မှုတ်ထုတ်ပစ် လိုက်တယ်၊ ကျွန်တော့်သူငယ်ချင်းမလေး သနားပါတယ်။

'နင် အရမ်းပင်ပန်းမှာပေါ့'

'ဟင်အင်း. . . မပင်ပန်းပါဘူး၊ အမိကက စိတ်ထားတတ်ဖို့ပါ၊ ငါချစ်တဲ့အချစ်က ငြိမ်းချမ်းတယ်လေ'

ကျွန်တော်တောင် မှုန့်လိုစိတ်မျိုး မထားနိုင်ပါဘူး။ ပြီး ဒီကိစ္စမျိုး က ကျွန်တော့်ကို မှုန်ကူညီပေးသလိုမျိုး ကျွန်တော်က ပြန်ကူညီပေးလို့ရ တဲ့ ကိစ္စမျိုးမဟုတ်ပြန်ဘူး။ ကျွန်တော်က ယောကျ်ားလေး၊ မှုန်က မိန်းက လေး ဖြစ်နေတာကိုး။

'ကဲပါ. . . စာလုပ်ရအောင်၊ နင်သိပ်တွေးမနေနဲ့၊ နင်ကံကောင်း မှာပါလို့ ငါတော့ထင်တာပဲ'

'ကံကောင်းချင်တယ်'

'နင့်အိမ်ကရော သိလား'

'ဘာမှမဖြစ်သေးဘဲ၊ အသိပေးစရာမလိုသေးဘူးထင်တယ်လေ'

'အင်း. . . ဒါလည်း ဟုတ်တာပဲ'

www.burmeseclassic.com

www.burmeseclassic.com



မှုန့်ကို မေမေနဲ့ တွေ့ပေးဖို့ သတိရပေမယ့် ရဲရဲနဲ့ကျမှ **တစ်ခါ** တည်း ခေါ်သွားတော့မယ်လို့တွေးပြီး ဘာမှမပြောဖြစ်တော့ဘူး။

မှုန့်ကျေးဇူးနဲ့ စာကြည့်ရတာ အရမ်းအဆင်ပြေတယ်။ စာတွေ က အကုန်လုံးလိုလိုသိပြီးသား ရပြီးသားဖြစ်နေတာကိုး။ စာမေးပွဲပြီးရင် ဆိုတဲ့ တွန်းအားလေးတစ်ခုကလည်းရှိနေတော့ ကျွန်တော်စာကြည့်ရတာ အရမ်းကို ပျော်ပါးနေတာအမှန်ပဲ။ မပျော်ပါးနိုင်တာက 'မှုန့်' အတွက်ပါ။ သိပ်ပြီးစပ်စုတတ် ပူပန်တတ်သူမဟုတ်ပါဘဲနဲ့ မှုန်ချစ်တဲ့သူဟာ ဘယ်လို လူမျိုးလဲဆိုတာသိချင်ပြီး သူတို့ဒီလိုနဲ့ ပြီးသွားမှာလားလို့ပါ ပူပန်နေမိတာ ပါပဲ။

တကယ်ဆို မှုန်ဟာ ကျွန်တော့်ညီမလေးတစ်ယောက် ဆိုရင် သည်း မမှားတဲ့သူတစ်ယောက် မဟုတ်လား။

❖



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲဆီက အဖြေရတဲ့နေ့က ကျွန်တော့်ခြေထောက်တွေ မြေကြီးနဲ့ မထိသလိုပဲ။ ရဲရဲနဲ့အတူ ကျောင်းကထွက်လာပြီး လျှောက်သွားလိုက်တာ နေရာအနှံ့။ ညနေ ပြန်ခါနီးကျမှ သတိရတယ်။

'ဟာ. . .'

ကျွန်တော့်ရေရွတ်သံကြောင့် ရဲရဲက လှည့်ကြည့်တယ်။

'ဘာဖြစ်တာလဲဟင်'

'မှုန်လေ'

'မှုန်. . . ဝတ်မှုန်ကို ပြောတာလား'

'အင်း'

'သူ ဘာဖြစ်လို့လဲ'

'သူ့ကို မေ့ပြီးထားခဲ့တာလေ၊ ခုမှသတိရလို့. . . သူဘယ်သူနဲ့ ပြန်မလဲမသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားကြောင့် ရဲရဲက ကျွန်တော့်ကို စူးစူးလေးကြည့်တယ်။ အန္တရာယ်အနံ့ပါတဲ့ အကြည့်မျိုး။

'ကိုမိုးနဲ့ ဝတ်မှုန်က အရမ်းခင်ကြတာပဲလား'

'ဒါပေါ့'

ရဲရဲရဲ့ဆိုလိုရင်းကို ဘာမှန်းမသိပေမယ့် ရိပ်တော့ရိပ်မိသလိုပဲ။ ဒါပေမယ့် ညာလည်း မညာချင်ဘူးလေ။

'အတူကျောင်းလာ၊ အတူပြန်ကြတယ် မဟုတ်လား'

'ဟုတ်တယ်လေ'

'နောက်ကော. . . အဲလိုပဲ အတူပြန်၊ အတူကျောင်းလာ၊ အတန်းထဲမှာ အတူထိုင်ကြမှာလား'

ကျွန်တော့်အာရုံတွေ နောက်စပြုလာပြီ။ စောစောက ပျော်နေတာတွေစောင်မှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်သလိုပဲ။

'ဘာလို့မေးတာလဲ ရဲ'

'ရဲမှာ မေးခွင့်မရှိလို့လား'

'ရှိပါတယ်'

'ရှိရင် ဖြေလေ'

'ဟုတ်တယ်. . . အတူသွားလာနေကျကို'

'အရင်က ရဲနဲ့ ကိုမိုးက ဘာမှမပတ်သက်ဘူး၊ ခု ရဲနဲ့ ကိုမိုးတချစ်သူတွေလေ'

'မှန်နဲ့ ကိုယ်က သူငယ်ချင်းတွေ'

'စာကပ်ထားတာမှ မဟုတ်တာ၊ ကိုမိုးက အတန်းထဲမှာ ဝတ်မှုန်နဲ့တွဲထိုင်၊ ပြီးရင် ရဲနဲ့လာတွဲ၊ လူတွေကဘာထင်မလဲ၊ ဝတ်မှုန်နဲ့ တွဲနေရင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲနဲ့ လာတွဲတယ်ထင်မှာပေါ့'

'ကိုယ်နဲ့ မှုန်နဲ့က ခုမှတွဲကြတာမဟုတ်ဘူးလေ၊ ပြီးတော့ မှုန်တစ်ယောက်ပဲ အတန်းထဲမှာ သူငယ်ချင်းရှိတာ၊ ကိုယ့်ကို မှုန်ဘယ်လောက်အစစအရာရာ ကူညီခဲ့တယ်ဆိုတာ ရဲရဲ သိပါတယ်၊ ရဲရဲနဲ့ ပတ်သက်လို့ တောင်မှ သူပဲ ကူခဲ့တာပဲ'

'အဲဒါက အရင်ကလေ'

'ခုရော ဘာထူးလို့လဲ၊ မှုန်နဲ့ ရဲနဲ့လည်း သူငယ်ချင်းပဲဟာ'

'မတူဘူး၊ ရဲ လက်မခံနိုင်ဘူး'

'ဘာကိုလဲ'

'မှုန်နဲ့ အဲလို ဆက်တွဲနေမှာကို'

မြတ်စွာဘုရား။

ချစ်သူတစ်ယောက်ရဖို့ သူငယ်ချင်းတစ်ယောက်ကို လက်လွှတ်ဆုံးရှုံးခံရတော့မှာလား၊ ဒါတွေကို လွန်ခဲ့တဲ့လပိုင်းလောက်တည်းက ကျွန်တော် သိခဲ့မိရင်ကော၊ ဒီလိုဖြစ်လာစရာအကြောင်း ရှိဦးမှာလား။

ခုတော့ ဒီနေ့မှ အဖြေရတယ်။

ချစ်သူ့သက်တမ်းမှ နာရီပိုင်းပဲ ရှိသေးတယ်၊ ဇာတ်လမ်းက စလာနေပြီ။

'ကိုယ်နဲ့ မှုန်နဲ့က အရမ်းရိုးသားတယ်'

ရဲရဲက ကျွန်တော့်စကားကိုပြုံးတယ်၊ သူ့အပြုံးက ကျွန်တော့်ရင်ကို တောက်လောင်စေတယ်၊ အရင်တည်းကလည်း ရဲရဲရဲ့ အပြုံးဟာ ကျွန်တော့်ရင်ကို ဗလောင်ဆူစေခဲ့တာပဲ။

'ရဲက မရိုးသားဘူးလို့ ပြောနေတာမှမဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဘာဖြစ်စရာရှိလဲ'

'လူပြောစရာ ဖြစ်မယ်'

'အာ. . . အားလုံးက ကိုယ်နဲ့မှုန်ဟာ သူငယ်ချင်းတွေဆိုတာ သိတာပဲ'

'ဒါက ကိုမိုးအထင်လေ'

'အထင်မဟုတ်ပါဘူး၊ မှုန်နဲ့ကိုယ်တွဲပြီး ရဲကိုကြိုးပမ်းနေကြတာ အတော်များများသိတာပဲ'

'သိတယ်ပဲထားဦး ရဲမှ လက်မခံချင်တာ'

'ဘာကိုလဲ'

'ကိုမိုးနဲ့ ဝတ်မှုန် အဲလိုကြီး တစ်ပူးတွဲတွဲဆက်နေမှာကို'

အဲဒါမှ ပြဿနာ။

ကျွန်တော်ဆိုတဲ့ကောင်ကလည်း ကိုယ်မှန်တယ်ထင်ရင် ဘယ်သူ့ကိုမှ ဟန်ဆောင်ပန်ဆောင်လေးတောင် အလျှော့ပေးချင်တတ်တာ မဟုတ်ဘူး။ ခုဟာကလည်း တစ်ခက်တည်းမဟုတ်ဘူး။ နှစ်ခက်တောင်။ မှုန်နဲ့ကျွန်တော် ဆက်မခင်ဖို့ မတွဲဖို့ဆိုတာ လုံးဝမှ(မ)ဖြစ်နိုင်တာ။ ပြီးတော့ ရဲ့ကိုလည်း ဒီလိုစစချင်းရက်မှာ အဲလို မပြောစေချင်ဘူး။ သူဘာတ်တကြည့်တော့လည်း မိန်းမချင်းတိုတာလို့ ပြောလို့ရပေမယ့် ကျွန်တော်ချစ်တဲ့ သူတစ်ယောက်ဟာ ကျွန်တော့်ကိုချစ်တယ်ဆိုတဲ့ သူတစ်ယောက်တာ ယောက်တော့ သဘောထားမသေးသင့်ဘူး ထင်တာပဲ။

ကျွန်တော်တို့နဲ့ လုံးဝမသိတဲ့ ကောင်မလေးမို့ ပြောတာပေါ့ရင် တောင် ကျွန်တော်ခံသာဦးမှာ။ ခုဟာက မှုန်နဲ့ကျွန်တော် သူငယ်ချင်းမှန်း သိရဲ့မကဘူး။ ကျွန်တော့်ကိုယ်စား မှုန်ကတောင် ကူညီပြီးတပ်ပေးခဲ့တဲ့

www.burmeseclassic.com



သူတ လာပြောနေတာလေ။

ကျွန်တော်ငြိမ်ပြီး မျက်မှောင်ကြီးကြုတ်နေတာမို့ ရဲရဲက တစ်ချက်လှည့်ကြည့်တယ်။

'ကိုမိုး. . . မှုန့်ကို စွန့်ရခက်နေတာလား'

ရဲရဲစကားက အဓိပ္ပာယ်အရမ်းများတယ်။ ဒါဟာ စွန့်တာခွာတာနဲ့ ဘာမှမဆိုင်ဘူးလို့ ထင်တာပဲ။

'မှုန့်မှာ ဘာအပြစ်မှ မရှိဘူး'

'အပြစ်ရှိတယ်လို့ ရဲက ပြောမိလို့လား'

'မဟုတ်ဘူးလေ၊ အပြစ်မရှိဘဲ အဲလိုလုပ်ရမှာလား'

'ဘာလဲ. . . စွန့်တယ်ဆိုတာ စကားအရပြောတာလေ၊ ပေါင်းသင်းတာက ပေါင်းလို့ရတာပဲ၊ တတွဲတွဲ တွဲမထိုင်ဖို့၊ ကျောင်းအတူလာ အတူပြန်မလုပ်ဖို့ ပြောတာလေ'

'ဖြစ်မှမဖြစ်တာ'

ကျွန်တော့်ရဲ့ မဖြစ်နိုင်တဲ့စကားကြောင့် ရဲရဲက မျက်လုံးလေးစွေကြည့်ပြီး ရယ်တယ်။ မခိုးမခန့် ရယ်သံလိုမျိုး။ ပြီးမှ. .

'အဲလောက်ကြီးဖြစ်နေလည်း စဉ်းစားပါဦး၊ ခုကျောင်းပိတ်ထားမှာပဲ၊ ကျောင်းပြန်ဖွင့်ရင်သာ'

ရဲရဲက စကားကိုဆုံးအောင်မပြောဘဲ ကားကက်ဆက်ကိုလှမ်းပြီး ခလုတ်နှိပ်လိုက်တယ်။ ကားထဲမှာ သီချင်းသံလေး လွှမ်းသွားတော့မှ လူလည်း နေရခက်တာလျော့သွားသလိုပဲ။ စိတ်တွေပင်ပန်းလေးလံလိုက်တာ။ ကျောင်းပြန်ဖွင့်ရင်သာ. . တဲ့။ ကျွန်တော့်ကို ကျောင်းပိတ်ရက်အတွင်းမှာ သေချာစဉ်းစားပြီး ပြတ်ပြတ်သားသားလုပ်ပါလို့ ရာဇသံပေးလိုက်တာလိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုက်တာနဲ့ တူတူပဲ။ မပြတ်သားရင် ရလာမယ့်ရလဒ်ကိုတော့ ကျွန်တော်က ကြိုသိခွင့် မရှိပြန်ဘူး။ သေချာတာတော့ ကောင်းတဲ့ရလဒ် မဖြစ်နိုင်တာ။

ဘာလဲကွာ။

ဘာလဲ။

ရည်းစားတစ်ယောက်နဲ့ သူငယ်ချင်းတစ်ယောက် လဲလှယ်ပွဲသား။ ကျွန်တော့်ဘဝမှာ နှစ်ယောက်လုံးကို အလိုရှိတယ်။ နှစ်ယောက်လုံးဟာ ဘဝပဲ။ သူ့အကန့်နဲ့ သူပဲ။ ဘယ်တစ်ယောက်ကိုမှ ကျွန်တော် စွန့်ချင်ဘူး။ သာမန်အားဖြင့်ကြည့်ရင် သူမှန်ပါတယ်။ မိန်းကလေးပဲ။ ဆွေးပူတာပေါ့။ ဒါပေမယ့် ကျွန်တော်နဲ့မှုန်ဟာ သာမန်တွေမဟုတ်ကြဘူး။ ဒါကို ဘယ်လိုနားလည်အောင် ရှင်းပြရမှာတဲ့လဲ။

တော်သေးတာပေါ့။

သီချင်းသံတ အာရုံကို လှည့်စားသွားလို့။ မဟုတ်ရင်တော့ လူတနေမထိထိုင်မသာနဲ့ အတော်ပြဿနာတက်မှာ။

ပြီးတော့ ကျောင်းပိတ်ရက်မှာ ကျွန်တော်ဟာ ပူပန်မှုရဲ့အကျဉ်းသားဖြစ်ရတော့မယ်။ ခုပဲဆုံးဖြတ်ဆုံးဖြတ် ကျောင်းဖွင့်မှ ဆုံးဖြတ်ဆုံးဖြတ် အဖြေက တစ်ခုပဲထွက်မှာပဲ။ ရလာမယ့်အကျိုးဆက်ကပဲ မသေချာတာ။

မိမှုန်ရေ။ အချစ်ဆိုတာကြီးက ဘာကြီးလဲ။

ခု . . . ငါက ကံကောင်းတာလား။ ကံဆိုးတာလား။

သူက ငါ့အပေါ် လောဘကြီးတာလား။ ငါက လောဘကြီးနေတာလား။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သင့်ဖြစ်ထိုက်တာကရော ဘာလဲ။

ကျွန်တော်ကသာ ကားမောင်းရင်း အတွေးတွေနဲ့ နစ်နေတာ သူကတော့ သီချင်းကို အေးအေးဆေးဆေးလိုက်ဆိုနေတယ်။ ပြီး အဲဒီ သီချင်းခွေအကြောင်းတောင် ပြောနေလိုက်သေးတယ်။ ကျွန်တော်လည်း လိုက်ပြီးသာ ပြောနေတယ်။ စိတ်ကရှုပ်တုန်း။

မှောင်စပျိုးနေပြီမို့ တစ်ခါတုန်းက လမ်းမှားချင်ယောင်ဆောင် ခဲ့တဲ့ လမ်းကလေးဆီကို ဒုတိယအကြိမ်အဖြစ် ပြန်ရောက်သွားခဲ့တယ်။ ရဲရဲအိမ်ကိုပါ။

'ရဲအိမ်နဲ့ ကိုမိုးအိမ်က ဘယ်လိုမှလမ်းကြောတော့မသင့်ဘူးနော်'

ကားပေါ်က မဆင်းခင် အဲဒီလိုရအောင် ပြောသွားသေးတယ်။ ကျွန်တော် ခေါင်းညိတ်ပြလိုက်လား မသိဘူး။ အဲဒါ ကျွန်တော်ကသူနဲ့ လမ်းကြောသင့်အောင် အိမ်ပြောင်းရမလား။ ဒါမှမဟုတ် ကျွန်တော်နဲ့ လမ်းကြောသင့်အောင် သူအိမ်ပြောင်းသင့်လား။ ကျွန်တော့်ကို ကူပြီး စဉ်းစားပေးကြပါဦး။

❖



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကပိတ်ထားပြီမို့ ကျွန်တော်နဲ့ မှုန်လည်း မတွေ့ဖြစ်ဘူး။ ရဲရဲနဲ့ကတော့ တွေ့လိုက်၊ ဖုန်းပြောဖြစ်လိုက်နဲ့ ဘာမှမတွေးချိန်မှာ ကြည်နူးရပေမယ့် တွေးမိချိန်မှာတော့ စိတ်တွေ ရှုပ်လာတတ်တယ်။ ဘာမှမတွေးနဲ့လို့ ကိုယ့်ကိုယ်ကိုယ် တားမြစ်ရတာကလည်း လောကမှာ အခက်ဆုံးကိစ္စ ဖြစ်နေပြန်တယ်လေ။ ဒီအတောအတွင်းမှာ ကျွန်တော် မှုန့်ကို သတိရပေမယ့် မှုန့်ဖုန်းနံပါတ်ကို မယူထားလိုက်မိတာကြောင့် ကိုယ်တိုင်သွားမှ တွေ့ရတော့မယ့် အခြေအနေကြီး။ သွားပြန်ရင် သူ့အစ်ကိုဖြစ်သူ‌တာ ဘာတွေပြောဦးမလဲ။ ရယ်တော့ ရယ်ရသား။

'ဘာပြုံးတာလဲ'

ကျွန်တော် မှုန့်အစ်ကို ကို တွေးပြီးပြုံးမိတာကို ရဲရဲကမေးတယ်။ အဲ. . . အမှန်အတိုင်းဖြေရင် ရှုပ်ကုန်ဦးမလား မသိဘူးနော်။ အဲဒါနဲ့ ဓူသာဝါဒလည်းမပါ အခြေအနေလည်း မပျက်အောင် ပြန်ပြောရတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အော်. . လူတစ်ယောက်အကြောင်း တွေးမိလို့ပါ'

'သူက ဘာဖြစ်လို့လဲ'

'အဲဒီလူက ကိုယ့်ဒီကားလေးကို အစုတ်တဲ့။ စီးတဲ့သူသိက္ခာကျ တယ်ပေါ့။ ခု ရဲရဲ ကိုယ့်ဘေးပါလာတာသာ အဲဒီလူမြင်ရင် ဘာပြောမလဲ တွေးမိလို့'

'သူနဲ့ ကိုမိုးက ရန်သူမို့လို့လား'

'မဟုတ်ပါဘူး၊ ဒီလိုပါပဲ၊ ဒါပေမယ့်သိတယ် မဟုတ်လား၊ တချို့ လူတွေက ဒီလိုပဲ'

'အင်းလေ. . . ဟုတ်တယ်နော်'

တော်သေးတာပေါ့။ ဒီလောက်နဲ့ ပြီးသွားလို့၊ နောက်ဆို ကျွန် တော်ဟာ ကိုယ့်ကိုယ်ကိုယ် အကယ်ဒမီမင်းသားတစ်ယောက်လို ကျင့်ကြံ နေထိုင်ရတော့မယ် ထင်တယ်။ ခံစားချက်တွေကို မျက်နှာဆီမပို့နဲ့။ တစ် ချက်မှားတာနဲ့ ရှုပ်ကုန်မှာလေ။

ဘုရား. . . ဘုရား။

ဒါဆို ကျွန်တော်ဟာ ဟန်ဆောင်မှုတွေနဲ့ ပင်ပန်းလေးလံနေ တော့မှာပေါ့။ ခုတောင်မှ ကျွန်တော် တော်တော်ပင်ပန်းနေပြီ။ ဖုန်းပြော တိုင်း ၄ ခါမှာ ၃ ခါလောက်က 'ဝတ်မှုန်နဲ့တွေ့သေးလား' ဆိုတာက တစ်ခါစီလောက်တော့ မေးတယ်။ မတွေ့လို့ မတွေ့သေးဘူး ဖြေရတာက အဓိပ္ပာယ်ရှိတယ်။ တွေ့ရက်နဲ့ မတွေ့ဘူးလည်း မပြောချင်ဘူး။ ဟုတ် တယ်လေ။ ရဲရဲက မှုန်နဲ့လည်း သိတာပဲ။ မှုန်ကတော့ ဘာကိုမှမသိတဲ့ ပကတိနှလုံးသားနဲ့ တွေ့ရင်တွေ့တယ်ဖြေမှာပဲ။

'ရဲနဲ့ကိုယ် မှုန့်ဆီသွားရအောင်'



www.burmeseclassic.com

www.burmeseclassic.com



ရဲရဲက မျက်လုံးလေးထောင့်ကပ်ပြီး တစ်ချက်စဉ်းစားသလို လုပ်သေးတယ်။ ပြီးတော့မှ ဘာကိုတွေးမိတယ် မသိဘူး။

'သွားလေ' တဲ့။

အဲဒါနဲ့ ကျွန်တော်မှုန့်အိမ်ကို မောင်းသွားလိုက်တယ်။ မှုန်တို့အိမ်ရှိရာလမ်းသွယ်လေးထဲကိုဝင်တော့ ရဲရဲက မေးတယ်။

'ဝတ်မှုန်က ဒီမှာနေတာလား'

'အင်း'

'ဒီထဲမှာရှိတဲ့ အိမ်တွေက အပျံစားတွေချည်းပဲ'

ရဲရဲက သူသိထားတာကို ပြောပြနေတာလား။ တစ်ယောက်တည်း ရေရွတ်လိုက်တာလားမသိတဲ့ စကားမျိုးကိုပြောတယ်။ အဲဒီထဲမှာမှ မှုန့်အိမ်က အပျံဆုံးဆိုလို့ရလောက်တာတော့ ကျွန်တော်ဘာလို့ ပါးစပ်က ပြောနေတော့မှာလဲ။ မကြာခင် တွေ့ရတော့မယ့်ဟာ။

မှုန့်ခြံရှေ့ကို ကားထိုးလိုက်တယ်ဆိုရင်ပဲ တင်းတင်းစေ့ပိတ်ထားတဲ့ ငွေရောင် ခြံတံခါးလှလှကို လူတစ်ယောက် လာဖွင့်တယ်။

'ဘယ်သူနဲ့ တွေ့ချင်လို့လဲ'

'နွေဝတ်မှုန်'

ကျွန်တော်က အဲလိုပြောတော့ တခါးဖွင့်တဲ့လူက မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။ သူကြည့်ပုံက မလိုကြည့်တော့မဟုတ်ဘူး။ တစ်မျိုးပဲ။ ကားဝင်သွားတော့ ရပ်ရမယ့်နေရာကို အဲဒီလူက တစ်ခါတည်းပြတယ်။ ကားပါကင်လို နေရာတစ်ခုကို သေချာလုပ်ထားပြီး ရည်သည်အားအနည်းဆုံး ရှစ်စီးလောက်ဆန့်အောင် လုပ်ထားတာပဲ။

ကားရပ်ပြီးပြီးချင်းမှာပဲ မှုန်ပြေးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဟာ. . . နေမိုးနဲ့ ရဲရဲ လာ လာ'

မှုန်လက်မှာက မြေကြီးတွေနဲ့ ပေကျံလို့။

'နင်ဘာလုပ်နေတာလဲ'

ရဲရဲက မေးတယ်။

'အပင်စိုက်နေတာ'

'ဘာပင်လဲ၊ သစ်ခွလား၊ ပန်းပင်လား'

'ဟင်အင်း စံပယ်တွေ. . . ခွဲပြီးပြန်စိုက်နေတာ၊ ငါ့စံပယ်တွေက အရမ်းပွင့်တာပဲ. . . မွှေးနေတာ'

မှုန်က ပျော်ရွှင်စွာပြောတယ်။ မှုန်ရဲ့လန်းဆန်းနေမှုက ကျွန်တော့်ဆီ ပြန်ကူးစက်လာပြီး ကျွန်တော်ပါ ပြန်လန်းလာသလိုပဲ။

'သွားကြည့်ရအောင်'

ကျွန်တော်က စံပယ်တွေသွားကြည့်မယ် ဆိုတာကြောင့် မှုန်က လာလေဆိုပြီး ခေါ်သွားတယ်။ ရဲရဲကတော့ ဘာမှမပြောဘဲ လိုက်လာတယ်။

'စံပယ်တွေ အမျိုးအစားစုံစုံတော့ စုထားတာပဲ။ တောစံပယ်က အစပေါ့၊ ဒါက အထပ်တစ်ရာလို့ တချို့က ခေါ်တယ်၊ တချို့ကတော့ စံပယ်အိုးပုတ်လို့လည်းခေါ်တယ်'

'အပွင့်ကကြီးပြီး လှလိုက်တာ'

'ဟုတ်တယ်. . . ရော့. . . ဒါ ရဲရဲဖို့'

ပန်းဖြူဖြူဆုပ်ဆုပ်ကလေးတွေ ပွင့်နေတဲ့ အခက်တစ်ခုကို မှုန်က လှမ်းခူးပြီး ရဲရဲကိုပေးတယ်။ ရဲရဲက လှမ်းယူပြီး ကျွန်တော့်ကို ပြန်ကမ်းပေးတယ်။ ဘာမှန်းမသိဘူး။ ဒါပေမယ့် ကျွန်တော်ယူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ရဲက ပန်းမကြိုက်ဘူးလေ၊ ဒီတော့ ကိုမိုးကို ပြန်ပေးတာ'

'အော်. . .'

မှုန်ကမှ 'အော်' နိုင်သေးတယ်။ ကျွန်တော်ကတော့ ဘာပြောရမှန်း မသိဘူး။ ကိုယ့်ချစ်သူ ပန်းမကြိုက်မှန်း မသိတာ ကျွန်တော်ညံ့တာ။ ကိုယ့်လက်ထဲ သေချာလာထည့်တဲ့ ပန်းကို ချက်ချင်းလက်ဆင့်ကမ်းပြီး မကြိုက်ဘူးလို့ ဝန်ခံတာက ရဲရဲ ညံ့တာလား၊ ရိုးသားပွင့်လင်းတာလား။

'ဟိုဖက်က သစ်ခွတွေကရော ဝတ်မှုန်စိုက်တာလား'

'ဟင်အင်း. . . အဲဒါက မေမေနဲ့ မမတို့စိုက်တာ၊ အဲဒီအတွက် ပြုစုတဲ့သူ သပ်သပ်ရှိတယ်လေ၊ မှုန်က အဲဒီပန်းတွေကို ဂရုစိုက်ပေးစရာ မလိုဘူး'

'အော်'

'နှင်းဆီတွေလည်း ရှိတယ်. . . ရဲရဲ'

'အင်း. . . လှတယ်နော်'

ပန်းမကြိုက်တဲ့သူတစ်ယောက်ဆီက ဒီလောက်မှတ်ချက်ရတာပဲ တော်လှပြီလို့ တွေးရင်တော့ကောင်းတာပေါ့။ ခက်တာက ကျွန်တော်က ရဲရဲကို ချစ်တဲ့သူဆိုတော့ သူ့အထာလေးတွေကို ဒီရက်ပိုင်းမှာ ပိုသိလာတယ်။ ရဲရဲဟာ ဟန်ဆောင်ကောင်းတယ်။ မာယာလည်း သုံးတတ်တယ်။ ဒါပေမယ့် သူဟန်ဆောင်နေလို့ ဟန်ဆောင်မှန်းမသိအောင် မာယာသုံးလို့ သုံးနေမှန်းမသိအောင်တော့ နေတတ်တယ်။

'လာ. . . အထဲသွားရအောင်'

မှုန်က အထဲကိုခေါ်သွားတယ်။ပြီး 'ခဏနော်၊ လက်ဆေးဦးမယ်' ဆိုပြီး ဝင်သွားတာမို့ ဧည့်ခန်းထဲမှာ ကျွန်တော်တို့နှစ်ယောက် ကျန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ညှော်ခန်းကြီးက ခမ်းနားပြီး လူကို ရှိန်စေတယ်နော်'

ရဲရဲက ပုခုံးလေးတွန့်ပြီးပြောတယ်။ သာမန်ရပ်ကွက်ကလေးက သာမန်ထက်ပိုတယ်ဆိုရုံ အိမ်ကလေးမှာနေတဲ့ ရဲရဲလို မိန်းကလေးမျိုး အတွက် မပြောနဲ့။ ကျွန်တော့်လိုကောင်အတွက်တောင်မှ ဒီဧည့်ခန်းရဲ့ ရှိန်ပုံက လူကို comfort (သက်သောင့်သက်သာ) မဖြစ်စေဘူး။

ခဏနေကျ မှုန် ပြန်ထွက်လာတယ်။

'လာလာ. . . ငါ့ညှော်ခန်းသွားရအောင်၊ ဒီထဲမှာ ကြာကြာနေ ရင် နင်တို့တော့ မသိဘူး၊ ငါအသက်ရှူလို့ မဝဘူး'

'နင့် ညှော်ခန်း ဟုတ်လား'

ရဲရဲက တအံ့တသြ မေးတယ်။

'အင်းလေ. . . ငါ့အခန်းနဲ့ တစ်ဆက်တည်းမှာ၊ ငါ့ညှော်ခန်းရှိ တယ်၊ ငါ့ဧည့်သည်တွေ၊ သူငယ်ချင်းတွေအတွက်လည်း သက်သောင့် သက်သာ ရှိတယ်၊ လူကြီးတွေရဲ့ ဧည့်သည်တွေရှိနေရင်လည်း အနှောင့် အယှက် မဖြစ်ဘူးပေါ့၊ ဒီမှာက ကိုယ့်ညှော်ခန်းကိုယ် ခွဲပေးထားတာ'

မှုန့်စကားအဆုံးမှာ ရဲရဲက ကျွန်တော့်ကို တစ်မျိုးလေးကြည့် တယ်။ ဘာအဓိပ္ပာယ်မှန်းတော့ မသိဘူး။ ကျွန်တော်စဉ်းစားမနေတော့ ပါဘူး။ မှုန့်ညှော်ခန်းလေးက ကျွန်တော့်ကို ဆွဲဆောင်သွားပြီလေ။ မှုန့် ညှော်ခန်းလေးထဲမှာက သာမန်ထိုင်ခုံလေးတွေနဲ့ Artificial ဝါးပင်လေး တွေ၊ တကယ့်ပန်းအိုးသေးသေးလေးတွေနဲ့လည်း အလှဆင်ထားသေး တယ်။ ညှော်ခန်းထောင့်မှာ ရေတံခွန်သေးသေးလေးတစ်ခုနဲ့ ကန်လေး ရှိတယ်။ အဲဒီထဲမှာ ငါးသေးသေးလေးတွေ ကူးလို့၊ ဟိုညှော်ခန်းထဲကလို ရာဇဝင်ကြွေနဲ့ ကူးနေတဲ့ Lucky fish မျိုးကြီးတွေ မဟုတ်ဘူး၊ ချစ်စရာ လေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



'အင်း. . . ခုမှပဲ အသက်ရှုလို့ဝတော့တယ်'

ကျွန်တော့်စကားကြောင့် မှုန်က ရယ်တယ်။ ရဲရဲကတော့ ပြုံးတယ်။ မှုန်က ကျွန်တော်တို့ကို ညနေစာစားပြီးမှပြန်တဲ့။ ရဲရဲက လက်ခံလိုက်တာမို့ ကျွန်တော်တောင် အံ့သြနေတာ။ ဘာပဲပြောပြော အခုရင်နေ့တွေက နှစ်ယောက်တည်းသွားလာနေရတဲ့ အချိန်နာရီတွေထက် ပေါ့ပါးနေမိတဲ့ ကိုယ့်စိတ်ကိုယ်လည်း အံ့သြတာတော့ အမှန်ပဲ။

အဲဒီနေ့က အိမ်မှာ စားစရာမရှိလို့။ မနက်တိုင်း ဘာမှမစားခဲ့ရဘူးဆိုတဲ့ မှုန် အလွယ်တကူ ပြင်ဆင်ချက်ပြုတ်ကျွေးတဲ့ဟာတွေနဲ့ ကျွန်တော်တို့ စားကောင်းခဲ့ကြတာကို အမှတ်ရနေတယ်။

အဲဒီနေ့လေးကတော့ အတော်သာယာသား။ ကောင်းကင်မှာ ဆိမ့်မှိုင်ပါးပါးတချို့ လွင့်မျောနေတာကလွဲရင် ပြာစင်လို့။

❖

www.burmeseclassic.com

www.burmeseclassic.com



အိမ်တွင်ဘုရားတစ်ဆူပင့်သောနေ့မှ အခွင့်သင့်တုန်း ကျွန်တော် မှုန့်ကိုရော ရဲရဲကိုပါ ခေါ်လိုက်သည်။ မှုန်နှင့် ရဲရဲ ချိန်းကာ အတူလာကြ၏။

'မေမေ. . . ဒါ သားသူငယ်ချင်းတွေ'

'အော်. . . လာလာ သမီးတို့ ဘုရားခန်းသွားရအောင်၊ အော် ဒါနဲ့ နွေဝတ်မှုန် ဆိုတာ ဘယ်တစ်ယောက်လဲ မသိဘူး'

'သမီးပါ၊ ဒါက ရဲရဲတဲ့ အန်တီ'

'အေးကွယ်၊ အန်တီက သားပြောလို့ တွေ့ချင်နေတာကြာပြီ'

အကွက်ဆင်ကာ လုပ်ထားသော ဇာတ်ကွက်တစ်ခုဆိုလျှင် တောင် ဒီလောက်အံဝင်ခွင်ကျဖြစ်မှာ မဟုတ်။ မေမေကလည်း ရိုးသား စွာ မေးခြင်းပင်။ မှုန်ကလည်း ရိုးရှင်းစွာဖြေတာပဲ။ ရဲရဲကိုတောင် မိတ် ဆက်ပေးလိုက်သေးတာ။ မျက်နှာပျက်သွားရသူက 'ရဲရဲ'၊ ရဲရဲကို အမိုး



www.burmeseclassic.com

www.burmeseclassic.com



လိုကြည့်နေသူမို့ ကျွန်တော်က အခြေအနေကို ရိပ်စားမိလိုက်တယ်။ ရဲရဲက ချက်ချင်းမျက်နှာကို ပြန်ပြင်လိုက်နိုင်တာမို့ ဘယ်သူမှ မသိလိုက်။ ကျွန်တော်ပဲ သိလိုက်တယ်လို့ ပြောရင်ရတယ်။

နောက်ပိုင်းကျတော့ မှုန်နဲ့ရော ရဲရဲနဲ့ပါ မေမေနဲ့အဆင်ပြေသွားတယ်ထင်တယ်။ စကားတွေပြောလို့။

'အန်တီ့သားက သူငယ်ချင်းသိပ်ရှိတာ မဟုတ်ဘူး၊ သူ့ကိုခုလို သည်းခံခွင့်လွှတ်ပေါင်းပေးတာကိုပဲ အန်တီက ကျေးဇူးတင်ပါတယ်'

'သူငယ်ချင်း သိပ်မရှိတာမဟုတ်ဘူး မေမေ ရှိကို မရှိတာ၊ ကျောင်းမှာလည်း ဒီနှစ်ယောက်ပဲ သိတယ်'

'အင်းပါ၊ မေ့သားအကြောင်း မေသိပါတယ်၊ ကဲသား. . . သူငယ်ချင်းတွေကို စားဖို့ပြောပါဦး. . . ဟိုဘက်မှာ စားပွဲတွေပြင်ပြီးနေပြီ'

'ကဲ. . . လာ. . . ဟိုဘက်သွားရအောင်'

'ရွှေတောင်ခေါက်ဆွဲလား နေမိုး'

'ဟုတ်တယ်'

'ကောင်းလိုက်တာ. . . ငါ့ အကြိုက်ပဲ'

'မေမေလည်း ကြိုက်တယ်၊ ဒါမေမေကိုယ်တိုင် စီမံထားတာ၊ ရဲကော ကြိုက်လား'

'ဟင်အင်း. . . ဒါပေမယ့် ရပါတယ်'

'ရဲမကြိုက်ရင် တခြားဟာစားလေ၊ ကိုယ်သွားလုပ်ပေးမယ်'

'အာ. . . ရတယ် မလုပ်နဲ့'

ကျွန်တော်ထထွက်ဖို့ လုပ်တာမို့ ရဲက လှမ်းဆွဲတယ်။

'ရတယ်. . . ရဲ ဒါပဲစားမယ်၊ တစ်ခါတစ်လေ စားတာပဲ'

www.burmeseclassic.com



'အချိုပွဲစားပါလား ရဲ'

'ဟင်အင်းရတယ်၊ ရဲ ဆာနေပြီ'

ဒီလိုကျတော့လည်း ရဲ က လိမ္မာသားလို့ ကျွန်တော်တွေးလိုက်မိပြီး ကျေနပ်ရသေးတယ်။ ဒါပေမယ့်ညကျတော့ ကျွန်တော်အကြီးအကျယ်စိတ်ညစ်ရတော့တယ်။

ပထမဆုံး စပြောတာက မေမေ။

'သား ရဲရဲဆိုတာက သူငယ်ချင်းအသစ်လား'

'ဟင်အင်းမေမေ သူက သားချစ်သူ'

'ဘုရားရေ သား တကယ်ပြောတာလား'

မေမေ့အသံက မယုံကြည်နိုင်တဲ့ လေသံမျိုး။ လက်ကလည်း ရင်ဘတ်လေးတောင် ဖိလို့။ သေချာတယ်။ မေမေ အဆင်မပြေတော့ဘူး။ မေမေ့စိတ်ထဲမှာ ရဲရဲဟာ အဆင်မပြေဘူး။ ဒါက ညှိယူရမယ့်ကိစ္စ။ ဒီထိအဆင်ပြေနေတယ်။

'ဟုတ်တယ်မေမေ. . . သားတို့ ချစ်သူဖြစ်တာ မကြာသေးဘူး'

'ဝတ်မှုန်ကိုဘာလို့ မရွေးတာလဲသားရယ်'

ထင်မှတ်မထားတဲ့ မေမေ့စကားကြောင့် ကျွန်တော် တအံ့တဩဖြစ်သွားရတယ်။ အချစ်ဆိုတာ ရွေးချယ်မှု မဟုတ်ဘူး။ သူက ကျွန်တော်တို့ကို ရွေးချယ်တာ။ ဘာညာစတဲ့ စကားလုံးကြီးကြီးတွေနဲ့ မေမေ့ကိုဘယ်လိုပြောရမလဲ။

'မှုန်က သားသူငယ်ချင်းလေ မေမေ'

'မေမေက မှုန့်ကို ပိုချစ်တယ်'

ကျွန်တော်ကလည်း ရဲရဲကို ပိုချစ်တယ်လို့ မပြောချင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com


အချစ်ခြင်းမှ မတူတာ၊ ကျွန်တော် ရဲရဲကို ချစ်သူတစ်ယောက်လိုချစ်သလို မှုန့်ကိုလည်း သူငယ်ချင်းတစ်ယောက်လို မောင်နှမရင်းခြာလို ချစ်တယ်။

'သားက မှုန့်ကို ညီမလေးတစ်ယောက်လိုပဲ ချစ်နိုင်တယ်လေ'

'အင်းလေ သားစဉ်းစားပေါ့၊ အချိန်တွေ ရှိပါသေးတယ်'

မြတ်စွာဘုရား။ စဉ်းစားဖို့အချိန်တွေ ပေးသွားပြန်ပြီ။ ဘယ်အချိန် စဉ်းစားစဉ်းစားတစ်ခုပဲ သေချာပေါက်ထွက်မယ့် အဖြေကြီးကို ဘာလို့များ အချိန်တွေလာပေးနေကြတာလဲ မသိဘူး။ 'အချိန်'ဆိုတာ လူတွေရဲ့ ခံစားချက်ကို ပြောင်းလဲပေးနိုင်တဲ့ monster ကြီးလား။

မေမေထွက်သွားလို့ မောကျန်ခဲ့တုန်းရှိသေးတယ်။ ဖုန်းမြည်လာတယ်။ ရဲရဲဆီက. . .

'ကိုမိုး'

'ပြောလေ. . . ရဲ'

'ကိုမိုးက ကိုမိုးအမေကို ဝတ်မှုန်နဲ့ပတ်သက်ပြီး ဘာတွေများ ဒီလောက်တောင် ပြောထားလို့လဲဟင်'

'ဘာပြောလို့လဲ. . . ဘာမှမပြောပါဘူး'

'တစ်ချိန်ကျ ပတ်သက်ရမယ့် ရဲကိုကျ မသိဘဲ. . . ဝတ်မှုန်ကျ ခေါ်ယူရတဲ့ထိ တလေးတနက်ဖြစ်နေတာတော့ ဆန်းတယ်'

အဲဒါမှ ပြဿနာ။

'ဟိုအရင် ကျောင်းစတက်တုန်းက မှုန်နဲ့ စသိခဲ့တာလေ၊ မှုန်တအစစကူညီလို့ မေမေ့ကို ပြောပြရင်းနဲ့ သိနေတာပါ'

'ကိုမိုးက ဘာလို့တစ်တန်းလုံးမှာမှ မှုန်တစ်ယောက်ထည်းနဲ့ပဲ ခင်ရတာတဲ့လဲ'


www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ ဘယ်သိမလဲ၊ သေချာတာက ကိုယ်လူများများ မပေါင်းချင်ဘူး၊ မသိချင်ဘူး၊ လူတွေကို မယုံဘူး'

'လူတွေကို မယုံဘူး. . . ဟုတ်လား'

'ဟုတ်တယ်. . . အတော်များများကို မယုံချင်ဘူး'

'ရဲကိုရောလား'

'ဟာ. . . ဘာဆိုင်လို့လဲ. . . ယုံခြင်း မယုံခြင်းနဲ့ ရဲက ကင်းလွတ်တယ်လေ၊ ရဲက ကိုယ့်ရဲ့အထူးသီးသန့်ပဲ'

ရဲ ခပ်တိုးတိုးရယ်သံကို ကြားလိုက်ရတယ်။

မျက်နှာမမြင်ရတဲ့အတွက် သူဘယ်လို ခံစားချက်နဲ့ ရယ်တယ်ဆိုတာတော့ မှန်းလို့မရဘူး။

'ဒီစကားကတော့ ကျေနပ်ချင်စရာလေး'

'ကျေနပ်ပါ ရဲရာ'

ကျွန်တော်လေသံပျော့လေးနဲ့ ပြောမိတယ်။

'ပြီးတော့ သိလား ကိုမိုး'

စကားမဆုံးသေးဘဲ ဆက်ပြောပါတယ်။

'အင်း. . . ပြောလေရဲ'

'ကိုမိုး မာတာမိခင်ကိုကြည့်ရတာ မှန့်ကိုပိုပြီး စိတ်ဝင်တစားနဲ့ အလေးထားသလိုပဲ'

'အာ. . မဟုတ်တာ. . . ရဲကလဲ'

'ရဲ ရင်ထဲခံစားရတာကို ပြောတာပါ'

'အဲလိုမှမဟုတ်တာ မခံစားနဲ့'

'ဒါဆိုမေးဦးမယ်'



www.burmeseclassic.com

www.burmeseclassic.com



အင်း။ မပြီးသေးပါလား။ ဘာတတ်နိုင်မှာမို့လဲ စနေမိုးရယ်။ ဖြေရုံပေါ့လို့ ကိုယ့်ဘာသာကိုယ် အသာပြန်အားပေးရတယ်။

'မေးလေ. . . ရဲ'

'ကိုမိုးအမေက ဘာပြောသေးလဲ'

'ဘာကိုလဲ'

'ရဲတို့ကို'

'ရဲနဲ့ကိုယ်နဲ့ချစ်သူတွေဆိုတာ ပြောပြလိုက်တယ်'

ကျွန်တော် မညာချင်ဘူး။ ဒါကြောင့် အမှန်အတိုင်းပြောလိုက်တယ်။ အင်း ကျန်တဲ့အပိုင်းတွေကိုတော့ ဆက်ညာရင် ညာရမှာပေါ့။ မုသားမပါ လက်မချောတဲ့။

'ဟယ်. . . တကယ်လား'

ရဲရဲအသံက ရယ်သံလေးစွက်ပြီး ရှက်စနိုးလေး။

'တကယ်ပေါ့'

'ကိုမိုးအမေက ဘာတဲ့လဲ'

'ဘာမှမပြောပါဘူး၊ မေမေက ကိုယ့်သဘောပါ'

'တကယ်လား'

'တကယ်ပေါ့'

'ကောင်းပြီလေ၊ ဒါဆိုလည်း ရဲတွေးနေတာတွေကို မေ့ပစ်လိုက်ပါတော့မယ်'

'ဟာ. . . ကောင်းတာပေါ့ ရဲရယ်'

'တစ်ခုပဲသိလား'

'ဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'မှုန်နဲ့ ကိစ္စကိုတော့ ကိုမိုး စဉ်းစားထားနော်'

ဧကွျတ်. . . လာပြန်ပြီဒီကိစ္စ။

'ရဲကရော မစဉ်းစားတော့ဘူးလား'

'ရဲက ဘာစဉ်းစားစရာလိုလဲ၊ ရဲဘက်က မတရားတောင်းဆိုနေတာမျိုးလို့ ကိုမိုးထင်လို့လား'

မတရားတော့ မဟုတ်ဘူးပေါ့၊ ဒါပေမယ့် လွန်တာတော့ အသေအချာပဲ၊ ကျွန်တော်ဘာမှ ပြန်မပြောမိဘူး။

'ကဲကဲ. . . ဒါပဲ Goodnight'

ပြောပြောဆိုဆို ဖုန်းချသွားတယ်။ သူသာ ဖုန်းချသွားတယ်၊ ကျွန်တော့်မှာ သက်ပြင်းမချနိုင်သေးဘူး။ ဘယ်လိုများ Goodnight ဖြစ်နိုင်ပါတော့မလဲ။ နိုးနေလည်း စိတ်ညစ်ရ၊ အိပ်ပျော်ရင်တောင် စိတ်ညစ်ရမယ့်ကိစ္စကြီးကို။

စိတ်ညစ်ရပါတယ်ဗျာ။

❖



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဖွင့်ဖို့ တစ်ပတ်ပဲလိုတော့တဲ့အချိန်မှာ ရဲရဲကမိသားစုနဲ့ ခရီးထွက်သွားတယ်။ ၄-၅ ရက်ကြာမယ်တဲ့။ အဲဒီရက်တွေမှာ ကျွန်တော်နဲ့ မှုန် တွေ့ဖြစ်ကြတယ်။ အိမ်ခေါ်လာပြီး မှုန်နဲ့မေမေ စကားပြောကြတယ်။ ကျွန်တော်ရောပဲ။ မေမေနဲ့ မှုန် မုန့်လုပ်စားကြတယ်။ တတယ့်မိသားစုလေးလို ပျော်စရာလေး။ မှုန်ကတော့ သတိတရနဲ့။

'ရဲသာရှိရင်ကောင်းမှာ' လို့ပြောတယ်။

ရဲရဲသာရှိရင် ဒီလိုနေရမှာမဟုတ်ဘူးဆိုတာ သူမှမသိဘဲ။ မေမေကတော့ ခပ်တည်တည်နဲ့ မှုန့်ကို မေးနေတယ်။

'အဲဒီကောင်မလေးက သားရည်းစားဆို'

'ဟုတ်တယ်. . . အန်တီ'

'ဘယ်လိုများ ကြိုက်သွားကြတာလဲ'

မှုန်က 'ခစ်' ကနဲရယ်ပြီး 'သမီးကအောင်သွယ်'လို့ ပြောလိုက်လို့

www.burmeseclassic.com

www.burmeseclassic.com



အမေ တအံ့တဩနဲ့။ မှုန်က ဆက်ပြောတယ်။

'သူ အောင်သွယ်ခိုင်းတာပါ'

'သူ ခိုင်းတိုင်းလုပ်ရလား သမီးရဲ့'

'ဂျီကျတာကိုး အန်တီရဲ့'

'ကောင်မလေးကို သမီးက သဘောကျရဲ့လား'

'အာ . . . သမီးသဘောကျရမှာ မဟုတ်ဘူးလေ. . . နေမိုး သဘောကျရမှာ'

'မဟုတ်ဘူးလေ. . . သမီးအနေနဲ့က'

'မဆိုးပါဘူး အန်တီရဲ့. . . ရဲရဲက မဆိုးဘူး၊ လိမ္မာတယ်၊ စိတ်ဓာတ်လေးလည်း ကောင်းတယ်၊ နည်းနည်းနေတာထိုင်တာ ဆက်ဆံတာ ရင့်တာလေးတစ်ခုပဲ'

မှုန်ကတော့ အမှန်အတိုင်း ပြောရှာတာပါ။ သူမှ မေမေ ရဲရဲကို သဘောမကျတာကို မသိတာ။

'အဲဒါကို အန်တီက မကြိုက်တာပါ၊ ဒါပေမယ့် သားကလဲ'

ကျွန်တော်မရှိဘူးအထင်နဲ့ သူတို့ ပြောနေကြတာပါ။ ကျွန်တော်က သူတို့ဝယ်ခိုင်းလို့ City Mart မှာ လိုအပ်တာတွေသွားဝယ်ပြီး ပြန်လာတာလေ။

ခဏနေကျမှ မှုန်နဲ့အတူ ထိုင်စကားပြောဖြစ်တယ်။

'ဟဲ့ . . . နေမိုး'

'ဘာလဲ'

'အန်တို့ကို နင် နင်နဲ့ ရဲရဲအကြောင်းတွေ ပြောပြထားပြီဆို'

'အင်းလေ'



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတာပဲ ငါက သဘောကျတယ်'

'နင်သဘောကျပေမယ့် မေမေက သဘောမကျဘူးတဲ့'

အဲဒီတော့မှ မှုန်က ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံတယ်။

'အေး. . . ဟုတ်တယ်ဟ. . . အန်တီ့ကြည့်ရတာ ရဲရဲကို မကြိုက်ဘူး၊ ရဲရဲက မဆိုးပါဘူးဟာ'

ကျွန်တော် မှုန့်ကိုကြည့်ပြီး ပြုံးလိုက်တယ်။

'ဒါဆိုလည်း နင်ထောက်ခံချက်ပေးခဲ့လေ'

'ငါပေးတော့ပေးထားပါတယ်၊ လိုရင်ထပ်ပေးရတာပေါ့'

'အင်းပါ'

ကျွန်တော့်မှာတော့ ကျောင်းဖွင့်ရင်ဆိုတဲ့ အသိကြီး ပြန်လှည့်ဝင်လာလို့ စိတ်တွေ ပြန်ညစ်လာရတယ်။ ခုထိဘာလုပ်လို့ ဘာကိုင်ရမှန်းမသိဘူး။ သေချာတာက မှုန်ကခွင့်ပြုသည့်တိုင် ကျွန်တော်မှုန့်ကို မထားခဲ့ချင်ဘူး။ ရည်းစားရသွားတာနဲ့ သူငယ်ချင်းကို ထားခဲ့ရမှာမျိုးလည်း ကျွန်တော် မလုပ်နိုင်ဘူး။

'ဟဲ့. . . နင်ဘာဖြစ်နေတာလဲ နေမိုး'

'ဘာ. . . ဘာဖြစ်လို့လဲ. . . ဘာမှမဖြစ်ဘူး'

'နင့်ကိုအန်တီခေါ်နေတာကြာပြီ၊ ငါက နင်ကြားတယ်မှတ်လို့'

'ဟင်. . . ဟုတ်လား၊ ငါ မကြားဘူး'

ရုတ်တရက် ထိုင်ရာကထပြီး မေမေ့ဆီ သွားမယ်အလုပ်မှာ မှုန်က လှမ်းဆွဲတယ်။

'ဘာလုပ်မလို့လဲ'

'မေမေ့ဆီ သွားမလို့လေ၊ ခေါ်တယ်ဆို'



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်၊ နင့်ကိုခေါ်တာ နင်မကြားလို့ ငါသွားပြီးလို့ ပြန်တောင်လာပြီ၊ နောက်မှာ ကျောက်ကျောဖန်းသွားသယ်ပေးတာ'

'ဟုတ်လား'

'သေတော့မှာပဲ နေမိုးရယ်'

မှုန်က စိတ်ပျက်လက်ပျက် ညည်းညူတယ်။ ပြီးမှ ကျွန်တော့်ကို မျက်မှောင်ကြီး ကြုတ်ပြီး မေးတယ်။

'နင်. . . ဘာဖြစ်နေတာလဲ နေမိုး'

'ဘာမှမဖြစ်ဘူး၊ ငါစဉ်းစားနေတာ'

'ငါတို့တိုင်းပြည်က Philosopher မထွက်သေးဘူးဆိုပြီး နင်ကြိုးစားနေတာလားဟင်'

မှုန်က ရွဲ့ပါတော့တယ်။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။ စိတ်နဲ့ လူနဲ့ မိုင် ၂၀ လောက် လွတ်သွားတာကိုး။

'မဟုတ်ပါဘူးဟာ၊ ငါစဉ်းစားနေတာပါဆို'

'ဘာစဉ်းစားတာလဲ'

'ကျွတ်. . . နင့်ကိုပြောရမလား မပြောရဘူးလားကို စဉ်းစားနေတာ'

အဲဒီတော့မှ မှုန် မျက်လုံးလေး ဝိုင်းသွားတယ်။

'ငါ့ကိုပြောဖို့ စဉ်းစားနေတာ'

'အင်း'

'ပြောသင့် မပြောသင့်လား'

'ဟင်အင်း. . . နင့်ကို နားဝင်အောင်ပြောပြီး နင်အယူမလွဲဖို့'

'ဖြစ်ရတယ်. . . နေမိုးရယ်. . . နင်ပြောစရာရှိတာ ပြောပါ



www.burmeseclassic.com

www.burmeseclassic.com



နင့်စိတ်တိုင်းကျ ဖြစ်ရစေမယ်လို့ ငါကတိပေးပါတယ်'

'နင်တကယ်ပြောတာလား'

'တကယ်ပါ၊ နင်စိတ်ချမ်းသာမယ်ဆိုရင်ပေါ့'

မှုန်က ကျွန်တော်စိတ်ချမ်းသာမယ်ဆိုရင်တဲ့။ အဲဒီကတည်းက စလွဲနေပြီ။ ဒီကိစ္စကြီးက ဘယ်သူ့ဘယ်သူမှ စိတ်ချမ်းသာမှာ မဟုတ်ဘူး။ အဖြေက တစ်ခုတည်းရှိပြီး အားလုံးအတွက်လည်း မမှန်နိုင်ဘူးလေ။

'အဲလို မဟုတ်ဘူး'

'ဒါဆို ဘယ်လိုလဲ'

'ငါပြောတာကို နင်က သေချာနားထောင်'

'အင်း'

'ဒါပေမယ့် ဆုံးဖြတ်ရမှာက နင် မဟုတ်ဘူး'

'ဘယ်သူလဲ'

'ငါ'

မှုန် ကျွန်တော့်စကားကြောင့် တွေတွေလေးဖြစ်သွားတယ်။ တစ်ခုတစ်ရာကတော့ ဒုက္ခတွေ့နေပြီဆိုတာ သူရိပ်မိမှာပဲ။ ပြီးမှခေါင်းကို ဆတ်ခနဲညိတ်တယ်။

'စိတ်ချ. . . ပြော'

အဲဒါနဲ့ ကျွန်တော်လည်း ရဲရဲရဲ့ ကန့်သတ်တားမြစ်ချက်ကို မှုန့်ကို ပြောပြလိုက်တယ်။ ဒီကျောင်းဖွင့်ချိန်ထိ စဉ်းစားချိန်ပေးထားတဲ့ အကြောင်းနဲ့ ကျွန်တော်အနေနဲ့ကတော့ လက်မခံနိုင်လို့ စိတ်ရှုပ်နေတဲ့ အကြောင်းတွေ ပြောပြလိုက်တယ်။

မှုန်က သေချာနားထောင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စဉ်းစားနေသေးတယ်။ အတော်ကြာတယ်။ ပြီးမှ. . .

'နင်က ဘာလို့ စိတ်ညစ်ခံနေတာလဲ နေမိုး'

'အဓိပ္ပာယ်မှ မရှိတာ'

'ရဲရဲအတွက်က အဓိပ္ပာယ်ရှိတယ်'

'ငါ့အတွက် အဓိပ္ပာယ်မရှိဘူး'

'ဒါဆို နင်က ရဲရဲအတွက် မစဉ်းစားတော့ဘူးလား'

'ငါ့အတွက်ရော ငါ မစဉ်းစားရဘူးလား'

မှုန်က ကျွန်တော့်နားမှာ အသာလာထိုင်တယ်။ ပြီးမှ လေသံအေးအေးလေးနဲ့ (သူ့ထုံးစံအတိုင်း) ပြောတယ်။

'နေမိုး. . . နင်စဉ်းစားနေတာက နင့်ရဲ့အလျှော့ပေးလိုက်ရတဲ့သိက္ခာအတွက်ဆိုရင်တော့ နင်ရဲရဲကို ချစ်တဲ့အချစ်နဲ့ ဖြေလျှော့ပေးလိုက်ပါ၊ အဲ နင်စဉ်းစားနေတာ ငါတစ်ယောက်တည်း ကျောင်းသွားနေရမှာစိုးလို့ ဆိုရင်တော့ ရဲရဲကို လိုက်လျှောလိုက်ပါ။ ငါ့အစ်ကိုက ငါ့ကိုကားစီစဉ်ပေးထားတယ်'

မယုံနိုင်စရာစကားတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် ဒါကို မှုန်ထ ငြင်းပြီးသားလေ။

'နင်က မောင်းတတ်ပြီလား. . . အာ မောင်းတတ်တောင် ချ ချင်းလိုင်စင် မရပါဘူး၊ လမ်းပေါ်တက်လို့လည်း မဖြစ်ပါဘူး'

မှုန်က ပြုံးတယ်၊ မှုန့်အပြုံးမှာ မုသာဝါဒတွေပါလာတော့ ဆိုတာ ကျွန်တော်သိနေသလိုပဲ၊ မှုန့်အပြုံးက အမြဲတမ်း ကြည်လင် မြနေတာ၊ ခုအပြုံးက နည်းနည်းဆန်းတယ်။

'ငါ. . . မမောင်းပါဘူး၊ ဒရိုင်ဘာငှားမှာ'

www.burmeseclassic.com

www.burmeseclassic.com



'နင့်အတွက် သီးသန့်ဒရိုင်ဘာ ဟုတ်လား'

'အဲလိုတော့ ဘယ်ဟုတ်မလဲ. . . ဆိုင်မှာ ကားမောင်းတဲ့သူတွေထဲက အလှည့်ကျလာမောင်းပေးမှာ'

'ငါမယုံဘူး'

'အော်. . တကယ်ပါ'

'နင်ညာနေတာ ငါသိတယ်. . . နင့်ကိုငါပြောပြီးပြီ၊ နင့်မှာဆုံးဖြတ်ပိုင်ခွင့် မရှိဘူးလို့'

မှုန် ခေါင်းကို တွင်တွင်ဖွရင်း စိတ်ရှုပ်လာပုံရတယ်။

'ဒါဆို နင်နဲ့ ရဲရဲက ဘယ်လိုရှင်းမလဲ'

'ငါတို့က ဘာလို့သုံးယောက်တွဲလို့မရတာလဲ၊ ခါတိုင်းနင်နဲ့ ငါ အတူသွားနေကျ၊ အတန်းတက်နေကျ၊ သူက သူ့လမ်းကသူလာတယ်၊ သူ့အတန်း သူတက်တယ်၊ နေ့လည်မှာတွေ့တယ်၊ မဟုတ်ရင်အတန်းလစ်မယ်၊ ဒါကို ဘာဖြစ်စရာရှိလဲ'

ကျွန်တော်က ကရားရေလွှတ်သလို တတွတ်တွတ်ပြောနေပေမယ့် မှုန်ကတော့ လက်မခံနိုင်သလို ခေါင်းကိုအသာခါရမ်းရင်း အနားတဆတွက်သွားပါတော့တယ်။ ဒါလည်းအဖြေတစ်ခုမှ မဟုတ်တာ။

❖

www.burmeseclassic.com

www.burmeseclassic.com



တကယ့်တကယ် ကျောင်းတက်တဲ့နေ့ကျတော့ ခါတိုင်းလို မှုန် လမ်းထိပ်မှာ စောင့်မနေပါဘူး။ အိမ်ထိလိုက်ခေါ်တော့ သွားပြီတဲ့။ ဘာနဲ့ သွားမှန်း မသိဘူး။ အရင်နှစ်စကလို ဘတ်စ်ကား ဒါမှမဟုတ် ကျောင်း ကားများ တက်စီးသွားလားမသိဘူး။ စိတ်တိုတိုနဲ့ကျောင်းကို ဒိုင်းစိုင်း သလို မောင်းချလာခဲ့တယ်။ ခုချိန်မှာ ကျွန်တော်သိတာက ရဲရဲနဲ့ ရှင်းဖို့ ထက် မှုန်နဲ့ ရှင်းဖို့။ မှုန်ဟာ ဘယ်တုန်းကမှ ကျွန်တော့်ကို လွန်ဆန်ခဲ့တာ မဟုတ်ပဲနဲ့။ ခုကျကာမှ။

ကျောင်းရောက်တော့ ကင်တင်းမှာ ရဲရဲနဲ့အတူထိုင်ပြီး သူ့ မနက် စာကို စားနေတဲ့ မှုန့်ကို တွေ့လိုက်ရတယ်။ ကဲ. . . ဘာလုပ်ရမှာလဲ။ ကျွန်တော်ပဲ သူတို့နှစ်ယောက်ကို ထားခဲ့ပြီး ထွက်ခဲ့လိုက်ရမှာ။ ဘာသိလို မိန်းမတွေမှန်း မသိဘူး။ ဇယားကို ရှုပ်နေတာပဲ။ အထူးသဖြင့် ရဲရဲ။ ကျွန်တော်နဲ့ မှုန်ကျ မတွဲရဘူးတဲ့။ သူ့ကျ တွဲထိုင်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



'လာ. . ကိုမိုး'

'ဟဲ့. . လာလေ နေမိုး'

စိတ်ထဲ အချဉ်ပေါက်လာတာနဲ့ တစ်ခါတည်း ချာကနဲ လှည့်ထွက်ခဲ့လိုက်တယ်။ ကျွန်တော့်နောက်က တစ်ယောက်ယောက်လိုက်လာမယ်ထင်ရင် မှားသွားမှာပေါ့။ နှစ်ယောက်လုံးက ထိုင်နေမှာပဲ။ မှန်တာတော့ ကျွန်တော့်စိတ်ကိုသိလို့ လွှတ်ထားတာမျိုး။ ရဲရဲကတော့ ထလိုက်လာရင် မှန်နဲ့ရှေ့မှာ သိက္ခာကျမှာစိုးတာမျိုး။ ဒီယောက်တော့ ကျွန်တော်မှန်းလို့ရနေတယ်။

အတန်းထဲလည်း မပြန်ဘဲ ကားနဲ့ပြန်မောင်းထွက်ခဲ့လိုက်တယ်။ ပထမဆုံးနေ့မှာ ဘာစာမှ သင်စရာအကြောင်း မရှိဘူး။ သူတို့နဲ့တွေ့ဖို့ လာတာ။ ခုလို Situation မျိုးနဲ့တော့ ဘာတွေ့ချင်စရာအကြောင်းက ရှိတော့လို့လဲ။

တစ်နေကုန် လျှောက်သွားနေလိုက်တယ်။ သူငယ်ချင်းမရှိတဲ့ ကောင်ဆိုတော့ အတော်လေးငေါင်သား။ တစ်ယောက်တည်း Shopping Centre တွေလျှောက်ပတ်၊ စားချင်တာ ဝင်စားနဲ့။ ကိုယ့်ကိုယ်ကို ခုမှ အပျိုသင်တဲ့ငှက်လို သဘောထားကြည့်လိုက်တယ်။

အဆင်မပြေ တပြေပဲ။

အဆင်ပြေအောင် ကြိုးစားနေရခြင်းကိုက အဆင်မပြေမှုပဲ မဟုတ်လား။ ညကျတော့ မှုန်ဆီက ဖုန်းလာတယ်။

'သားရေ. . . မှုန်တဲ့. . . ဖုန်းကိုင်လိုက်ပါကွယ်'

မေမေက လှမ်းပြောလာတာမို့ အခန်းထဲက Cordless ကို ကောက်ကိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



'ပြော. . .'

'နင်က ဒီနေ့ ဘာလို့ပြန်သွားတာလဲ'

'နင်တို့ နှစ်ယောက်ကို အမြင်ကပ်လို့'

ကျွန်တော့်စကားကြောင့် မှုန်က ခပ်သောသောလေး ရယ်တယ်။ စိတ်ကပဲ မကြည်လင်လို့လား၊ စိတ်ကပဲ ထင်လို့လားမသိဘူး။ မှုန့်ရယ်သံက စိတ်ထဲက မပါဘဲ ရယ်နေတာလို့ ခံစားရတယ်။ ဟန်လုပ်နေတာ။ ဒီကောင်ဘယ်တုန်းက ဒီအတတ်ပညာတွေ တတ်သွားတာလဲလို့ တွေးနေမိတယ်။ ကျွန်တော့်သူငယ်ချင်းမှုန်ဟာ အရမ်းဖြူစင် အေးချမ်းပြီး မာယာမပါတဲ့ ကောင်မလေးပါ။ ခု ဘယ်သူတွေကများ အရောင်ဆိုးလိုက်တာလဲ မသိဘူး။

'နင်အဲလိုလုပ်တာ ကောင်းမလား၊ ဟိုမှာ ရဲရဲက တစ်နေကုန် မျက်နှာမကောင်းဘူး'

'နင်က သူ့မျက်နှာပဲ မြင်တာကိုး'

'အေးပါ. . . ငါသိပါတယ်၊ နင်ပြန်သွားရခြင်းရဲ့ အကြောင်းအရင်းက ငါ နင့်ကိုမစောင့်လို့လား၊ ဒါဆို ငါတောင်းပန်တယ်၊ နင်ရဲရဲကို ပြန်ပြီး ဖုန်းဆက်လိုက်ပါ'

'နင်မစောင့်တာလောက်က နင်နဲ့ မသကာချဲ့ရှိပဲ၊ ခုဟာက နင်တို့နှစ်ယောက်က စကားလက်ဆုံတွေကျပြီး ငါ့ကို နင်နဲ့မတွဲနဲ့ဆိုတဲ့လူက နင်နဲ့အတူ ရှိနေတာရယ်၊ ငါ့ကိုမစောင့်ဘဲ ထားပစ်ခဲ့တဲ့နင်က နင်နဲ့မတွဲရဘူးလို့ပြောတဲ့လူနဲ့ အတူရှိနေတာရယ်၊ ဘယ်လောက်များ မုန်းစရာ ကောင်းလဲလို့ စဉ်းစားကြည့်စမ်းပါ'

'အင်းပါ. . . စဉ်းစားကြည့်ပါမယ်၊ ခုတော့ ရဲရဲကို နင်ဖုန်းဆက်လိုက်နော်'



www.burmeseclassic.com

www.burmeseclassic.com



'မဆက်ဘူး'

'နင်ဆက်ချင်သွားမယ့်အကြောင်းတော့ ပြောရဦးမှာပေါ့'

'မပြောနဲ့ မကြားချင်ဘူး'

'တကယ်လား၊ ရဲရဲက နင်နဲ့ ငါနဲ့ကို ကျောင်းအတူလာတာ မတာန့်တွက်တော့ပါဘူးဆိုတဲ့ ကိစ္စကို နင် မကြားချင်ဘူးလား'

'ဘာ. . . ဘာ'

'တိုးတိုးလုပ်ပါ နေမိုးရယ်. . . ရဲရဲ သနားပါတယ်၊ သူက နင့်ကို သူငယ်ချင်းနဲ့အတူ တွဲတာမလုပ်နဲ့လို့တားမိလို့ အဲလိုဖြစ်သွားတာထင်တယ်၊ ငါမတားတော့ပါဘူး၊ နင့်ကိုလည်း ငါယုံတာပဲလို့ ပြောသွားတယ်တ'

'တကယ်လား'

'တကယ်ပေါ့'

'ဒါဆို ဒါပဲ၊ ငါ ရဲရဲဆီ ဖုန်းဆက်လိုက်တော့မယ်'

'ဟင်. . အပြောင်းအလဲက မြန်လိုက်တာ၊ နေဦး နေမိုး'

'ဘာလဲ'

'ကောင်မလေးက လျှော့ပေးတယ်ဆိုပြီး နင် အကန်းတော့မတက်နဲ့နော်၊ ငါ့ကြောင့် နင်တို့ကို ဘာမှအဖြစ်မခံနိုင်ဘူး၊ ဝင့်လိုက်မှာကြောက်လွန်းလို့ပါ'

ပြောပုံက အမြင်ကပ်ချင်စရာ။ ဒါပေမယ့် မှုန့်ရဲ့အချစ်ရေးကိုသိထားတဲ့ ကျွန်တော်က စိတ်ထဲမခံစားနိုင်ဘူးဖြစ်သွားတယ်။

'အေးပါ. . စိတ်ချပါ. . . နင့်အခြေအနေကရော'

'ဘာအခြေအနေလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင်ချစ်တဲ့သူ. . . နဲ့. . . နင်နဲ့ အခြေအနေ'

'ဒီတိုင်းပါပဲဟာ'

ဒီလေသံကတော့ တိုးဖျော့၊ အားလျော့နေတာ သေချာသည်။ ပြီးမှမှုန်က. . .

'ကဲပါ. . ထားပါ။ ငါဖုန်းချတော့မယ်. . . နင်ရဲရဲဆီ ဆက်လိုက်တော့'

ပြောပြောဆိုဆို ဖုန်းချသွားပါတော့တယ်။

ကျွန်တော်လည်း ရဲရဲဆီ ချက်ချင်းဖုန်းဆက်တယ်။ ရဲရဲက ကျွန်တော့်အသံကို ကြားတယ်ဆိုရင်ပဲ ဝမ်းသာအားရနဲ့။ ဒါပေမယ့် ချက်ချင်း control ပြန်လုပ်လိုက်တယ်။ ကျွန်တော်တို့ အဆင်ပြေပြေနဲ့ စကားတွေ ပြောဖြစ်ကြတယ်။ အဆင်ကပြေချင်တော့လည်း ည ၁၂ နာရီခွဲမှ ဖုန်းချ ဖြစ်တော့တယ်။

ဒါပေမယ့် ကျွန်တော် ချက်ချင်းအိပ်မပျော်ဘူး။ အတွေးတွေနဲ့ နစ်နေမိတယ်။ အဲဒီလိုတွေးတော့မှ ရဲရဲနဲ့မှုန် တကယ်ပဲပြေလည်မှု နားလည်မှု ရသွားတာလား။ တစ်ယောက်နဲ့တစ်ယောက် ညှိယူလိုက်ကြတာလား။ သူတို့ရဲ့နားလည်မှုက ဘာလဲ။ တကယ်ကော စစ်မှန်ရဲ့လားဆိုတာတွေ တွေးလာမိတော့တယ်။

ဒါပေမယ့် ညက တအားနက်နေပြီမို့ ဖုန်းပြန်မဆက်ဖြစ်တော့ဘူး။ မိုးလင်းအောင်ပဲ စောင့်ရတော့တယ်။

မိုးလင်းတာနဲ့ ကျွန်တော့်အတွက် ဘာမှန်းမသိတဲ့ ရက်တစ်ရက်က အသင့်စောင့်နေလေရဲ့။ ထုံးစံအတိုင်း မေမေပြင်ပေးတဲ့ မနက်စာကို စားနေတုန်း မသက်သာတဲ့အကြည့်တွေနဲ့ ကြည့်လာတဲ့ အစ်ကိုနဲ့ အစ်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေကိုလည်း လစ်လျူရှုထားရသေးတယ်။

'မင်း. . အဆင်ပြေလား'

. . . လို့ အစမရှိ အဆုံးမရှိမေးလာတဲ့ 'ဖေဖေ့'ဆီက ပဋိသဏ္ဍာရဆန်လွန်းတဲ့ သံခင်းတမန်မင်းမေးခွန်းကြီးကိုလည်း ခေါင်းညိတ်ပြရသေးတယ်။

'အေး. . . ပြေအောင်နေ. . ကြားလား'

ဘာအဓိပ္ပာယ်မှန်း မသိဘူး။ ခပ်ကြောင်ကြောင်လေး ပြန်ကြည့်ပေးလိုက်တော့မှ အဖေက ထိုင်ရာက ထထွက်သွားတယ်။ မေမေကတော့ ဗူခုံးကို အသာသိုင်းဖက်လိုက်ရင်း. . .

'မေ့သားက လိမ္မာပါတယ်' လို့ ပြောတယ်။

ဒါကကော ချွေးသိပ်တာပဲလား မသိ။ မေမေမနှစ်သက်တဲ့ ရဲရဲတို့ ကျွန်တော်က တွဲနေမိတဲ့အတွက် အပြစ်ရှိသလို ခံစားနေရလို့ပဲ။ ဒီလို တွေးမိတာလားမသိ။

သေချာတာကတော့ နံနက်ခင်းဟာ မကြည်လင်မှုတွေနဲ့ အစပြုတယ်ဆိုတာပါပဲ။ ကားပေါ် ရောက်တော့ ကားက စက်နိုးလို့မရပြန်ဘူး။ ကားပေါ်ကဆင်း. . . စက်ဖုံးကို ဖွင့်နေတုန်းမှာပဲ. . .

'ကားပဲမောင်းတတ်တာ၊ ပြင်တတ်တာလည်း မဟုတ်ဘဲနဲ့ လုပ်မနေနဲ့. . . ထားခဲ့။ နေ့လည်မှ ဒရိုင်ဘာကို ဝပ်ရှော့ပို့ခိုင်းမယ်'

ဆိုတဲ့ ဖေဖေ့အသံကိုကြားလိုက်ရတာမို့ အသာပဲ စက်ဖုံးကို ပြန်ပိတ်ပြီး လမ်းလျှောက်ထွက်လာခဲ့တယ်၊ တတ်နိုင်ဘူး၊ မှန်ရေးငှားနေယ့်ကားဂိတ်ထိ ကားငှားသွား။ ပြီးမှ အချိန်ရရင် ကျောင်းကားတက်စီးဒါမှမဟုတ် ဘတ်စ်ကားနဲ့သွားကြမယ်လို့ စဉ်းစားပြီး ထွက်လာခဲ့လိုက်

www.burmeseclassic.com



တယ်။ မေမေက နောက်ကနေလှမ်းပြီး 'ကားခယူသွားလေ၊ ကားငှားသွား' လို့ အော်နေပေမယ့် လက်ပဲခါပြခဲ့လိုက်တယ်။ ဒါပေမယ့် 'မှုန်စောင့်နေလိမ့်မယ်'လို့ ပြောခဲ့တဲ့ စကားအတွက်တော့ မေမေက ငေါ့နပ် နေလိမ့်မယ် ထင်တာပဲ။

ဘာတတ်နိုင်လို့လဲ။

လောကကြီးက လွဲနေတာလား၊ ကျွန်တော်က လွဲနေတာလား၊ ကံကြမ္မာက လွဲနေတာလား။ သံသရာဆိုတာကြီးက လည်နေတာလား ဘာမှန်းကို မသိတော့ဘူး။ မသိကိန်းတွေ သုံးလုံးလောက်ပါတဲ့ ပုစ္ဆာတစ်ပုဒ်ကို ထပ်ကိန်း သုံးခုလောက်နဲ့ ရှင်းတွက်နေရတာထက်တောင် ခက်သေး။

အဖြေကရော ရှိတာသေချာလို့လား။

❖

www.burmeseclassic.com

www.burmeseclassic.com



မှုန်နဲ့ ကျွန်တော် ကျောင်းရောက်တော့ ကျောင်းတက်နေပြီ။ ဒါနဲ့ အတန်းထဲကို တန်းသွားလိုက်ရတယ်။ စာသင်ခန်းထဲရောက်နေပြီဖြစ်တဲ့ ရဲရဲကိုတော့ လက်ပဲပြခဲ့လိုက်တယ်။ အဲဒီကတည်းက ပြန်ကြည့်လိုက်တဲ့ ရဲရဲအကြည့်ကို ကျွန်တော် သံသယတော့ဖြစ်မိသား။ ဒါပေမယ့် ပြေလည်မှုတွေ ရပြီးသားပဲဆိုပြီး ကျွန်တော်က ဒီတိုင်းထားလိုက်တာ။ နေ့လည်ကျတော့မှပဲ ပြဿနာက တက်တော့တာ။

'ရဲရဲရော'

ရဲရဲကို သူ့အတန်းထဲမှာ မတွေ့တာမို့ ကျွန်တော်က သူ့အတန်းဖော်တစ်ယောက်ကို မေးလိုက်တာပါ။

'ရဲရဲ ပြန်သွားပြီ'

'ဘာ'

'ပြန်သွားပြီ'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်ကိုလဲ'

'အိမ်ပြန်မယ်ပြောတာပဲ'

'ဘာဖြစ်လို့လဲ၊ နေမကောင်းလို့လား'

'မသိဘူး'

ဇာတ်လမ်းက ဆုံးသွားပြီ။ ဘာမှဆက်မေးလို့ မရတော့ဘူး။

လုပ်စရာကတစ်ခုပဲ ရှိတော့တယ်။ သူပြန်ရောက်လောက်မယ့် အချိန်ထိစောင့်ပြီး ဖုန်းဆက်ဖို့ပဲ။

'ဟဲ့. . . ရဲရဲရော'

ကင်တင်းကိုတစ်ယောက်တည်းရောက်လာတဲ့ ကျွန်တော့်ကို မှုန်က ဆီးမေးတယ်။ မှုန့်ဘေးစားပွဲမှာက နတ်ကောင်းနဲ့ နတ်မြတ်တို့ ညီအစ်ကို မထိုင်စဖူး အတူတစ်ဝိုင်းတည်းထိုင်နေတာ တွေ့ရတာမို့ စိတ်ရှုပ်တဲ့ကြားက ရယ်ချင်သွားရသေးတယ်။

'ပြန်သွားပြီ'

'ဘယ်ပြန်တာလဲ'

'အိမ်တဲ့'

'ဟင်. . . ဘာဖြစ်တာလဲ၊ နေမကောင်းလို့လား'

'မသိဘူး'

'ဟဲ့. . . ဖုန်းဆက်ကြည့်ပါဦး'

'နောက်မှ. . .'

ကျွန်တော် ထိုင်လိုက်တယ်ဆိုရင်ပဲ နတ်ကောင်းက ကျွန်တော့်ကို လှမ်းကြည့်တယ်။ ကျွန်တော် မမြင်ချင်ဟန်ဆောင်နေလိုက်တယ်။

'နင်. . . ဘာစားမလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာစားလဲ'

'ထမင်းကြော်'

'မရိုးတန်းစား. . . သိလား၊ ပြီးရင် လက်ဖက်ရည်ပါသောက်ဦး ပြီးရင်ဗိုက်အောင့် သိလား'

နဂိုကမှစိတ်က မကြည်ချင်တာမို့ စိတ်ပေါက်ပေါက်နဲ့ ပြောချ လိုက်တာကို 'မှုန်' က ရယ်တယ်။

'ကဲပါ. . . နင်ရောထုံးစံအတိုင်း ထမင်းပေါင်းစားမှာလား'

'စားတောင် မစားချင်ဘူး'

'မစားချင်ရင် မစားနဲ့လေ. . . ရော့ ရေနွေးသောက်'

ကျွန်တော်တကယ်ပဲ ရေနွေးပဲ သောက်နေလိုက်တယ်။ ဘာမှ စားချင်စိတ်ရှိစရာအကြောင်းမှ မရှိတာ။

'နေမိုး'

'ဟင်'

'ရဲရဲက နင့်ကိုကောက်သွားတာလား မသိဘူး'

'အေး. . . ထင်တာပဲ. . . ဒါပေမယ့် ဘာမှန်းမသိဘူး. . . ဒါနဲ့ နေပါဦး'

'နေပါတယ်. . . ပြော'

'မနေ့က နင်တို့ဘယ်လိုပြေလည်မှုရသွားတာလဲ ပြောပါဦး'

မှုန်က မျက်မှောင်လေးကြုတ်ပြီး ကြည့်တယ်။ ပြီးမှ. . .

'ဘာဖြစ်လို့လဲ. . . ဒီလိုပဲလေ'

'ဒီလိုပဲဆိုတာက ဘယ်လိုလဲ'

'အဲဒီနေ့က ကောက်ပြီးထွက်သွားတာက နင်လေ. . . အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



သူက ငါ့ကိုမေးတယ်'

'အင်း. . . ဘာမေးတာလဲ'

'နင်ဘာဖြစ်သွားတယ်လို့ ထင်လဲတဲ့. . . ငါမသိဘူးလို့ ပြောလိုက်တယ်. . . သိရမှာက ငါမှမဟုတ်တာ'

'အဲဒီတော့'

'သူ့ကို စိတ်ဆိုးနေတာလားမသိဘူးလို့ ပြောတယ်. . . ပြီးတော့ ငါ့ကိုမေးတယ်. . . အစမရှိအဆုံးမရှိနဲ့. . . ရည်းစားရှိလားတဲ့'

ကျွန်တော် ဘာပြောရမှန်း မသိဘူး။ ရဲရဲက သူ့စိုးရိမ်မှုနဲ့သူ။ ကျွန်တော်ကလည်း ကျွန်တော့်နားလည်မှုအတိုင်းအတာနဲ့ ကျွန်တော်။ ဒီလိုပဲ မှုန်လည်း သူ့ခံစားမှုနဲ့သူနေမှာပဲ။

'နင်က ရှိတယ်လို့ ပြောလိုက်တယ်ပေါ့'

ကျွန်တော့်အထင်ကို မေးလိုက်မိတယ်။

'ဟင်အင်း. . . ချစ်တဲ့သူတော့ရှိတယ်လို့ ပြောလိုက်မိတယ်'

'ဒီတော့'

'ဘယ်သူလဲ. . . ဘယ်ကလဲပေါ့'

'နင်ကပြောလိုက်တယ်ပေါ့'

မှုန်က သက်ပြင်းချတယ်။

'ငါပြောလို့ရပါ့မလား နေမိုးရယ်. . . ငါ့ဟာငါ လွှဲပြောလိုက်ပါတယ်၊ ဒီမှာမရှိဘူး. . . လို့'

'အဲဒါနဲ့ပဲ သူကနင့်ကို ငါနဲ့အတူကျောင်းသွားဖို့ မကန့်ကွက်တော့ဘူး၊ တတွဲတွဲမလုပ်ဖို့ မတားတော့ပါဘူးလို့ ပြောသွားတာလား'

'အဲဒီနည်း နှင်နှင်ပေါ့ဟာ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်. . .'

ကျွန်တော် စိတ်ပျက်လက်ပျက် စုတ်သပ်သံက ကျယ်သွားတယ် ထင်တယ်။ နတ်မြွတ်က လှည့်ကြည့်တယ်။ စိတ်ကအလိုလိုနေရင်း အဆင် မပြေပါဘူးဆိုမှ သူတို့က တစ်မျိုး။

'နင်လည်း ခုထိသူတော်ကောင်းလုပ်နေတုန်းပဲ'

ကျွန်တော့်စကားကို ပထမတော့ မှုန်က နားမလည်ဘူး။ ပြီးမှ နတ်ကောင်းနဲ့နတ်မြွတ်ကိုကြည့်ပြီး သဘောပေါက်သွားပုံရတယ်။ မျက်စောင်းထိုးပြီး ရယ်တယ်။ ကျွန်တော့်သူငယ်ချင်းလေးရဲ့ အပြုံးလှလှလေး ကို မြင်ရမှပဲ ရင်ထဲက ပူလောင်မှုတွေ ဘယ်လောက်ထိ ပြင်းထန်နေ တယ်ဆိုတာ သိတော့တယ်။ မှုန့်အပြုံးက လူကို အေးမြစေတယ်လေ။

ကျွန်တော့်စိတ်တွေ ပြန်လန်းလာသလိုဖြစ်လာတယ်။

'မှုန်'

'ဘာလဲ'

'နင့် One Sided Love affair ကရော ဘာထူးလဲ'

'ဘာထူးစေချင်လဲ. . . ဘာမှမထူးဘူး. . . တစ်ဖက်သတ် ရယ် လည်း မဟုတ်ပါဘူး၊ ငါက ဘာမှမမျှော်လင့်တဲ့အတွက် ငြိမ်းချမ်းပါတယ်၊ သူများတွေပြောသလို တစ်ဖက်သတ်အချစ်ဆိုမှတော့ တစ်ဖက်ကို သတ် ပစ်ချင်လောက်တဲ့အချစ်မျိုး ဆိုတာမျိုးကြီးမှ မဟုတ်တာ'

ကြုံကြုံဖန်ဖန်စကားကြောင့် ကျွန်တော့်မှာရယ်ရသေးတယ်. . . ဒါပေမယ့် သိပ်အဓိပ္ပာယ်ရှိပါတယ်၊ မှုန့်လို စိတ်မထားတတ်သူတွေ ကတော့ ပိုင်ဆိုင်လိုမှုတွေနဲ့ပူလောင်ပြီး တစ်ဖက်ကို သတ်ပစ်ချင်သလို ဖြစ်လာကြမှာကတော့ သေချာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'သူ့ . . နောက်တစ်ပတ်ဆို စင်ကာပူပြန်သွားတော့မှာ . . ဟိုမှာပဲ အလုပ်လုပ်တော့မယ်ပြောတယ်'

'ဟုတ်လား . . . ဒါဆို'

'ဘာမှ . . . ဒါဆိုစရာမရှိဘူးလေ နေမိုးရဲ့၊ ကောင်းသောခွဲခွာခြင်းနဲ့ ငါတို့ခွဲကြတယ်၊ တစ်နေ့ပြန်တွေ့ကြရင်တော့၊ ကောင်းသောပြန်လည်ဆုံတွေ့ခြင်းပေါ့။ ဒါက သူနဲ့ငါမှ မဟုတ်ပါဘူး၊ အားလုံးတူတူပါပဲ။ နင်နဲ့ငါလည်း တစ်နေ့ခွဲရင်ခွဲရမှာပဲ၊ ပြီးရင် ပြန်တွေ့ကြဦးမှာပဲ၊ ခဏလောက်ကျောင်းမှာ အတူတက်ကြတာ၊ အတူတွဲသွားကြတာဟာ ဆုံဆည်းဖို့ကံပါလာလို့လေ၊ အဲဒီကံက ဘယ်လောက်ထိ ကြာမယ်ဆိုတာ ဘယ်သူပြောနိုင်လို့လဲ၊ ဒီနေ့လည်းဖြစ်နိုင်တာပဲ၊ မနက်ဖြန်လည်းဖြစ်နိုင်တာပဲ၊ ဘာမှအတိအကျပြောလို့မရဘူး နေမိုး၊ အရေးကြီးတာကရတဲ့အခိုက်အတန့်လေးမှာ စိတ်ချမ်းမြေ့အောင် နေတတ်ဖို့နဲ့ သူတစ်ပါးတို စိတ်ချမ်းသာအောင် လုပ်ပေးနိုင်ဖို့ပဲ'

ကျွန်တော် ခေါင်းပဲညိတ်ပြီး နားထောင်နေမိတယ်။

'နေမိုး'

'ဟင်'

'ရဲရဲဆီ ဖုန်းသွားဆက်လေ'

'အင်းပါ . . . ပြီးမှ'

'ခု သွားဆက်ပါ . . . ပြေလည်အောင်ပြောနော်'

'ဘာလဲ . . . ဝင့်လိုက်မှာစိုးလို့လား'

'အဲဒီစကားက အလကားနောက်တာပါ . . . ငါက နင်တို့တိုပျော်နေတာပဲ မြင်ချင်လို့လေ'



www.burmeseclassic.com

www.burmeseclassic.com



'အေးပါ'

ကျွန်တော် မှုန့်မျက်နှာကို သေချာ စူးစိုက်ကြည့်လိုက်မိတယ်။ အေးချမ်းမှုတွေနဲ့ ကြည်စင်ငြိမ်းအေးနေတဲ့ မှုန့်မျက်နှာလေးကို ကြည့်ရတာ တကယ် ကြည်လင်အေးချမ်းစေပါတယ်။ မှုန်ဟာ ကျွန်တော့် ညီမလေးတစ်ယောက်သာဆို ကောင်းမှာပဲလို့တော့ ကျွန်တော်မတွေးမိပါဘူး။ အဲလိုပဲ မှုန့်ကိုလည်း ရဲရဲကိုချစ်တဲ့ အချစ်မျိုးနဲ့ မချစ်မိတာ အမှန်ပဲ။ သေချာတယ်။ မှုန့်အပေါ်ထားတဲ့ ကျွန်တော့်စိတ်က အရမ်း ကြည်လင်သန့်စင်တယ်။ အဲဒီသန့်စင်မှု ရာခိုင်နှုန်းကိုတော့ ဘယ်အရာနဲ့မှ နှိုင်းလို့မရနိုင်မှာ သေချာနေတယ်ဆိုတာ ကိုယ့်ဟာကိုယ်ပဲ သိပါတယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကျန်တာအားလုံးကို နားလည်ပေးလို့ ရရင်ရမယ်။ ရဲရဲရဲ့ 'နည်းနည်းလေးယုံပေးလိုက်တာနဲ့ အခွင့်ကောင်းယူပြီး နှစ်ယောက်သား ကျောင်းနောက်ကျကြတယ်'

ဆိုတဲ့စကားကိုတော့ ခံစားလို့မရပါဘူး။ တကယ်ဆို ကျွန်တော် ကားပါမလာတာကို သူကား Park မှာ တွေ့သင့်တာပေါ့။ မတွေ့တဲ့တိုင် အကျိုးအကြောင်း မမေးသင့်ဘူးလား။ အကျိုးအကြောင်းမမေးတဲ့တိုင် ဒီလိုနှစ်ယောက်လုံးကို ထိခိုက်မယ့်စကားမျိုးတော့ မပြောသင့်ဘူးထင်တာပဲ။

စကားတွေ အများကြီး အပြန်အလှန်ပြောကြရင် အမှားတွေ အများကြီးပါနိုင်တာမို့ ကျွန်တော်ဖုန်းချလိုက်တယ်။ ကင်တင်းကို ပြန်သွားနေရင် အဆင်ပြေပြေပြောခဲ့ရဲ့လားလို့ မေးနေဦးမှာမို့ ပြန်တော့ဘဲ တခြားကို လျှောက်ထွက်ခဲ့လိုက်တယ်။ အဆင်ပြေပြေ ဖြစ်ချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမပြောခဲ့ပါဘူးလို့တော့ မှုန့်ကို စိတ်ထဲက ထုချေလွှာတင်နေမိသေးတယ်။

အဲလို ဖြေရှင်းချက်ထုတ်နေရတဲ့ ဘဝကြီးကို ကျွန်တော်မကြိုက်ဘူး။ နဂိုကမှ သံသယတွေကို မုန်းရတဲ့ထဲ ကိုယ့်ကိုသံသယကြီးနဲ့ ကြည့်ပြောနေမယ့်သူတစ်ယောက် တိုးလာတာကို ဘယ်လိုအင်အားနဲ့ လက်ခံရမှာလဲ။ ပြီးတော့အားလုံးက တကယ့်တကယ် ကိုယ်ကချစ်နေတဲ့သူတွေ၊ ဖေဖေကစလို့ ရဲရဲအဆုံးပေါ့။

ကျွန်တော့်မှာ တစ်ခုခုကို စွန့်လွှတ်ရမယ့်အခြေအနေ တကယ်ပဲ ဆိုက်လာပြီလား။ ချစ်သူနဲ့ သူငယ်ချင်းဆိုတာ ယှဉ်တွေးစရာမှမဟုတ်တာ။ ကျွန်တော်က ယှဉ်မတွေးသလို တစ်ဘက်ကလည်း ယှဉ်မတွေးဘူးဆိုရင် သိပ်စိတ်ချမ်းသာစရာကောင်းမှာပဲ။ ခုကျတော့ ကျွန်တော့်မှာ ဒွိဟတွေနဲ့ လေးလံလို့။

'နေမိုး'

'ဟာ. . မှုန်'

ရုတ်တရက်မို့ ကျွန်တော်လန့်သွားတာအမှန်ပဲ။ မှုန်က ကျွန်တော့်နောက်ကိုလိုက်လာတာကိုး။ ဘယ်လိုသိသွားရတာတဲ့လဲ။

'ဘာလဲ. . . အဆင်မပြေဘူး မဟုတ်လား'

'. . . .'

ကျွန်တော်ခေါင်းပဲ ညိတ်ပြလိုက်တယ်။

မှုန် စိတ်ညစ်သွားပုံရတယ်။

'ငါဘာလုပ်ပေးရမလဲ'

'ဘာမှလုပ်လို့မရဘူးမှုန်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို ဒီတိုင်းကြီးနေတော့မှာလား'

'ငါက ဘာတတ်နိုင်မှာလဲ'

ကျွန်တော့်စကားကြောင့် မှုန်က အကြာကြီးငြိမ်သွားတယ်။ ဘာတွေ စဉ်းစားနေလဲ မသိဘူး။ ငါပဲသွားပြောပေးလိုက်ရင် ကောင်းမလား တွေ ဘာတွေတွေးရင် တွေးနေမှာပေါ့။

အတော်ကြာမှ. . .

'နေမိုး'

'ဘာလဲ. . . ဘာမဟုတ်တာ ပြောဦးမလို့လဲ'

ကျွန်တော်က အဲလိုရိပြီးမေးတော့ မှုန်ကရယ်တယ်။ သိပ်ပြီး ကြည်လင်တဲ့ရယ်သံမျိုး မဟုတ်ဘူး။

'နင်ကလဲဟာ နားထောင်ပါဦး'

'အင်းပါ. . . ပြော. . . နားထောင်ကြည့်မယ်'

'ခု. . . နင်နဲ့ ရဲရဲက တစ်ယောက်ကိုတစ်ယောက်ချစ်တာတော့ သေချာတယ်'

'အင်း'

'ဖြစ်နေတာက ငါ့ကြောင့်လေ. . . ငါရှိနေလို့ ရဲရဲရဲ့ရင်မှာဒွိဟ ယောင်နေရတာ'

'ဟင်. . . အဲဒါကဖြစ်မှ မဖြစ်သင့်တာ'

'မဖြစ်သင့်ဘူးလို့ မပြောပါနဲ့၊ ကဲ. . . ငါဥပမာပြောမယ်။ ခုနေ ရဲရဲမှာ ယောကျ်ားလေးသူငယ်ချင်းတစ်ယောက် ရှိနေပြီး အမြဲတမ်းတွဲ နေမယ်ဆိုရင် နင်ဘယ်လိုနေမလဲ'

'ဘယ်လိုမှ မနေဘူး၊ ရှိစေချင်လိုက်တာ။ ဒါမှ သူနားလည်



www.burmeseclassic.com

www.burmeseclassic.com



မှာ။ ခုဟာက လူတော်တော်များများက ယောကျ်ားနဲ့ မိန်းမတွဲရင် တစ်မျိုးထင်ဖို့က အရင်ပဲ။ ဒီနှစ်ယောက်က မခင်ရတော့ဘူးလား သံယောဇဉ်မဖြစ်ရတော့ဘူးလား။ လောကမှာ လူတွေ ပေါက်ဝန်းလေးဆယ် ပြဋ္ဌာန်းထားတဲ့ ကိစ္စတွေကို ငါဘာမှသိပ်မပြောချင်ဘူး။ ဒါပေမယ့် တစ်ယောက်နဲ့တစ်ယောက် ပေါင်းဖက်ဖို့ချစ်ကြတဲ့ အချစ်က တစ်မျိုး ရာသက်ပန်မိတ်ဆွေလို ချစ်ခင်ကြတာ၊ သံယောဇဉ်ရှိကြတာ တစ်မျိုး ဒါကိုနင်ရော နားလည်ရဲ့လား'

'ငါ. . . နားလည်ပါတယ်'

'နင်နားလည်တာက နင့်မှာချစ်တဲ့သူရော၊ ငါ့လိုသူငယ်ချင်းမျိုးရော ရှိနေလို့'

'အေးလေ. . . ရဲရဲမှာက အဲလိုမှမရှိတာ. . . နင်သူ့ကို နားလည်ပေးရမှာပေါ့'

'နားလည်ပေးရတာက လွယ်ပါတယ် မှုန်၊ မခံစားနိုင်တာတာ ခက်တယ်။ လူတွေမှာကလည်း ဒဏ်ခံအားက Limit နဲ့ရှိနေကြတာလေ'

'အေး. . . ရဲရဲမှာလည်း အဲလိုပဲပေါ့လို့ နင်တွက်ပေးပါလား နေမိုး'

ကျွန်တော်မျက်မှောင်ကြုတ်ပြီး မှုန့်ကိုအကြာကြီး ကြည့်လိုက်မိတယ်၊ စိတ်ထဲမှာလည်း 'ရွှေပြည်အေးကောင်' လို့ ရေရွတ်နေမိသေးတယ်။

ပြီးမှ. . .

'နင်က ဘယ်လိုဖြစ်စေချင်တာလဲ'

'ငါလား. . . နင်ခု ရဲရဲဆီ သွားချော့လေ'



www.burmeseclassic.com

www.burmeseclassic.com



'ငါက သွားချော့လိုက်. . အဆင်ပြေလိုက်၊ ပြန်ဖြစ်လိုက်နဲ့ ဒီလိုပဲ ပြန်ဖြစ်နေရင်ကော'

'နောက်မဖြစ်အောင် ကြိုးစားရမှာပေါ့'

'ကြိုးစားရမှာ. . . နင့်စကားက ဘာအဓိပ္ပာယ်လဲ'

ကျွန်တော် တမင်ပဲ ခတ်ဆတ်ဆတ်မေးလိုက်တာပါ။ ဟုတ်ဖာယ်လေ။ မရွှေမှုန်ရဲ့လိုရင်းက ဘယ်ထိလဲဆိုတာ မသိနိုင်ဘူး။ ကျွန်တော့်လေသံဆတ်ပြီး မာနေတာကိုလည်း မှုန်က သတိထားမိပုံရတယ်။

'အော်. . . နေမိုးကလဲ၊ ငါတို့ကျောင်းမနောက်ကျအောင် ဒါမှမဟုတ် သုံးယောက်အတူ သွားလို့ရအောင် တစ်ခုခုလုပ်ရမှာပေါ့'

'သုံးယောက်အတူ. . . ဟုတ်လား'

'အင်း. . .'

'မဖြစ်နိုင်တာ၊ နင်နဲ့ငါက တစ်မှတ်တိုင်လောက်ပဲ ဝေးတာလေ။ သူနဲ့ကျ တောင်နဲ့မြောက်လိုပဲ'

ကျွန်တော့်စကားကို မှုန်က ခေါင်းညိတ်တယ်။ သူသိပါတယ်ပေါ့။ ဘာလုပ်လို့ရလဲဆိုတော့ ရဲရဲကို အိမ်ပြောင်းလာခိုင်းလို့ ပြောရုံပဲရှိတော့တာ။ ဒါကလည်း မဖြစ်နိုင်တဲ့ကိစ္စကြီး။

မှုန်က နှုတ်ခမ်းလေးကိုက်ပြီး ငြိမ်နေသေးတယ်။ ပြီးမှ. . .

'အမှန်က'

'အမှန်က ဘာလဲ'

'ငါမရှိရင် အဆင်ပြေပြီ'

'ဘာ'

ကျွန်တော် အော်ပစ်လိုက်တာ တော်တော်ကျယ်သွားတယ် ထင်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မှုန် ဆတ်ကနဲဖြစ်သွားပြီး ကျွန်တော့်ကို တအံ့တဩကြည့်တယ်။

'အဲဒီလို ရူးရူးနှမ်းနှမ်းအတွေးအခေါ်တွေ နင့်ခေါင်းထဲ ဘယ်တုန်းက ဝင်လာတာလဲ၊ ဘာအဓိပ္ပာယ်မှမရှိတဲ့အလုပ်ကို တစ်ယောက်က လုပ်တယ်၊ နင်ကပါထပ်ပြီး အဓိပ္ပာယ်မရှိတဲ့စကားတွေပြောတယ်၊ တော်ပြီ၊ ဘာမှထပ်မပြောနဲ့တော့။ အဓိက တရားခံက ငါပဲ၊ ငါတို့တခွဲခြားနားလည်ပြီး ဘယ်သူ့ကိုမှ မစွန့်နိုင်ဖြစ်နေတာ။ နင်တို့လို အဲ့ကြောင်ကြောင်အတွေးအခေါ် အနိမ့်စားနဲ့ တွေးရရင် မရှိသင့်တာတငါပဲလေ'

ကျွန်တော့်စကားကြောင့် မှုန်က အတင်းဝင်ကာ ရောခေါင်းခါတယ်။

'မဟုတ်ပါဘူးနေမိုးရယ်. . . စိတ်မတိုပါနဲ့၊ ငါက သဘောပြောတာပါ'

'ဘာသဘောလဲ'

'အော်. . . နောက်တဲ့အနေနဲ့ပြောတာပါ'

'မဖြစ်နိုင်တာ'

'တကယ်ပါ. . . အမှန်က ပြေလည်အောင်ညှိရမှာလေ'

'ညှိလို့မှ မရတာ'

'အချိန်ယူ ညှိမှာပေါ့ဟာ. . . အေးအေးဆေးဆေးနေပါ. . . စိတ်လျှော့'

သူက ကျွန်တော့်ကိုပြန်ပြီး လေချိုလာသွေးနေသလိုပဲ၊

'ကဲ. . . ဘယ်လိုလုပ်မှာလဲ'

'ငါစီစဉ်ပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



'နင်စိစစ်မှာကို ငါသိရမှ လက်ခံသင့် လက်မခံသင့်စဉ်းစားမှာ'

'အေးပါ. . . အကြံရရင် ငါပြောပါ့မယ်'

'နင်ငါ့အကြောင်းသိတယ်နော်. . . မှုန်'

'အင်းပါ. . . လာ. . . လောလောဆယ် ငါတို့အတန်းပြန်တက်ကြရအောင်'

'မတက်တော့ဘူး'

ကျွန်တော် စိတ်ရှုပ်နေတယ်လေ။ အဟာန်းထဲဘာလို့ သွားထိုင်ပြီး စိတ်ပိုရှုပ်ခံတော့မလဲ။ တခြားလူတွေကို အနှောင့်အယှက်ပေးရာလည်း ကျတယ်လေ။

'အေး. . . ဒါဆိုငါလည်း မတက်တော့ဘူး'

ပြောပြောဆိုဆို မှုန်က ကျွန်တော့်ဘေး ထိုင်ချလိုက်တယ်။

မှုန့်ကိုကြည့်ပြီး ကျွန်တော်တွေးမိတယ်။

ကျွန်တော်ပဲ လောဘကြီးနေတာလားပေါ့။ ဒီအေးအေးချမ်းချမ်း သူငယ်ချင်းမလေးကိုလည်း မစွန့်နိုင်၊ ချစ်တဲ့ရဲရဲကိုလည်း အဆုံးရှုံးမခံချင်နဲ့၊ အမှန်တော့ ခင်ဗျားတို့အားလုံးပဲ စဉ်းစားပေးကြပါဦး၊ လောကမှာ သူငယ်ချင်းနဲ့ ချစ်သူဆိုတာ ယှဉ်ရွေးရမယ့်အရာတွေမှ မဟုတ်တာ။ လမ်းတစ်ခုစီမှာ သီးသန့်တည်ရှိနေကြတဲ့ အရာတွေလေ။ ဒါကို လူတွေဘာလို့ နားမလည်နိုင်ကြတာတဲ့လဲ။

နားလည်ဖို့ ခက်ခဲနေကြတာလား၊ နားမလည်နိုင်တာလား၊ နားလည်ပေးဖို့ ဝန်လေးတဲ့ဆိုင်းနေတာလား၊ ကျွန်တော်လည်း မသိဘူး။ ခု ကျွန်တော်သိတာက ကျွန်တော့်သူငယ်ချင်းလေးနဲ့အတူ ရှိနေချိန်ဟာ ငြိမ်းချမ်းအေးမြနေတယ်ဆိုတာပဲ။

❖



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးက သိပ်တော့ မသက်သာစရာကောင်းတဲ့ထဲ မပါပါဘူး။ ခုတစ်မျိုး တော်ကြာတစ်မျိုးနဲ့ ဘာကိုမှလည်း ကြိုမြင်လို့ရတာမှ မဟုတ်တာ။ ကြည့်ဦး။ မကြာသေးခင်ကမှ ပြဿနာတွေဖြစ်လိုက်၊ ပြန်အဆင်ပြေမလို ဖြစ်လိုက်၊ ပြန်ဖြစ်လိုက်နဲ့၊ ခုကျတော့လည်း။

မရွှေမှုန်က ဘယ်လို စည်းရုံးသိမ်းသွင်းလိုက်လဲမသိဘူး။ ရဲရဲတစ်ယောက် ၇ မိုင်မှာရှိတဲ့ သူ့အစ်မဝမ်းကွဲအိမ်ကိုရောက်နေပြီ။ ကျွန်တော်တောင် တစ်ခါမှ မသိထားဘူး။ မနက်ဆို မှုန်နဲ့ရဲရဲက ကားဂိတ်တ စောင့်တယ်၊ ရဲရဲက ကျွန်တော့်ဘေးခုံမှာထိုင်ပြီး မှုန်က နောက်မှာထိုင်တယ်၊ အရင်ကတော့ မှုန်က ကျွန်တော့်ဘေးမှာ ထိုင်တာပေါ့။

တစ်လမ်းလုံး ကျောင်းအတူသွား၊ စကားတပြောပြောနဲ့ ဆွေးစရာတောင် ကောင်းသေးတယ်။ နေ့လည်ကျရင်တော့ ကျွန်တော်နဲ့ ရဲရဲပဲ ပြန်တယ်။ မှုန်က တခြားသူငယ်ချင်းတွေနဲ့။ နတ်ကောင်းနဲ့ နတ်မြတ်

www.burmeseclassic.com



တွေတာလည်း မှုန့်ကို တစ်ဖက်သတ်မေတ္တာနဲ့ မ,တုန်း။

'ငါတော့ ငါ့ကံဇာတာငါ စစ်ဆေးရတော့မယ်ထင်တယ်'

'ဘာဖြစ်လို့လဲ'

မှုန်က ကျွန်တော့်စကားကို ပြန်မေးတယ်။

'အော်. . . ဒီရက်ထဲ အဆင်ပြေလွန်းနေတော့ မသင်္ကာလို့ပါ'

'ဘာကို မသင်္ကာတာလဲ'

'ကိုယ့်ကိုယ်ကိုယ် ငါဟာ ငါ ဟုတ်သေးရဲ့လားလို့'

ကျွန်တော်စကားကြောင့် မှုန်ကရယ်တယ်။

'ရဲရဲက နင့်ကိုတကယ်ချစ်ပြီး သည်းခံရှာပါတယ်ဟယ်'

'နင်လည်း ငါ့ကို စိတ်ချမ်းသာအောင်လုပ်ပေးတာပဲ'

'နင်တို့အဆင်ပြေရင် ငါစိတ်ချမ်းသာတာပဲပေါ့'

ဒီတော့မှ ကျွန်တော်သူ့ကိုမေးဖို့ သတိရတယ်။

'ဟိုတစ်ယောက်က သွားပြီလား'

'သန်ဘက်ခါသွားမှာ'

'နင်လွမ်းနေတော့မှာပဲ'

ကျွန်တော်က အဲလိုစတော့ မှုန်က မချိတချိလေး ရယ်တယ်။

'နဂိုတည်းက လွမ်းနေရတဲ့ဟာ. . . ထူးတော့မထူးပါဘူး' တဲ့။

ကျွန်တော် မှုန့်ကို သနားသွားတယ်။

ကျွန်တော် အဆင်ပြေအောင် သူအစစလုပ်ပေးနိုင်သလောက် သူအဆင်ပြေဖို့ကျတော့ ကျွန်တော်က ဘာမှမတတ်နိုင်ဘူးဖြစ်နေတယ် လေ. . ။ မှုန့်ကိုလည်း ကျွန်တော် ပျော်စေချင်ပါတယ်။ မှုန့်ကြည့်ရတာ ငြိမ်းချမ်းအေးမြတာတော့ သေချာပေမယ့် မှုန်ကိုယ်တိုင် ပျော်နေမပျော်



www.burmeseclassic.com

www.burmeseclassic.com



နေကိုတော့ ကျွန်တော်မသိဘူး။

ပြီးမှ . . မှုန်က စကားတစ်ခွန်းကိုပြောတယ်။

'ငါ့ကိုလည်း အိမ်ကပြောနေတယ် . .'

'ဘာတဲ့လဲ . .'

'ဒီလောက်တောင် စာပဲသင်ချင်နေရင်လည်း နိုင်ငံခြားမှာ ကျောင်းသွားတက်ပါလား . . . တဲ့'

'ကောင်းသားပဲ . . .'

'အင်း . . ကောင်းပါတယ်၊ ဒါပေမယ့် သူတို့က ငါ့ကိုဖြစ်စေချင် လွန်းလို့ဆိုရင်တော့ တစ်မျိုးပေါ့ . . ခုဟာက . . .'

'ခုဟာက ဘာဖြစ်လဲ'

'မနေ့က . . ဟိုတစ်ယောက်ရဲ့အမေနဲ့ ငါ့အမေ လမ်းမှာတွေ့ပြီး ရပ်စကားပြောကြတာ ငါတွေ့တယ်၊ ညကျတော့ အဲမေဒီစကားပြော တော့တာပဲ . .'

သူ့စကားကြောင့် ကျွန်တော် ရယ်မိတယ်။ တကယ်တော့ မှုန် ဟာ အကောင်းမြင်တတ်ပြီး တကယ် straight ဖြစ်တဲ့ ကောင်မလေးပါ။ အာလို့များ သူ့မိသားစုနဲ့ကျမှ စိတ်အဆင်မပြေမှုတွေဖြစ်နေရတာလဲမသိ ဘူး။ အများနဲ့တစ်ယောက်မို့ မှုန်မှားတယ်လို့ပြောလို့ကလည်း မရပြန်ဘူး။

'အဲဒီတော့ . . နင်က . .'

'ငါလား . . သွားတော့သွားချင်တာပေါ့ဟာ . . ဒါပေမယ့် ဒီ တဲ့အတိုင်း အရှမ်းပိုက်ဆံကုန်မှာ . .'

'အရေးထဲမှ . . နင်တို့လောက် မချမ်းသာတဲ့သူတောင် သွား တက်နေတဲ့ဟာကို . .'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်. . ဒါပေမယ့် မတူတာရှိတယ်. .'

မှုန်က တကယ့်ကို မျက်နှာထားတည်တည်ငြိမ်ငြိမ်လေးနဲ့ ပြောနေတာပါ။ သူ့ပုံစံက ခါတိုင်းလို အေးချမ်းမနေပေမယ့် ငြိမ်သက်နေတာတော့ အမှန်ပဲ။

'ဘာမတူတာလဲ. .'

'တစ်အချက်က. . သူတို့ကဒီပညာကို တန်ဖိုးထားပြီး ပညာရေးအတွက် ရင်းနှီးမြှုပ်နှံချင်စိတ်ရှိတယ်၊ နှစ်အချက်က ဒီပညာနဲ့ပဲ လုပ်စားမှာ။ အဲဒီပညာနဲ့ လုပ်စားတဲ့ဝင်ငွေကလည်း သူတို့အတွက် ကျေနပ်မှုရစေတယ်၊ နောက်ဆုံးအချက်က. . သူကတော်လွန်းတဲ့အတွက် စကော်လာရတယ်၊ ငါကျတော့ ငါတို့မိသားစုက ဒီပညာရေးအတွက် ရင်းနှီးမြှုပ်နှံပေးချင်တာမဟုတ်ဘူး။ ဂုဏ်ဒြပ်တစ်ခုအတွက်ပဲ၊ နောက် ဒီပညာနဲ့လုပ်စားလို့ရမယ့် ဝင်ငွေကလည်း သူတို့ဝင်ငွေရဲ့ အပုံများစွာပုံ တစ်ပုံစာပဲရှိမှာ၊ နောက်ပြီးတော့. . ငါကဘာမှ prepare လုပ်ထားခွင့် မရတဲ့အတွက် ဘာစကော်လာမှလည်းမရနိုင်ဘူး၊ အဲဒါတွေ ကွာတယ်လေ'

သူပြောတာက ဟုတ်တော့ဟုတ်သလိုပဲ။ ဒါပေမယ့်. . မဟုတ်သေးတာလည်းပါနေတယ်လို့ ကျွန်တော်ထင်တယ်။

'နင်ကရော. . ပညာနဲ့ပဲလုပ်စားမယ့်သူ မဟုတ်လို့လား'

'လုပ်ချင်တာပေါ့. . ငါက ဒါပဲစိတ်ဝင်စားတာ'

'ဒါဆို. . နင့်ဘဝအတွက် နင်ရွေးချယ်ရတော့မှာလေ. .'

'ဟုတ်တယ်၊ ဒါပေမယ့်. . ငါ့အတွက် ရင်းနှီးမြှုပ်နှံထားရှာတွေအတွက် ငါပြန်မပေးဆပ်နိုင်ရင် ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင့်ကို ဘယ်သူကပေးဆပ်ခိုင်းမှာမို့လဲ'

'မပြောနိုင်ဘူးဟာ၊ ငါ့မိသားစုအကြောင်း ငါသိတယ်၊ ဒါကြီးကို တစ်သက်လုံးပြောနေကြမှာ'

အရာရာကို အကောင်းမြင်တတ် နားလည်တတ်တဲ့ မှုန်တို ဘယ်လိုများ ဖျက်လုပ်လိုက်တာလဲလို့ ထင်ရလောက်အောင်ပါပဲ။ အမှုန်က မှုန်တင် မိသားစုနဲ့ အဆင်မပြေတာမှမဟုတ်တာ၊ ကျွန်တော်လည်း မပြေပါဘူး။ ဒါပေမယ့် ကျွန်တော့်မှာက မေမေရှိသေးတယ်၊ နားလည် အောင်ကြိုးစား နားချညှိယူပေးမယ့်သူရှိတယ်ပေါ့။ မှုန့်မှာက အဲလို မရှိဘူး။ တကယ်တော့ လူဆိုတာ ကိုယ်ခံစားရတာကို ကိုယ်ပဲသိတာလေ။ အပြင်လူဆိုတာက ဘယ်လောက်နားလည်ခံစားနိုင်တယ်ပြောပြော တာ ယက်ရှင်မှ မဟုတ်တာ။ မှုန့်ရင်ထဲက ခံစားမှုတွေ ဘယ်လောက်ပြင်းထန် ခဲ့တယ်ဆိုတာ မှုန်မှပဲ သိမှာပဲ။ ကျွန်တော်က ဘယ်လိုသိနိုင်မှာလဲ၊ ဒါ ကြောင့် ကျွန်တော် ဘာမှဆက်မပြောတော့ဘူး။ သိချင်တာပဲမေးလိုက် တယ်။

'ဒါဆို နင်က ဒီအခွင့်အရေးကို လက်လွှတ်ခံမှာလား'

မှုန် မဖြေဘူး။ တွေပြီး စဉ်းစားနေတယ်။ ဘာဖြေရမှန်း မသိ ဘူးပဲ၊ မှုန့်စိတ်ထဲမှာ လွန်ဆွဲနေမှာပေါ့။ ပြီး ဘာလို့မှန်းမသိ၊ မှုန် မျက် ရည်စက်တွေ စီးကျလာတယ်။

'ဟာ. . . မှုန်'

'. . . . . .'

'မှုန်. . . နင်ဘာလို့ငိုတာလဲ'

မှုန်က မျက်ရည်တွေကို ဖယ်ပစ်လိုက်ပြီး ခေါင်းခါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အလိုလိုကျလာတာပါဟာ' တဲ့။

'နင်ငါ့ကို တစ်ခုခုပြောမလား မှုန်. . . နင့်ရင်ထဲမှာဖြစ်နေတာတွေ'

'ဟင်အင်း. . . ငါဘာမှ မပြောချင်ဘူး'

'မပြောချင်တာလား၊ ဘာမှဖြစ်မနေတာလား'

'တစ်ခုမှမဟုတ်ဘူး. . . မပြောနိုင်သေးတာပါ'

အရေးထဲ ဗမာဝေါဟာရကို ရှုပ်အောင်ပြောနေပြန်ပါပြီ။ ခါတိုင်းလိုဆိုရင်တော့ နောက်မိမှာပါ။ ခုတော့ ကျွန်တော်လည်း မှုန့်မျက်ရည်တွေရဲ့ ခံစားမှုတွေ ကူးစက်ခံလိုက်ရလို့ နာကျင်မှုတွေနဲ့ လေးလံသွားသလိုပဲ။ မှုန်ဆိုတာကလည်း တော်ရုံနဲ့ မျက်ရည်ကျမယ့်သူမျိုးမှ မဟုတ်တာ။

အဲဒီအချိန်မှာပဲ လုံးဝမျှော်လင့်မထားဘဲ ကျွန်တော်တို့ရှေ့ကို ရောက်လာတာက ရဲရဲပါ။ မှုန့်ရဲ့မျက်ရည်တချို့နဲ့ ကျွန်တော့်ရဲ့ မှုန်မှိုင်းနေတဲ့မျက်နှာကိုကြည့်ပြီး ရဲရဲပုံစံက ချက်ချင်းကြီးပြောင်းလဲသွားတယ်။

ရုပ်ရှင်ထဲက မင်းသမီးတွေလို မျက်နှာကို အလှမပျက်အောင် မဲ့ပစ်လိုက်တယ်။ ပြီးမှ. . .

'နင်တို့သူငယ်ချင်းအချစ်ကို ငါလည်း နားမလည်နိုင်တော့ဘူး' လို့ပြောတယ်။

'ရဲရဲ'

အသံကထပ်တူ ထွက်ကျသွားပေမယ့် Key မတူဘူး။ မှုန့်အသံက နာကျင်အားလျော့နေပြီး ကျွန်တော့်အသံက ခက်ထန်ကြောင်းလိမ့်မယ်။ ရဲရဲကတော့ မထိတရီပြုံးရင်း ကျွန်တော့်ကိုပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com


'ဒီတစ်ခါတော့ ငါမလွန်ဘူးထင်တာပဲ'

'လွန်တယ်'

ကျွန်တော် သံပြတ်နဲ့ဖြေလိုက်တယ်။ အဲဒီအချိန်မှာပဲ မှုန်တစ်ယောက် ကျွန်တော့်အိမ်ကနေ ထွက်သွားပါပြီ။

'မှုန်'

'နင်နေခဲ့တော့. . . ငါပြန်ပြီ'

အဲဒီစကားတစ်ခွန်းကိုတော့ သူရအောင် ပြောသွားသေးတယ်။ ကျွန်တော်လည်း မှုန်နောက်ကိုလိုက်ဖို့ထက် ရဲရဲကို ရှင်းချင်စိတ်က ပိုများနေတယ်။ ဒါ ကျွန်တော့်မာန၊ မှုန့်သိက္ခာ အားလုံးနဲ့ ပတ်သက်နေတယ်လေ။

ရဲရဲနဲ့ ကျွန်တော် တစ်ယောက်ကိုတစ်ယောက် စူးစိုက်ကြည့်နေမိတယ်။ အဲဒီအကြည့်တွေထဲမှာတင် အနာဂတ်ဟာ ပြာကျသွားခဲ့ပြီဆိုတာကိုတော့ ကျွန်တော်တို့ သတိမထားမိခဲ့ကြပါဘူး။ တစ်ခါတစ်ခါတော့ တချို့အရာတွေဟာ အရောက်နောက်ကျတတ်ကြတယ်။

❖


www.burmeseclassic.com

www.burmeseclassic.com



ဘာတွေမှန်းမသိ ဆက်တိုက်ဖြစ်သွားပြီးတဲ့နောက် ညကျ ကျွန်တော်ဖျားပါတော့တယ်။ အကောင်းကြီးကနေ ထဖျားတာမို့ ကိုယ့်ကိုယ်ကိုယ်လည်း မသက်သာချင်ဘူး။ စနေမိုးဆိုတဲ့ကောင်က အဲလောက်ဖျော့သလားပေါ့။ စိတ်ကို လျှော့ချလိုက်တာလည်း ပါမယ်ထင်တယ်။

နောက်တစ်နေ့မှာ ကျွန်တော် ကျောင်းမတက်နိုင်ဘူး။ ရဲရဲနဲ့တော့ ဘယ်လိုမှအဆင်မပြောတာမို့ ထားတော့။ မှုန့်ဆီကတော့ ကျွန်တော်ကျောင်းမတက်ရင် လှမ်းမေးနေကျအသံကို မကြားရဘူး။ ကျွန်တော်လည်း ခေါင်းမထူနိုင်တာနဲ့ မဆက်ဖြစ်ပါဘူး။ သုံးရက်လောက်နေမှ ကျွန်တော်အဖျားကျပြီး သက်သာလာတယ်။

'ဒီနေ့ကျောင်းတက်မယ် မေမေ'

ကျွန်တော့်စကားကြောင့် မေမေက စိုးရိမ်ကြည့်နဲ့ကြည့်တယ်။

'မဖြစ်ဘူးထင်တယ်သား'



www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်ပါတယ်'

'သားအဖျားကျပြီ ဆိုပေမယ့် အားမှမရှိသေးတာ။ ပြီးတော့ အဝေးကြီးမောင်းရမှာ သားမောင်းလို့ မဖြစ်ဘူး'

'ဖြစ်ပါတယ် မေမေရဲ့'

'မဖြစ်ပါဘူး. . ဒါနဲ့မှန်ရော မှန့်ဆီဖုန်းဆက်မေးဦး. . အရေးကြီးရင် ကျောင်းသွားစရာမလိုဘူးပေါ့'

မေမေပြောမှ မှန့်ဆီဖုန်းဆက်ဖို့ သတိရတာမဟုတ်ပါဘူး။ နဂိုတည်းက သတိရတယ်။ ကျွန်တော်ကျောင်းမတက်မှန်းသိရက်နဲ့ မမေးတဲ့ မှန့်ကို ကျွန်တော့်စိတ်ထဲ မြက်နေသလိုပဲ။ ကျွန်တော်ကစဆက်ဖို့ကျတော့လည်း ကျွန်တော့်ကြောင့် သူပါပြောခံထားရတာမို့ အားနာနေမိတာ ပါမယ်ထင်တယ်။

'ဒီရက်ထဲမှာ မှန် ဖုန်းမဆက်ဘူးလား မေမေ'

'ဟင်အင်း. . . ကဲ ဆက်ပါဦးသားရယ်'

မေမေက cordless လေးယူလာပြီး လက်ထဲလာထည့်တာမို့ ဆက်လိုက်ရတယ်။

'ဟဲလို. . . ဝတ်မှုန်နဲ့ပြောချင်လို့ပါ'

'. . . . .'

'ခင်ဗျာ. . . . ဘယ်တုန်းကလဲ'

'. . . . . .'

'လွန်ခဲ့တဲ့. . . . သုံးရက်'

ကျွန်တော်ဖုန်းချလိုက်တယ်ဆိုရင်ပဲ မေမေ ကျွန်တော့်ကို မေး ခွန်းပါတဲ့အကြည့်နဲ့ ကြည့်တယ်။ ကျွန်တော့်မှာက ငိုင်နေသလို ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပြောရမှန်းမသိဘူး။ မေမေကပဲ မေးတော့တယ်။

'ပြောပါဦး သား. . . မှုန် ဘာဖြစ်လို့လဲ'

'မှုန်. . . ဆေးရုံတင်ထားရတယ်တဲ့'

'ဟယ်. . . ဘာဖြစ်တာလဲ. . . ဘယ်တုန်းကလဲ'

'ကျွန်တော်ဖျားတဲ့ညကပဲ သူလည်းဖျားတာ. . . လုံးဝမကျတာနဲ့ မနေ့ကပဲ ဆေးရုံတင်လိုက်တာတဲ့'

'ဘယ်မှာလဲ'

'ပန်းလှိုင်မှာ'

မေမေက မှုန့်ကိုချစ်တဲ့သူဆိုတော့ ချက်ချင်းလှုပ်လှုပ်ခတ်ခတ်ဖြစ်သွားတာကိုကြည့်ပြီး ရဲရဲသာဆိုရင်ကော မေမေ ဒီလိုဖြစ်မှာလားလို့တွေးရင်း ရဲရဲကိုပါ သတိရသွားတယ်။ သူလည်း ကျွန်တော့်ကို မဆက်သွယ်ဘူးလေ။

'မေမေတို့ သွားရအောင်သား'

'အင်း. . . . သားလည်း သွားမယ်'

'ဖြစ်ပါ့မလား. . . သား ကားမောင်းလို့ဖြစ်ပါ့မလား'

'ဖြစ်တယ်မေမေ'

ဒီတစ်ခါတော့ မေမေ့ဆီက 'မဖြစ်ဘူးထင်တယ်' ဆိုတဲ့စကားလုံးက ထပ်ထွက်ကျမလာဘူး။ အဝတ်လဲဖို့ အခန်းထဲဝင်သွားပြီ။ ကားသော့ကိုင်ပြီး အသင့်စောင့်နေတဲ့ ကျွန်တော့်ဆီ မေမေပြန်ရောက်လာတာ မြန်သလားမမေးနဲ့။ ကျွန်တော်တို့ ပန်းလှိုင်ဆေးရုံကြီးဆီကို မောင်းခဲ့ကြတယ်။

ဟိုရောက်တော့ မှုန့်နာမည်ကို r..cei, tion မှာအရင်မေးပြီး ရှာ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်။ 'နွေဝတ်မှုန်'ဆိုတာ လွယ်လွယ်နဲ့ ရှာတွေ့ပါတယ်။

ကျွန်တော်တို့ မှုန့်အခန်းထဲရောက်တော့. . .

အဲဒီတော့မှ ပြဿနာကစတာပါ။ မှုန့်ဘေးမှာရှိနေတဲ့ မှုန့် အစ်မလို့ထင်ရတဲ့ သူတစ်ယောက်နဲ့ အမေအရွယ်တစ်ယောက်ကို ကျွန်တော်တို့တွေ့ရတယ်။ ခက်တာက သူတို့ကို ကျွန်တော်ကမှန်းလို့ရသလိုတောင် သူတို့က ကျွန်တော့်ကို မှန်းလို့ရပုံမလားဆိုတာပဲ။

'ကျွန်တော် စနေမိုးပါ. . . မှုန့်သူငယ်ချင်း. . . ဒါ ကျွန်တော့် မေမေ'

ဘယ်သူမှမသင်ပေးရဘဲ ပြောချလိုက်မိတယ်။ ကိုယ့်လျှာကိုယ်တောင် ပြန်တိုက်မိတော့မလိုပဲ။

'အော်. . . ဝတ်မှုန်နဲ့ ကျောင်းအတူသွားနေကျဆိုတာ ထင်ဝါရဲ့'

ဒီလောက်သိလို့ သူ့အစ်မကို ကျေးဇူးတောင်တင်ရမယ်။ တဖျာထယာပဲ ခေါင်းကို အချက် ၂၀ လောက် ညိတ်ပေးလိုက်တယ်။

'ဟုတ်ပါတယ်အစ်မ. . . ဟို. . . မှုန်. . . မှုန်'

'သူသတိမရသေးဘူး'

မှုန့်အမေက အဲလိုလေးဝင်ပြောတယ်။ ကျွန်တော်က အိပ်နေတယ်မှတ်တာ။ မှုန်က သတိကိုမရတာတဲ့လေ။

'သတိလစ်နေတာလား. . . ဘာဖြစ်လို့လဲဟင်'

'ဖျားတာပဲ. . . အဖျားမကျဘဲ သတိလစ်လို့ဆေးရုံတင်လိုက်တာ၊ ခု ကိုးမား Coma ရချင်သလိုဖြစ်နေပြီ၊ ဆရာဝန်တွေကတော့ ကြိုးစားနေကြတာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'Coma သေချာလား. . . သေချာလို့လား. . . မဟုတ်ဘူးထင်တယ်'

ကျွန်တော်အရမ်းကို အလန့်တကြားကြီး ဆက်တိုက်ပြောလိုက်မိတယ်။

'ဘယ်သူမှ မဖြစ်စေချင်ပါဘူး'

သူ့အစ်မက အဲလိုပြောတယ်။ သူမကြည့်ရတာ စိတ်လှုပ်ရှားမှုနဲ့အတူ အသံကိုက ကယောက်ကယက်နဲ့။ ဒါပေမယ့် သူမရဲ့ လှုပ်ရှားမှုမှာ ဟန်တစ်ခုကျန်နေသေးတယ်။ သူမက ဆက်ပြောတယ်။

'ခု ဆရာဝန်နဲ့ သွားဆွေးနွေးနေတယ်။ အခြေအနေက ဒီမှာ လက်လျှော့ရင်တောင် ကျွန်မတို့ စင်ကာပူမှာ သွားကုမှာပါ။ မပူပါနဲ့'

သူ့အစ်မစကားကြောင့် ပူပင်နေတဲ့ကြားက ကျွန်တော် ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ မှန်တစ်ယောက် ဘာလို့များ သူတို့ထိနားလည်မပေးနိုင်တာလဲဆိုတာကိုပါ မှန်းဆလို့ရလာတယ်။ တကယ့်တကယ်က မရတော့ဘူးဆိုရင် ဘယ်ကိုပို့ပို့ပါ။ သိကြားမင်း ဆင်းကယ်တောင်မရပါဘူး။ ဒါကို တရားမရတာလား။ ချစ်လွန်းတာလား မသိဘူးလို့ပဲ တွေးပေးရတော့မှာပါ။

'မှန်'

ကျွန်တော်ကုတင်နား အသာဒူးထောက်ထိုင်ချပြီး မှန့်နား နားကပ်လို့ တိုးတိုးလေးခေါ်မိတယ်။ ကျွန်တော်ဟာ စင်ဒရဲလားကို ကယ်တင်သွားမယ့် မင်းသားလေးလည်း မဟုတ်ပါဘူး။ အိပ်ပျော်နေတဲ့ မင်းသမီးလေးကို နိုးထစေမယ့် အနမ်းရှင်လည်းမဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် မျှော်လင့်ချက်တွေ တောင်ပုံယာပုံကြီးနဲ့ မှန့်ကိုခေါ်နေမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာတော့ ကျွန်တော် တန်ခိုးရှင်တစ်ပါးကိုလည်း တောင့်တတယ်။ မီးခွက်စောင့်ဘီလူးကြီးပဲဖြစ်ဖြစ် တကယ်ရှိရင် တွေ့ချင်လာတယ်။

နင်. . . ဘာလို့ ငါ့ကိုမထူးတော့တာလဲ. . . မှုန်. . .

ရင်ထဲက ကျယ်လောင်လွန်းတဲ့ မေးခွန်းကို ဘယ်သူကြားနိုင်မှာတဲ့လဲ မှုန်။ နင်ကလွဲရင်ပေါ့။ နင်က နင့်ဆန္ဒအတိုင်းများ ငါတို့ကို ထမင် ထားခဲ့တာများလား။ ငါ့သူငယ်ချင်း 'နွေဝတ်မှုန်' ဆိုတာက အစိပ္ပာယ်မဲ့တဲ့အတွေးတွေ မတွေးတတ် မလုပ်တတ်ဘူးလို့ ငါယုံခဲ့ဖူးတယ်။ ဒါပေမယ့် နင်ငါနဲ့ရဲရဲအပေါ်ထားတဲ့ စေတနာရဲ့အားကြောင့် နင့်ရဲ့အတွေးတွေ လွဲချော်ခဲ့ဖူးတယ်။ ဒီလိုဖြစ်တဲ့ထိ လွဲချော်ဖို့ နင် အကြွမ္မာကို မီးစိမ်းပြလိုက်တာများလား။

လူတစ်ယောက်ဖျားတယ်ဆိုတာ အပရိကကိစ္စပါ။ ငါလည်းဖျားခဲ့တာပဲ။ တချို့ဆို ရက်များစွာအဖျားမကျဘဲ ဖြစ်နေခဲ့တာပဲ။ နင့်တုန်းကဒီ နှစ်ရက်လောက်ဖျားတာနဲ့ သတိလစ်ပြီး Coma ဝင်ရလောက်အောင် ဖြစ်ရော ဘာအကြောင်းရှိလို့လဲ။ ဘာမှဖြစ်နိုင်စရာအကြောင်း မရှိဘူး။ ဆရာဝန်တွေ မှားတာနေမှာပါနော်။

နင့်ကိုအဝေးကြီးပို့ပြီး ဆေးကုကြမှာပဲ။ နင်ပြန်ကောင်းလာမှာ ဒီ ငါယုံချင်တယ်။

'ဘာတဲ့လဲ. . . သားကြီး'

နောက်ဘက်ကခြေသံနဲ့အတူ မှုန့်အမေ လှမ်းမေးလိုက်တဲ့ အသံ ကြားလိုက်ရတယ်။ အဖြေကိုတော့မကြားရဘူး။ ဒါကြောင့် ကျွန်တော် ကြည့်လိုက်တယ်။ ကျွန်တော့်ကိုအကြည့်၊ ကျွန်တော်တအကြည့်နဲ့ ကြည့်ချင်းအဆုံးမှာ မှုန့်အစ်ကိုဆီက အသိအမှတ်ပြု မှတ်မှတ်ထင်ထင်



www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့အကြည့်ကို ရလိုက်တယ်။ ပြီး သူ့ကျွန်တော့်ကို သေချာကြည့်တယ်။ သူ့အကြည့်တွေထဲမှာ ကျွန်တော် တစ်စုံတစ်ရာကို အပြေးအလွှား ရှာကြည့်မိတယ်။ မတွေ့ရဘူး။ ဗလာ။ သူ့အကြည့်တွေ အားလုံး ဗလာ။ မျက်ဝန်းထဲမှာ ဘာမှမရှိတဲ့၊ ဘာမျှော်လင့်ချက်မှမရှိတဲ့ အကြည့်မျိုးကို မြင်ဖူးကြလား မသိဘူး။ ခါတိုင်းလို မာန်မာနမျိုးတောင်မှ မှုန့်အစ်ကိုရဲ့ မျက်ဝန်းထဲမှာ မတွေ့ရဘူး။

အားလုံး ဗလာအတိ။

အဲဒီဗလာတွေကို လိုက်ဖြည့်ကြည့်ဖို့ ကျွန်တော် သွေးရူးသွေးတန်း ကြိုးစားချင်နေမိဘယ်။

တစ်ခုခု. . . ။

တစ်ခုခုဖြစ်ဖြစ်ပျာ။

နောက်ဆုံးတော့ ကျွန်တော့်လောကကြီး မှောင်အတိကျသွားခဲ့ရတော့တယ်။

❖



www.burmeseclassic.com

www.burmeseclassic.com


တကယ်တော့

ဒါဟာ. . . မှားယွင်းစွာ ကြက်ခြေခတ်ခံလိုက်ရတဲ့

ဘ၀ရဲ့အခန်းကဏ္ဍတစ်ခုပါ။

ထူးဆန်းတာက

အဲဒီကြက်ခြေခတ်ဟာ

ခရမ်းရောင်တွေ စွန်းထင်းပေကျံနေခဲ့တယ်။

❖

www.burmeseclassic.com

www.burmeseclassic.com



The day I met you
I found a friend -
And a friendship that
I pray will never end

Your smile-so sweet
And so bright -
kept me going
when day was as dark as night

You never ever judged me
You understand my sorrow
Then you told me it needn't be that way
And give me the hope of a better tomorrow

❖



www.burmeseclassic.com

www.burmeseclassic.com



You were always there for me
I knew I could count on you
You gave me advice and encouragement
whenever I didn't know what to do

You helped me learn to love myself
You made life seem so good
You said I can do anything I put my mind to
And suddenly I knew I could

There were times when we didn't see eye to eye
And there were days when both of us cried



www.burmeseclassic.com

www.burmeseclassic.com



But even so we made it through

Our friendship hasn't yet died

Circumstances have pulled us apart

We are separated by many miles

Truely, the only thing that keeps me going

Is my treasured memory of your smile



www.burmeseclassic.com

www.burmeseclassic.com



This friendship we share

Is so precious to me

I hope it grows and flourishes

And lasts unto infinity

You're so extra - special to me

And so this to you I really must tell:

You are my one true friend

My Guardian Angel

Our friendship is one - in - a million

So, Let's hold on to it and each other

www.burmeseclassic.com

www.burmeseclassic.com



**We cannot let this chance of pure bliss fly away**

**For there will never be another**

Ode to friend

by Elizabeth Pinard

'သူငယ်ချင်းသို့တမ်းချင်း' တဲ့

ကဗျာတွေစာတွေကို တစ်သက်လုံးစိတ်မဝင်စားဘူးတဲ့ကောင် အတွက် ဒီကဗျာလေးကို ခုမှတွေးမိတာ မဆန်းပါဘူး။ ဆန်းတာက ကျွန်တော့်ခံစားချက်နဲ့ ထပ်တူကျနေခဲ့တာပါပဲ။

ခုဆိုရင်. . .

မှုန် ဆေးရုံပေါ်မှာသတိမဲ့ပြီး အသက်ရှင်နေတာ တစ်နည်း အားဖြင့်ပြောရရင် ရှင်လျက်နဲ့ သေဆုံးသွားခဲ့တာ တစ်လကျော်ခဲ့ပါပြီ။

တစ်နေ့နေ့တော့ အပြီးတိုင်ခွဲခွာသွားမယ်ဆိုတာ သိနေရက်နဲ့ အဲဒီနေ့ကို မရောက်ဖို့ သူ့မိသားစုက ငွေကြေးပုံအောပြီး နေ့ရက်တွေကို ဆွဲဆန့်ပေးနေရှာတယ်။ မှုန် ပင်ပန်းလိုက်တာ။ မနေချင်မှတော့ ဖေး သွားလိုက်တာ ကောင်းတယ်ဆိုတဲ့အတွေးမျိုးနဲ့တော့မဟုတ်ဘူး။ တစ် ကျော့ပြန်ပြီး မှုန်ပြန်လာချင်ရင် ပြန်လာနိုင်တယ်ဆိုတဲ့ ရှုးကြောင်ကြောင် အတွေးမျိုးတော့ ကျွန်တော်တွေးနေမိတတ်တယ်။

ဘယ်တော့မှ နောက်တစ်ယောက်အစားမရနိုင်တဲ့သူဟာ မှုန် ပါ။ တစ်သန်းမှာတစ်ယောက်ပဲရှိနိုင်တဲ့ ခင်မင်မှုမျိုးဆိုတာလည်း ကျွန် တော့်အတွက် သေချာတယ်။ တကယ်တော့ မှုန်ဟာ ကျွန်တော့်ရဲ့ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်နတ်သမီးလေးပါပဲ။ ကျွန်တော့်အတွက်တော့ မှုန်ဟာ အစွန်းရောက်တဲ့ ရတနာတစ်ပါးလည်းဖြစ်တယ်။

မှုန် ဘယ်တော့ပြန်လာမှာလဲလို့ ကျွန်တော် မမေးချင်ပါဘူး။ မှုန် ဘယ်သွားမှာလဲဆိုတာပဲ ကျွန်တော်သိချင်တယ်။ အဲဒီနေရာကို ကျွန်တော်လိုက်သွားလို့ ရအောင်လေ။ သေချာတာက မှုန်သွားမယ့်နေရာဟာ အလင်းရောင်တွေ ကြည်လင်ရှင်းသန့်နေတဲ့ ကမ္ဘာလေးဖြစ်လိမ့်မယ်ဆိုတာပါပဲ။ ဘာလို့လဲဆိုတော့ ကျွန်တော့်သူငယ်ချင်းမလေး 'နွေဝတ်မှုန်' ဟာ နွေရောင်ကောင်းကင်လေးလို နွေးထွေးကြည်စင်ရှင်းသန့်နေတဲ့ အပြုံးရှင်လေးမို့ပါပဲ။

မှုန့်မျက်တောင်လေးတွေ ငြိမ်သက်နေတယ်။

ဘယ်အရာမှ မလှုပ်တော့ပေမယ့် နှလုံးခုန်သံကိုတော့ ဖျော့တော့စွာ ကြားနေရသေးတယ်။

အဲဒီနှလုံးခုန်သံဟာ ငါ့အတွက်တော့ ဆောက်တည်ရာမဲ့ ဂီတပါပဲ။ အဓိပ္ပာယ်မဲ့ နံနက်ခင်းများစွာကို ရဲရဲနဲ့အတူ ပြန်ဖြတ်သန်းခွင့်ရပေမယ့် ငါမပျော်ဘူး။

နင်သိလား မှုန်။

ကမ္ဘာပေါ်မှာ 'ဖြူစင်မှု' လောက် အားကောင်းတဲ့အရာ ဘာမှ မရှိသေးဘူးဆိုတာလေ။ ငါတို့တွေ ဘယ်လောက်ပဲ ဝေးကွာသွားသွား အဲဒီအားနဲ့ ငါတို့နီးနေကြဦးမှာပါ။

......................................................................

......................................................................

......................................................................



www.burmeseclassic.com

www.burmeseclassic.com



မြူစင်စွာ သံယောဇဉ်ရစ်နှောင်ခဲ့ဖူးကြတယ်ဆိုတာကတော့. .

..........................................................................................

..........................................................................................

..........................................................................................

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



Till the day we meet again

In my heart is where I'll keep you, friend

BURMESE CLASSIC

Give anything to hear half your breath

I know you are still living your life

After death

❖

www.burmeseclassic.com

www.burmeseclassic.com



On that moring

when this life is over

I know, I'll see your face ...

ဘဝတစ်ခုကုန်ဆုံးပြီး

နောက်တစ်နေ့မနက်ခင်းအသစ်စက်စက်မှာတော့

ကျွန်တော်

'မှုန်' ကို ပြန်တွေ့ခွင့်ရမှာ

သေချာပါတယ်။ ။

မနော်ဟာရီ

၂၈၊ ၈၊ ၂၀၀၇

www.burmeseclassic.com